www.burmeseclassic.com

အောင်မြင်စာပေ

# ဇဝက



## ကြော်..ပိန်းမ ကြော်..ပိန်းမ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း


အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊(ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
မေဝတာ
ကြော့..မိန်းမ ကြော့..မိန်းမ/မေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၀ - စာ၊ ၁၃.၅ × ၂၀ စင်တီ။
(၁) မေဝတာ





www.burmeseclassic.com







# အခန်း ( ၁ )

ကိုရီးယား ဇာတ်လမ်းတွဲတွေထဲက ကိုရီးယားမလေးတွေကို မင်းဦး အတော်သဘောကျ၏။ ဇာတ်လမ်းတွဲ ပြီးသွားတာတောင် ကြည့်ရတာ မဝသေး၊ အာသာမပြေသေးသဖြင့် ကိုရီးယားလုံးချင်းအခွေလေး ထပ်ကြည့်ဖို့ စိတ်ကူးမိသေးသည်။ သို့သော် . . နာရီက ည(၁၁)နာရီကို ညွှန်ပြနေပြီဖြစ်သလို မနက်လည်း အလုပ်သွားရဦးမည်မို့ စိတ်လျှော့ကာ . . မင်းဦး အိပ်ရာဝင်ခဲ့လေသည်။

အိပ်ရာထဲမှာ ကိုရီးယားမလေး စောင့်နေလျှင် . . ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်များ ကောင်းလိုက်မလဲဟုတွေးရင်း ခြင်ထောင်လှန်၍ ဝင်*လိုက်၏။ ထိုအခါ အမှန်တကယ်တွေ့လိုက်ရသည်က အွန်စောနှင့်* ဘာမှမဆိုင်သော သူ့မိန်းမ'ကျင်စိန်' သာဖြစ်သည်။ လက်တွေ့နှင့် စိတ်ကူးကမ္ဘာက တခြားစီမို့ မျှော်လင့်ချက်မဲ့သွားသော မင်းဦးမှာ တစ်ယောက်တည်းနှင့် ခုတင်ပြည့်အောင် အိပ်နေသော မကျင်စိန်အား စိတ်ပျက်လက်ပျက်နှင့် ကြည့်နေမိ၏။

တစ်နေကုန် အလုပ်တွေပင်ပန်းထားပုံရသော မိန်းမက ခြေပစ်လက်ပစ်နှင့် တခွီးခွီးတခေါခေါဟောက်ကာ အိပ်ပျော်နေသည်။ သူ့ဘက် ကျူးကျော်ရောက်ရှိနေသော လက်တစ်ဖက်ကို မကျင်စိန့်ရင်ဘတ်ပေါ် ပြန်တင်ပေးထားလိုက်၏။

ထိုအခါမှ အိပ်စရာနေရာရ၍ ဝင်လှဲရသည်။ ဒီတော့လည်း မီးရထားပေါ် အိပ်ရသူလိုဖြစ်နေ၏။ ဟောက်ချက်က ကမ်းကုန်နေ၏။ မင်းဦး နားပေါ်ခေါင်းအုံးတင် အိပ်ကြည့်သော်လည်း မရ. .။

အိပ်မရသည့်အဆုံး နဖူးပေါ်လက်တင်ကာ အတိတ်ကို ပြန်စဉ်းစားမိသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က. . သူ့မှာ ရည်းစားဆိုလို့ တစ်ယောက်မှမရှိခဲ့. .၊ ထိုအချိန်၌ အဖေက သူ့သူငယ်ချင်းတစ်ယောက်၏သမီးနှင့် ပေးစားဖို့ စီစဉ်ခဲ့သည်။ မိန်းမရမည်ဆိုတော့ အတွေ့အကြုံမရှိသော မင်းဦး ပျာပျာသလဲ ခေါင်းညိတ်ခဲ့သည်။

ဤသို့ဖြင့် တရုတ်သွေးနှောသော ကျင်စိန်ကို သူတို့ဇာတိ ပုသိမ်တွင် သွားရောက်လက်ထပ်ယူခဲ့ရသည်။ မြန်မာ့ဓလေ့အတိုင်း ဧည့်ခံပွဲလုပ်ခဲ့သော်လည်း နှစ်ဖက်မိသားစု ညစာစားပွဲကို တရုတ်ရိုးရာအတိုင်း ကျင်းပခဲ့သည်။





မင်္ဂလာပွဲလာသော တရုတ်ကြီးတွေကလည်း ကွိကြောင်,ကွ*ကြောင်နဲ့ စင်ပေါ်တက်ကာ ဟော်ဟစ်သီဆိုကြသေး၏။ ယူနန်မှ* တကူးတကမှာထားသည့် ပျောက်အိုးအတွဲလိုက်ဖေါက်၍ ဂုဏ်ပြုခဲ့သဖြင့် ရပ်ကွက်လူထုပင် အထိတ်တလန့်ဖြစ်ခဲ့ရသေးသည်။

သတို့သမီး ကျင်စိန်ကလည်း အနီရောင်ဝမ်းဆက် ဝတ်ကာ ဇါပဝါအနီဖြင့် မျက်နှာကိုအုပ်၍ ညစာစားပွဲသို့ တက်ရောက်လာသည်။ ပြင်ပြင်ဆင်ဆင်နှင့် လှနေသည့် ကျင်စိန်ကိုမြင်တော့. . သူ့ဆုံးဖြတ်ချက် မှန်သွားပြီဟုပင် မင်းဦး ထင်ခဲ့သည်။

နှစ်ဖက်မိဘများက ထုံးတမ်းစဉ်လာရှိသည်နှင့်အညီ ဆုံးမသြဝါဒ ချွေကြသည်။ ကောင်းကင်နှင့်မြေကြီးကို ကန်တော့သည်။ မိုးနတ်မင်းကြီးကိုလည်း ကန်တော့သည်။ သေသွားတဲ့ တရုတ်ဘိုးဘေးတွေလည်း ကန်တော့ရသေးသည်။

ပြီးတော့မှ နှစ်ဖက်မိဘတွေကို ဂါရဝပြုသည်။ လင်မယားအလောင်းအလျာ အချင်းချင်း ဦးညွှတ်အသိအမှတ်ပြုသည်။

သတို့သမီးကျင်စိန့်အဖေ ဦးကျင်ဝက်က. .

"မောင်မင်းဦး. . မင်းအဖေရဲ့ ရိုးသားတည်ကြည်တဲ့ ဂုဏ်သိက္ခာကို ဦးယုံကြည်တယ်၊ အဲဒီဂုဏ်ကို ဖအေတူသားအဖြစ်နဲ့ အမွေဆက်ခံပါ၊ ဦးရဲ့ တစ်ဦးတည်းသောသမီးလေးကို အကြင်နာမေတ္တာတွေနဲ့ ဘဝဆုံးတိုင် စောင့်ရှောက်ပေးပါ"

"စိတ်ချပါ ခင်ဗျာ"

မင်းဦးအဖေ ဦးဇာနည်ကလည်း ဆုံးမစကားအပြင် သတို့ပေးစကားပါ ချီးမြှင့်သည်။

"သား. . အဖေတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ တစ်လင်တစ်မယားစနစ်ကို လိုက်နာပါ၊ ဒိုးတူပေါင်ဘက် ရှာဖွေစုဆောင်းပြီး သေတပန်သက်တဆုံး ကြင်နာယုယစွာ ပေါင်းသင်းပါလို့ အဖေပြောချင်တယ်"

"အဖေ့မျက်နှာ မပျက်စေရဘူးလို့ သား ကတိပေးပါတယ်"

"သားရဲ့အားနည်းချက်က ဆန္ဒကို ရှေ့တန်းတင်လွန်းတာပဲ၊ တစ်ခါတစ်လေမှာ. . အဲဒီအပြုအမူက တစ်ကိုယ်ကောင်းဆန်ရာ ရောက်တယ်၊ အဖေ မရှိတော့ရင်တောင် သားတို့အိမ်ထောင်ရေးကို တမလွန်က စောင့်ကြည့်နေမှာနော်"

"စိတ်ချသွားပါ အဖေ. . . အဲ. . . စိတ်ချပါ အဖေရယ်"

အဲဒီတုန်းက ကျင်စိန်၏အဒေါ်နှင့် သူ့ခင်ပွန်းက တရုတ်ထုံးစံအတိုင်း ငှက်အဖိုအမ တစ်စုံကို လျှောင်အိမ်နှင့်တကွ လက်ဆောင်ပေးသည်။

မင်္ဂလာစကားတွေ ပြောလို့အပြီးမှာ မင်္ဂလာအရက်သောက်၍ မင်္ဂလာညစာ စားကြသည်။ သတို့သားကို ဆွေမျိုးတွေ တစ်ခွက်စီ ဝိုင်းတိုက်ကြသဖြင့် မင်းဦး ဒေါင်ချာစိုင်းမတတ် ဖြစ်ခဲ့သည်။ ဆွေမျိုးတစ်စု ဗိုက်ကားအောင် ဝိုင်းဖွဲ့စားသောက်ပြီးသည့်နောက် ယာယီပြင်ဆင်ထားသော မင်္ဂလာဦးအိပ်ခန်းအပ်ပွဲ ပြုလုပ်ပြန်သည်။

ထိုအချိန်တွင် မင်းဦးအဖေ ဦးဇာနည်က. . .

"သား. . သမီးကျင်စိန်ကို ဘယ်တော့မှ ကျွင်းမစိန်. . အဲ မှားလို့. . မကွာရှင်းပါဘူးလို့ ကတိပေးနိုင်သလား"

"ဟောင်လား. . ဟောင်လား. . အဖေ"

"ဘာလဲ. . ဟောင်လား"

"သိဘူးလေ၊ သူတို့အမျိုးတွေ တစ်ချိန်လုံး အဲ့လိုပဲအော်နေ





ကြလို့ ကျွန်တော်လဲယောင်သွားတာအဖေရဲ့၊ ဟုတ်ကဲ့အဖေ. . ကတိပေးပါတယ်"

"အေး. . အဲဒီကတိက ငါသေရင်လည်း ဖေါက်ဖျက်လို့မရဘူးနော်၊ မင်း. . မဟုတ်တရုတ် လုပ်လို့ကတော့ သရဲဘဝနဲ့ငါရောက်အောင်လာခဲ့မှာ"

မင်္ဂလာဦးညကို လက်တွေ့ဖြတ်သန်းလိုလှပြီဖြစ်သည့်မင်းဦး မူးမူးနှင့် ခေါင်းတွင်တွင်ညိတ်ခဲ့သည်။

ထို့နောက်မှာတော့ မင်္ဂလာမောင်နှံ မင်္ဂလာအိပ်ခန်းတွင်း ဝင်ခဲ့ကြတော့သည်။

မင်းဦး ခွင့်ရက်စေ့ချိန်တော့ ရန်ကုန်အိမ်သို့ပြန်သည်။

သျှောင်နောက်ဆံထုံးပါ မမွတာအတိုင်း ကျင်စိန်လည်း မင်းဦးနောက်သို့ လိုက်ခဲ့ရ၏။

မင်းဦးအဘွားဖြစ်သူ ဘွားယဉ်အေးက ကျင်စိန်အား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့သည်။ ဘွားယဉ်အေးက အိမ်ထောင်ထိန်းသိမ်းမှု တာဝန်အစုစုကို ကျင်စိန့်လက်သို့ လွှဲပြောင်းပေးလိုက်တော့၏။

မင်းဦးတို့က ရန်ကုန်မြောက်ဥက္ကလာမြို့နယ် ကျောက်ရေတွင်းရပ်ကွက်တွင် ခြံနှင့်ဝင်းနှင့်. . တစ်ထပ်တိုက်ပုလေးဖြင့် သီးသီးသန့်သန့် နေထိုင်ကြသူများ ဖြစ်သည်။

ရန်ကုန်ရောက်ပြီး တစ်ပတ်ဆယ်ရက်အတွင်း ကျင်စိန် ပုံပျက်သွားသည်။ အိမ်ရှင်မရာထူးကို တရားဝင်ရယူပြီးနောက်. . ကျင်စိန် ပြင်ပြင်ဆင်ဆင် မနေတော့၊ ခေါက်ရိုးကျိုးနေသည့် ရိုးရိုးအေးအေး ပုံစံပြန်ပေါ်လာသည်။ ဖိးဖိးလိမ်းလိမ်း မနေသဖြင့် လှလှ



www.burmeseclassic.com

www.burmeseclassic.com



ပပ မဖြစ်တော့. . ။

ဘီးဆံပတ် တစ်ပါတ်လျှိုထုံးထားသော ဆံပင်ပုံစံ၊ တောဆန်ဆန် အဝတ်အစားများနှင့် အိမ်အလုပ်တွေ အဆက်မပြတ် လုပ်နေသော မိန်းမကြီးတစ်ယောက်ပုံ ပေါက်လာသည်။

အဘွားနှင့်အဖေက အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာသော ချွေးမအား သဘောအကျကြီးကျနေသလောက် မင်းဦး စိတ်ပျက်စ ပြုလာသည်။ မင်းဦးက လုပ်ငန်းစုံ ကုမ္ပဏီအုပ်စုကြီးတစ်ခုမှ စီမံကိန်းမန်နေဂျာတစ်ယောက် ဖြစ်သည်။ ရာထူးအဆင့်အတန်းနှင့်လိုက်အောင် နေတတ်စားတတ်၊ ဝတ်ဆင်တတ်သော မင်းဦးနှင့် တခြားစီဖြစ်သွား၏။

မင်းဦး သူ့မိန်းမကိုမြင်တိုင်း မျက်မှောင်ကြုတ်ကာ မဲ့ရွဲ့သွားတတ်သည်။ အရပ်ထဲ သာရေးနာရေးရှိလို့ တွဲသွားတွဲလာလုပ်ရသည့်အခါမျိုးဆို သူတို့လင်မယားနှစ်ယောက်စတိုင်က ရွာမှကြီးတော်ကြီးအလည်လာ၍ ဘုရားဖူးလိုက်ပို့ရသလိုပုံစံမျိုး ဖြစ်နေ၏။

ကြာတော့ မင်းဦး သူ့မိန်းမနှင့်တွဲ၍ လမ်းမထွက်ချင်တော့။ သင့်တင့်လျောက်ပတ်သော လခရိက္ခာအပ်၊ ချက်ကျွေးတာစား၊ ညအတူအိပ်. . ဒီလောက်ပဲ ဆက်ဆံမှုရှိတော့သည်။

သို့သော်. . အဖေနှင့်အဘွားက လွတ်သဘောကျနေ၏။ သားကို ကျင်စိန့်လက်အပ်ခဲ့တာ စိတ်ချလက်ချ ဖြစ်သွားပုံရသော မင်းဦးအဖေမှာ ဦးနှောက်သွေးကြောပြတ်ကာ တမလွန်သို့ အဆောတလျင် ထွက်သွားခဲ့ရသည်။

အဖေဆုံးသွားတော့ မင်းဦး လွတ်လပ်ရေးရသွား၏။

ကုမ္ပဏီမှ အိမ်ပြန်ချိန် မမှန်တော့။ အလုပ်များသည်ဟု





အကြောင်းပြကာ အစောဆုံး ညရှစ်နာရီလောက်မှပဲ အိမ်ပြန်ဖြစ်တော့သည်။ ဘီလီယက်ထိုး၊ ကေတီဗွီသွား၊ မာစွတ်. . အဲ. . မာဆတ်သွား၊ ဘီယာသောက်နှင့် အပြင်မှာ အပျော်ရှာတတ်လာ၏။

အိမ်မှုကိစ္စလုပ်၊ အဘွားနှင့်စကားပြောရတာ နေ့စဉ်မို့လားမသိ၊ ကျင်စိန်က မွေးစုတ်ဖွားခွေး အဖြူရောင်ပေါက်စလေးတစ်ကောင် ဝယ်ကာ အပျင်းဖြေလာသည်။

သားသမီးရဖို့ အရိပ်အယောင်လည်း မပြသဖြင့် ခွေးပေါက်လေးကိုသာ သမီး. . သမီးနှင့် နှုတ်ဖျားကမချ ခေါ်သလို တပွေ့ပွေ့တပိုက်ပိုက်နှင့် သူမ၏အချိန်ပိုတွေကို အသုံးချတော့၏။

"ဝုတ်. . ဝုတ်. . ဝုတ်"

မင်းဦး အတိတ်ကာလသို့ ခရီးထွက်နေရာမှ. . မိန်းမရဲ့ဟောက်သံအပြင် ဟောင်သံကိုပါ ကြားလိုက်ရသည်။

ဟောင်သံကြောင့် ဟောက်သံပျောက်သွားကာ. . ကျင်စိန်နိုးလာလေမလား မျှော်လင့်မိသော်လည်း ဆန္ဒကမပြည့်။ လုံးဝအဟောက်မပျက်၊ အအိပ်မပျက်သဖြင့် သူကိုယ်တိုင်ပဲ ထလိုက်ရတော့သည်။ အိပ်ခန်းတံခါး ဖွင့်လိုက်သည်နှင့် ခွေးမလေးဖွေးဖွေး အထဲသို့ စွပ်ရွတ်တိုးဝင်လာ၏။

"ဟဲ့ခွေး. . ဟဲ့ခွေး. . ဖွေးဖွေး. . လာစမ်း. . လာစမ်း"

မင်းဦး ခွေးကိုလိုက်ဖမ်းကာ အပြင်သို့ ပွေ့ချီခေါ်သွား၏။ အိမ်အပြင်လှေကားတိုင်တွင် ကြိုးချီပြီး သောက်ရေခွက်နှင့် ခွေးစာပါချပေးကာ အိမ်ထဲပြန်ဝင်ခဲ့ရသည်။ ဖွေးဖွေး အသံဝင်လုမတတ်ဟောင်ရင်း ကျန်ခဲ့၏။

သူတို့အိပ်ခန်းနှင့် တံခါးနှစ်ထပ်လောက်ခြားသဖြင့် ဟောင်



www.burmeseclassic.com

www.burmeseclassic.com



သံက ဆူညံစွာမကြားရတော့။ မင်းဦး ခြင်ထောင်ထဲပြန်ဝင်ကာ အိပ်ဖို့ကြိုးစားသည်။ ဘယ်ညာစောင်း၊ ပက်လက်အိပ်နှင့် အနေအထား အမျိုးမျိုး ပြောင်းကြည့်သည်။ ထိုစဉ် မင်းဦးဗိုက်ပေါ်သို့ ကျင်စိန့်၏ ခြေတစ်ဖက် ရောက်လာလေရာ. .

"အင့်!. ."

ခြေတစ်ဖက်တည်းပင် ပေါင်ငါးဆယ်လောက် ရှိသလားမသိ၊ စိတ်တိုတိုနှင့် ကျင်စိန်၏ခြေထောက်ကို မ၍ တွန်းဖယ်လိုက်ရသည်။

ဒီညအတွက်တော့ မင်းဦးအတွက် အိပ်ဖို့ရန် လမ်းစမရှိတော့. . .။







# အခန်း ( ၂ )

ပန်းမဝေးရှိ မြို့ပတ်ရထားလမ်းဆီမှ ရထားတစ်စီး ခုတ်မောင်းသွားသံကြောင့် မင်းဦး အိပ်ရာမှ လန့်နိုးသွား၏။ ရုတ်တရက်တော့ မျက်လုံးဖွင့်လို့ မရသေးသဖြင့် ဆက်မှေးနေရသည်။ ထိုအခိုက် ညာဘက်ပါးတွင် စိုစွတ်နွေးထွေးသော ထိတွေ့မှုကို ခံစားလိုက်ရ၏။ ကျင်စိန် အနမ်းပွင့်ချွေကာ အိပ်ရာမှ နိူးသည်လားအတွေးနှင့် ကြည်နူးသလိုဖြစ်မိသည်။ မှေးထားသော မျက်စိတစ်ဖက် ဖွင့်ကြည့်လိုက်၏။

"အမလေး!. . ဘာကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ် မှိုးနေသည့် အမွှေးထူ သတ္တဝါတစ်ကောင်ကို တွေ့သဖြင့်. . မင်းဦး အလန့်တကြားအော်ဟစ်ကာ ထထိုင်လိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

"ဟာ. . ဒီကောင်မ ဖွေးဖွေး"

ဒီတော့မှ ဖွေးဖွေး သူ့ပါးကို လာလျက်မှန်း သိလိုက်ရသည်။

"ကျင်စိန် မင်းခွေးကို မင်းနိုင်အောင်ထိန်းရင် ကောင်းမယ်"

"ကိုဦးကလည်း သမီးက အလုပ်နောက်ကျမှာစိုးလို့ အကောင်းနဲ့ အိပ်ရာက နှိုးပေးတဲ့ဟာကို. . ၊ ကဲ. . ကဲ. . လာလာ. . ဖွေးဖွေး. . သမီး. . လာ"

မင်းဦး အိပ်ရာမှထကာ နာရီကြည့်တော့ ခုနစ်နာရီသို့ ညွှန်ပြနေပြီမို့ ရေချိုးခန်းသို့ တန်းဝင်ခဲ့သည်။ သူထွက်လာတော့ ကျင်စိန်က မျက်နှာသုတ်ပဝါနှင့် အသင့်စောင့်နေရင်း. . .

"အဝတ်အစားတွေ ကုတင်ပေါ်မှာ အဆင်သင့်ပဲနော်၊ ကျွန်မ မနက်စာ သွားပြင်လိုက်ဦးမယ်"

စောစောစီးစီး သနပ်ခါးလူး ပြင်ဆင်ထားတာတောင် ချွေးပျံနေပြီဖြစ်သော ကျင်စိန်ကိုကြည့်ရင်း ခေါင်းညိတ်ပြလိုက်ရသည်။

မီးပူကျ အဝတ်အစားတွေလဲအပြီး လက်ဆွဲအိတ်ဆွဲကာ ထမင်းစားခန်း ဝင်လာတော့ ကျင်စိန်ဒူးခပ်ပြင်ဆင်နေဆဲ. . ၊ သွက်သွက်လက်လက် လှုပ်ရှားမှုကြောင့် သူ့ကိုကျောပေးထားသည့် ကျင်စိန်၏ အသားစိုင်များ တုန်ခါနေသည်။ တကယ်တော့ ကျင်စိန်၏ ကိုယ်ခန္ဓာသည်လည်း တောင့်တင်းလှပ အချိုးကျပါသည်။ မဝတ်တတ် မစားတတ်၊ မပြင်မဆင်နှင့်မို့ အနားကပ်ချင်စရာ မကောင်း





သလို ဖြစ်နေခြင်းသာ. . ။

"တီတလီ. . တီတလီ"

ထိုစဉ် ဖုန်းမြည်လာ၍ ဖွင့်ပြီး နားထောင်လိုက်သည်။

MD က စောစောလာရန် ဖုန်းဆက်ခြင်းဖြစ်၏။

"ညက သမီးကို လှေကားမှာချည်ထားတာ ကိုဦးလား"

"ဟုတ်တယ် ကျင်စိန်၊ အခန်းထဲဝင်ချင်လို့ ဟောင်နေတာ နားညည်းလို့"

"သနားပါတယ် ကိုဦးရယ်၊ ပေးဝင်ခိုင်းလိုက်. . ပြီးရော"

"ကိုယ် ခွေးနံ့မခံနိုင်တာ. . မင်းသိရဲ့သားနဲ့"

"စောစောစီးစီး အိမ်နီးချင်းတွေက လာပြောနေကြတာ. . ခွေးဟောင်သံကြောင့် အိပ်မရကြဘူးတဲ့လေ"

"ဒါဆိုလည်း မင်းနဲ့ ဖွေးဖွေးနဲ့ပဲ အိပ်တော့. . ၊ ကိုယ်အပြင်ထွက်အိပ်တော့မယ်"

ကျင်စိန် မကျေနပ်သော်လည်း ဘာမှဆက်မပြောတော့၊ ဖွေးဖွေးကို ဝက်အူချောင်းအပိုင်းလေး ပစ်ချပေးရင်း. .

"တိရစ္ဆာန်တွေပဲ ကောင်းတယ်၊ ပေါ့တယ်လည်း မပြောဘူး၊ ငံတယ်လည်း မပြောဘူး"

"ဘယ်သူက ပြောနေလို့လဲ ကျင်စိန်"

ကျင်စိန် မျက်နှာမဲ့ရွဲ့သွားကာ. .

"အဘွားလေ. . အဘွားပေါ့၊ ရှင့်မှာ ဆီးချိုရှိလို့ အချိုမှုန့်အငံ လျှော့ချက်တာကို စားလို့မရဘူးတဲ့လေ၊ သူက လစ်ရင်လစ်သလို ဟင်းထဲဆားထည့်လိုက် အချိုမှုန့်ထည့်လိုက်နဲ့ စိတ်ညစ်ပါတယ် ကိုဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက် ဖယ်ထားပြီး မင်းတို့အတွက် ပုံမှန်ချက်လေ"

မင်းဦးမှာ ဆီးချိုရှိ၏။ အစားမဆင်ခြင်လျှင် သွေးချို၊ ဆီးချိုတက်လာ၏။ ထို့ကြောင့် ကျင်စိန်က ဂရုစိုက်ချက်ပြုတ်နေခြင်းဖြစ်သည်။ ငပိရည်မပါလျှင် မစားတတ်သောအဘွားက ဟင်းကို ခပ်လေးလေးမှ သဘောကျသည်။

"လိုချင်တဲ့သူရှိရင် ဖွေးဖွေးကို ပေးပစ်လိုက်ပါကွာ"

"မလုပ်ပါနဲ့ ကိုဦးရယ်၊ သမီးလေး သနားပါတယ်"

ကျင်စိန်လှမ်းပေးသော ဆီးချိုဆေးသောက်အပြီး အလုပ်သွားဖို့ ကားသော့ကောက်ယူကာ မင်းဦးထလိုက်လေတော့သည်။

ကုမ္ပဏီသို့ရောက်ပြီး အလုပ်စားပွဲထိုင်လိုက်သည်နှင့် MD ခေါ်သည်ဆို၍ မင်းဦး အခစားဝင်ရပြန်သည်။ စီမံကိန်းအသစ်အကြောင်း မင်းဦး၏ သုံးသပ်ချက်ကို MD သဘောကျသွားပြီး လာမည့်အစည်းအဝေးတွင် တင်ပြရန် ညွှန်ကြားလိုက်သည်။

မင်းဦး အလုပ်ရှုပ်နေချိန်တွင် သူတို့ရုံးခန်းအတွင်း၌ ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်ပေါ်လာလေ၏။ ဝန်ထမ်းအများစုမှာ ယောက်ျားသားတွေချည်းမို့ သူတို့မျက်ဝန်းထဲ လျှပ်စီးကြောင်းတွေလို ဝင်းလက်သွားကြသည်။ အကြောင်းရင်းက လွန်စွာမှလှပသော ကောင်မလေးတစ်ယောက် ရုံးခန်းအတွင်း ဝင်လာသောကြောင့် ဖြစ်သည်။

ဝင်လာကတည်းက မြင်မိသည့် ယောက်ျားးမှန်သမျှ. . အကြည့်လွှဲလို့မရအောင် ညို့ဓာတ်ပြင်းပြင်း ဆွဲငင်အားကောင်းကောင်းနှင့် လှလွန်းပိုနေခြင်းကြောင့်ပင်. . ။

ထိုကောင်မလေးက ရဲတင်းသွက်လက်သလို ကိုယ့်ကိုယ်





ကိုယ် ယုံကြည်မှုကလည်း အပြည့်နှင့်မို့ ကြည့်ရတာ ရင်ခုန်ချင်စရာကောင်းလွန်းနေသည်။

အားလုံး၏ မျက်ဝန်းအစုံမှာ သူမခန္ဓာကိုယ်ပေါ် ပျားအုံစွဲသလို ရှုစိတက်နေကြသည်။

"တဆိတ်လောက်ရှင် MD ရုံးခန်း ဘယ်မှာပါလဲ"

ရုံးခန်းထဲမှ ဝန်ထမ်းများအားလုံး ကျောင်းခန်းထဲ ဆရာမဝင်လာတာ တွေ့လိုက်ရသလို ပြိုင်တူထရပ်လိုက်ကြ၏။ ပြီးတော့ လိုက်ပို့ပေးရန် အပြိုင်ထွက်လာကြသည်။

ထိုစဉ် MD ရုံးခန်းတံခါးပွင့်သွားကာ MD ဦးတေဇာနှင့် မင်းဦးတို့ ထွက်လာသည်နှင့်ဆုံ၏။ ထူးခြားထင်ရှားသော အလှပိုင်ရှင် ကောင်မလေးကို မြင်လိုက်ရသော ဦးတေဇာမှာ ပါးစပ်ကြီး ပြဲသွားသလို မင်းဦးလက်ထဲမှ ဖိုင်တွေလည်း လွတ်ကျသွားတော့၏။

ဦးတေဇာအား ညို့အားပြင်းပြင်းနှင့် နှုတ်ဆက်လိုက်သည်။

"အန်ကယ် နေကောင်းတယ်နော်"

"ကောင်းပါ့ သမီးရယ် ကောင်းပ. . "

"သမီး ဒီနေ့စပြီး အလုပ်ဆင်းရမှာနော်"

အလုပ်ဆင်းမည်ဆိုသော မိန်းကလေးက. . . (၁၁)နာရီမှ ရောက်လာခြင်းဖြစ်သည်။ ဒါကို ဦးတေဇာက မသိသလိုပုံစံနှင့်. .

"အို. . ဟုတ်တာပေါ့. . ၊ ဪ. . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက မင်းဦးတဲ့. . . အန်ကယ်တို့ ရန်ကုန်ရုံးခွဲက စီမံကိန်းမန်နေဂျာပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

သူမက အပြုံးလေးနှင့်နှုတ်ဆက်ကာ ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာက လက်ထောက်စီမံကိန်းမှူးလေ မင်းဦးရဲ့ မင်းလက်အောက်မှာ အလုပ်လုပ်ရမှာ"

"ဟုတ်ကဲ့. ."

"ကဲ. . မင်းဦး Meeting အတွက်စလုပ်တော့. .၊ ကြည်ပြာက ဦးနဲ့ ရုံးခန်းထဲလိုက်ခဲ့. .၊ ရန်ကုန်ရုံးအကြောင်း နားလည်အောင် ရှင်းပြပေးမယ်"

ကြည်ပြာနှင့် MD ရုံးခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ မဒမ်တုဆော့ပြတိုက်မှ ဖယောင်းရုပ်ထုကဲ့သို့ မင်းဦး မလှုပ်မယှက်ငြိမ်သက်စွာ ရပ်နေမိသည်။ စိတ်ထဲကတော့. . .

လှလိုက်တာ ကြည်ပြာလေးရယ်. .၊ ကိုယ့် စိတ်ကူးထဲက နတ်သမီးလေးက မင်းလေးများလားကွာ၊ ခုမှ ဘာဖြစ်လို့ နောက်ကျပြီး ရောက်လာရတာလဲကွယ်. . .။

ခဏကြာတော့ ဦးတေဇာနှင့် ကြည်ပြာတို့ အခန်းထဲမှထွက်လာကြ၍. . အားလုံး၏အကြည့်က ကြည်ပြာ့ထံ ရောက်သွားတော့သည်။

"မင်းဦး ကြည်ပြာ့အတွက် အလုပ်စားပွဲ စီစဉ်ပေးလိုက်ပါ"

"ဟုတ်. . ဟုတ်ကဲ့"

မင်းဦးက သူ့စားပွဲနှင့် အနီးဆုံးစားပွဲမှ အငယ်တန်းစာရေး ခိုင်မင်းအား ဖယ်ခိုင်းကာ ပစ္စည်းတွေကို ရှင်းလင်းပစ်လိုက်၏။

"ကြည်ပြာ. . . ဒါ ကြည်ပြာ့နေရာပါ၊ အဆင်ပြေပါတယ်နော်. . ."

မျက်နှာလိုမျက်နှာရ မင်းဦး ပြောလိုက်၏။

"ပြေပါတယ် ကိုမင်းဦးရဲ့"





ပြောရင်း စွဲမက်ဖွယ်အပြုံးနှင့်အတူ ကြည်ပြာ ခေါင်းညိတ်ပြသည်။ ကြည်ပြာ့အကြည့်တွေက မင်းဦး အပေါ် စူးရဲစွာ ရောက်ရှိလာ၍ ရင်ခုန်နှုန်းတွေမြန်ကာ တစ်ကိုယ်လုံးအေးစက်သွားရသည်။

ထိုနေ့က သူတို့ရုံးခန်းထဲ ရမယ်ရှာကာ အပြင်ထွက်သူများလည်း ဘယ်သူမှမထွက်ကြတော့၊ အလုပ်လုပ်ချင်ယောင်ဆောင်ရင်း ကြည်ပြာ့အလှကိုသာ တဝကြီးရှုစားရင်း အခန်းအောင်းနေကြတော့၏။

ထိုကာလနောက်ပိုင်း မင်းဦး၏ တစ်နေ့တာ အချိန်ဇယားတွေ ပြောင်းသွားသည်။ မနက်လင်းသည်နှင့် အလုပ်သွားဖို့သာ တက်ကြွစွာ ပြင်ဆင်လာသည်။ ကျင်စိန် မနှိုးရသလို ဖွေးဖွေးလည်း တာဝန်ပေါ့သွား၏။

ဂရုတစိုက် ပြင်ဆင်ပေးသည့် ကျင်စိန့်ကိုမြင်တိုင်း ကြည်ပြာလေးနှင့် တခြားစီပါလားဟု တွေးမိသေးသည်။ ဖြစ်သလို ဝတ်စားပြီး အမြဲလိုချွေးပျံနေသော ကျင်စိန့်မျက်နှာပြောင်ကြီးနှင့် ပြီးပြီးရောထုံးထားသော ဘီးဆံထုံးစတိုင်က မင်းဦးကို ဘယ်လိုမှ ဖမ်းစားမထားနိုင်တော့။

ဝန်ထမ်းအများစုလည်း မင်းဦးကဲ့သို့ပင် လုပ်ငန်းခွင်ကို ခင်တွယ်လာကြပြီ။ ထိုအထဲမှာ မင်းဦးက အထူးအခွင့်အရေးရသူလို ဖြစ်နေ၏။ အထက်အောက်အရာရှိ ဖြစ်နေသည့်အပြင် စီမံကိန်းကို ပူးတွဲတာဝန်ယူထားရ၍ အမြဲထိတွေ့ ဆက်ဆံခွင့်ရနေသည်။

နေ့ခင်း ထမင်းစားချိန်တွင်လည်း ကုမ္ပဏီမှ ကင်(န်)တင်းတွင်ပင် မျက်နှာချင်းဆိုင် အတူစားဖြစ်လာကြသည်။ ကြည်ပြာက နှင့်လင်းရဲတင်းသလို ရန်ကုန်မှာ တိုက်ခန်းငှားပြီး တစ်ဦးတည်းလာ



www.burmeseclassic.com

www.burmeseclassic.com



နေသူဖြစ်သည်။

မိသားစုထဲတွင် အငယ်ဆုံးဖြစ်ပြီး ဘယ်သူ့ကိုမှ ထောက်ပံ့စရာမလိုသည့်အတွက် စိတ်ထင်သလို နေထိုင်သုံးစွဲနေသူလည်း ဖြစ်နေသည်။ အတူတွဲလုပ်တာ ကြာလာတော့ မင်းဦး ရှေ့တစ်ဆင့်တက် ရင်းနှီးလိုလာသည်။ ထိုအချိန်မျိုးတွင်မှ. .

"ကိုမင်းဦးက အိမ်ထောင်နဲ့ဆို. . "

"အင်း. . "

မျက်နှာမချိုမချဉ်နှင့် ခေါင်းညိတ်ပြရင်း. .

"ဒီလိုပါပဲ. . အဖေပေးစားခဲ့လို့သာ ယူခဲ့ရတာ. . နေစဉ်နဲ့ အမျှ ဒုက္ခတွေပါပဲ ကြည်ပြာရယ်"

"သားသမီးရော"

"ဒီမိန်းမနဲ့တော့ ကလေးယူဖို့ လုံးဝမစဉ်းစားဘူး ကြည်ပြာ၊ ကိုယ်တို့ကချစ်ကြိုက်ပြီး ယူခဲ့ကြတာမှမဟုတ်တာ. . "

"ဪ. . ကိုမင်းဦးတို့က ဒီလိုလား၊ မသိပါဘူး. . ကြည်ပြာကတော့ အိမ်ထောင်ရေးသာယာတယ်ပဲ အောင့်မေ့နေတာ"

မင်းဦးက အိမ်ထောင်ရေး အဆင်မပြေပုံကို ကြုံလျှင်ကြုံသလို ညည်းညူပြောဆိုလာတတ်သည်။ အသွင်မတူသလို Life Style ကလည်း ပြဒါးတစ်လမ်းသံတစ်လမ်း ဖြစ်နေပုံတွေကို. . နောင်တရသည့်ပုံစံနှင့် ပြောသည်။

နေ့ရှိသ၍ တပူးတွဲတွဲနှင့် အနီးကပ်နေထိုင်ခွင့်ရလေလေ ကြည်ပြာ့အပေါ် စွဲလန်းတပ်မက်မှု ဒီဂရီမြင့်လာလေလေ ဖြစ်ပြီး မင်းဦးတစ်ယောက် ရမ္မက်အကျဉ်းသား ဖြစ်မှန်းမသိ ဖြစ်လာတော့၏။





ဆန္ဒကိုမြိုသိပ်ခြင်း၌ မစွမ်းသာတော့သည့်အတွက် ရိပ်ဖမ်းသံဖမ်းစကားတွေ အစဖျိုးကာ သွေးတိုးစမ်းကြည့်သည်။ ကြည်ပြာလိုငြိမ်ပြည့်စုံသော အလှပိုင်ရှင်မိန်းကလေးကို ပိုင်ဆိုင်ခွင့်ရသည့်လူမှာ အာဂယောက်ျား မဟာကံထူးရှင်သာဖြစ်ကြောင်း၊ သူသာလူလွတ်ဖြစ်ပါက ကြည်ပြာ့အား ချစ်ရေးဆိုမိမှာဖြစ်ကြောင်း ပွားလေ၏။

နေ့တိုင်းပွားတော့ ကြည်ပြာလည်း စိတ်ကစားလာပုံရသည်။ မင်းဦးကလည်း လူပျိုရုပ်အောင်ဝတ်စားကာ ရုံးတက်သည်။

ထိုသို့ အုံ့ပုန်းကာလ သုံးလသက်တမ်းအရောက်တွင် လူသုံးယောက်၏ ဘဝတွေကို ကိုင်လှုပ်မည့် ကံကြမ္မာ အချိုးအကွေ့တစ်ခု ပေါ်ပေါက်လာလေတော့၏။ ရုံးဆင်းကာနီးတွင်. . ကြည်ပြာ ဗိုက်အောင့်သည်ဟု မင်းဦးအား အားကိုးတကြီး ပြောလာသည်။

ဝေဒနာခံစားရသူထက် မင်းဦး ပိုမိုစိုးရိမ်သွားကာ ကြည်ပြာအား သူ့ကားနှင့် ဆေးခန်းသို့ပို့ပေး၏။ ရောဂါက မပြင်းသော်လည်း မခံစားနိုင်သည့် ကြည်ပြာက အော်ဟစ်ညည်းညူနေရှာသည်။ ကြည်ပြာ့ဝေဒနာတွေ လွှဲပြောင်းယူကာ ကိုယ်သာအနာခံလိုစိတ်တွေ . . မင်းဦးစိတ်နှလုံးမှာ တဖွားဖွားဖြစ်တည်လာသည်။

ဆေးထိုးဆေးသောက်လုပ်ပြီး နာရီဝက်နီးပါး စောင့်ကြည့်ပြီးမှ စိတ်ချရပြီဟု ဆရာဝန်ကပြော၍ ကြည်ပြာ့အား မင်းဦး အိမ်ပြန်ပို့ပေးခဲ့သည်။

သူမအခန်းရောက်တော့. . တစ်ယောက်တည်းနေသော ကြည်ပြာ့အား စိတ်မချ၍ ပူပန်ကြီးစွာနှင့် မင်းဦးစောင့်ကြည့်ပေးနေမိသည်။

ကုတင်ပေါ် မှေးစက်အနားယူနေသည့် ကြည်ပြာ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မင်းဦး စိတ်တွေမရိုးမရွဖြစ်နေလေ၏။ အနာသက်သာအောင် အကိုက်အခဲပျောက်ဆေးအပြင် အိပ်ဆေးပါ ထိုးပေးလိုက်၍ ကြည်ပြာ အိပ်ပျော်သွား၏။

မင်းဦး ဒီည ဒီမှာပဲ အိပ်တော့မည်ဟု ဆုံးဖြတ်ကာ. . . ကျွင်စိန့်ကို အိုဗာတိုင် ဆင်းရမည်. . ရုံးမှာပဲ အိပ်တော့မည် ပြန်မလာတော့ဟု ဖုန်းဆက်လိုက်၏။

ညဦးပိုင်း ကိုးနာရီလောက်မှာ ကြည်ပြာ ဗိုက်နာတယ်၊ ချမ်းတယ်နှင့် အော်ဟစ်ညည်းညူလာသည်။

မင်းဦး စိုးရိမ်စွာနှင့် ဗိုက်ကိုနှိပ်ပေး၏။ ကြည်ပြာ ကယောင်ကတန်းဖြစ်ပြီး ညည်းညူကာ ပြန်အိပ်သွားသည်။

ခဏနေတော့. . ချမ်းတယ်ဟု ဆိုလာပြန်သည်။ ဝမ်းဗိုက်သား နူးနူးညံ့ညံ့ကို နှိပ်နယ်ပေးရင်း မင်းဦး ဆင်ခြင်တုံးတရားတွေ ကောင်းကင်တက်ဆောင့်သွားကာ ကြည်ပြာ့အား တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်တော့သည်။

ကြည်ပြာကလည်း အလိုက်သင့်လေး ပြန်ဖက်လာသည်။ ထို့နောက်တွင်တော့ နှစ်ယောက်သား အချစ်စည်းကိုကျော်ဖြတ်ကာ နယ်ကျွံသွားကြ၏။

တစ်ခနတာ အမောတွေဖြေအပြီး. .

"အဟင့်. . အဟင့်. . ကိုဦး ဘယ်လိုလုပ်ကြမလဲ. ."

မင်းဦးက ကြည်ပြာ့အား ရင်ခွင်ထဲဆွဲသွင်းကာ နမ်းရှိုက်ချော့မြူရင်း သူ့ကို အချိန်နည်းနည်းပေးစေလိုကြောင်း၊ အိမ်က တောသူမကြီးကို ကွာရှင်းပြီး ကြည်ပြာ့ကို လက်ထပ်မည်ဖြစ်ကြောင်း ကတိတွေပေးသည်။





"ကိုဦး တကယ်ပြောတာလားဟင်"

"တကယ်ပါ ကြည်ပြာရယ်၊ ကိုဦး တိတ်တခိုးစွဲလန်းခဲ့ရတဲ့ ကြည်ပြာလေးကို တရားဝင်ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမှာပါ"

"ဪ. . ကိုဦးရယ်. ."

ထို့နောက်မှာတော့ ဗိုက်နာပျောက်သွားသော ကြည်ပြာအား မင်းဦးက အတိုးချပြုစုနှိပ်နယ်ကာ ယုယပေးနေ၏။

အဲဒီအတွက် မင်းဦး နောင်တရနေမှာ မဟုတ်တာတော့ လုံးဝကို သေချာသွားခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃ )

ခြံဝရောက်သည်နှင့် ကားစက်သပ်ကာ ခြံတံခါးအသံမမြည်အောင် မင်းဦး ဖွင့်လိုက်သည်။ ဧည့်ခန်းမီးမှလွဲ၍ တစ်အိမ်လုံး မှောင် နေပြီလည်းဖြစ်သည်။ ကားကို အိမ်ရှေ့ဆင်ဝင်အောက်အထိ လှိမ့်ခဲ့ပြီး ခြံတံခါးပြန်ပိတ်ရပြန်သည်။ ခြံတံခါးပိတ်ရင်းနှင့်ပင် ကြည်ပြာနှင့် ချစ်ရည်လူးခဲ့တဲ့ရက်တွေကို မင်းဦးပြန်သတိရသွားကာ ပီတိတွေဖြစ်မိသည်။

ကြည်ပြာရဲ့ ကိုယ်သင်းနံ့လေးကို နှာခေါင်းထဲရှိုက်သွင်း





လိုက်ချိန်တွင် အိမ်ကမိန်းမကို ကွာရှင်းပေးမယ်ဆိုသော စကားလေး ကို ပြန်အမှတ်ရသွားပြီး သက်ပြင်းမောကိုသာ ချလိုက်မိ၏။

"ဟူး. ."

ဘာအပြစ်မှမရှိသည့် မိန်းမကို ဘယ်လိုခေါင်းစဉ်တပ် စွပ်စွဲပြီး ကွာရှင်းရမှန်းမသိဖြစ်နေသည်။

ကြည်ပြာက ထိုကိစ္စကို အချိန်သိပ်မဆွဲရန် သတိပေးပြီး ကိုယ်သင်းနံ့ အလွမ်းပြေအဖြစ် သူမ၏လျှော်ပြီးသား အတွင်းခံဘောင်းဘီလေးကို လက်ဆောင်အဖြစ် ထည့်ပေးလိုက်သေးသည်။ ဘောင်းဘီအိတ်ထဲမှ ထိုအတွင်းခံအနီရောင်လေးကို ထုတ်ယူကာ မင်းဦး နမ်းရှိုက်ကြည့်သည်။

"အားပါး. . တကယ့်ကြည်ပြာ့အနံ့ သင်းသင်းလေးပါလား"

အလွတ်ရနေပြီဖြစ်သော ကိုယ်သင်းနံ့ကြောင့် ကြည်ပြာ ကိုယ်တိုင်အိမ်အထိ လိုက်ပါလာသလို ခံစားနေမိသည်။

ခြံတံခါးကလည်း ပိတ်ပြီးပြီမို့ အတွင်းခံလေးကို ပြန်ထည့်ပြီး ကားထဲမှ ကျင်စိန်မှာထားသော လာရှိုးခုနစ်လွှာပေါက်ဆီထုပ်ကို ယူကာ. . အလှည့်တွင်. .

"အား!. . အောင်မလေးဗျာ ဘာကြီးလဲ"

"ဒါ ဘယ်အချိန်ရှိနေပြီလဲ ကိုဦး"

သေချာကြည့်မှ သူ့မိန်းမ ကျင်စိန်ဖြစ်နေသည်။

"အမလေး. . လန့်လိုက်တာ ကျင်စိန်ရယ်၊ ဟင်. . ကျင်စိန် မင်းမျက်နှာက ဘာဖြစ်နေတာလဲ ဖြူဖွေးနေပါလား"

"ပေါင်းတင်ထားတာလေ. ."

မျက်လုံးနှင့်ပါးစပ်ပေါက်သာ တွေ့ရပြီး မျက်နှာတစ်ပြင်လုံး



www.burmeseclassic.com

www.burmeseclassic.com



မွှေးနေသောမိန်းမကြောင့် မင်းဦး လန့်သွားခြင်းဖြစ်သည်။

"ဒါနဲ့နေစမ်းပါအုံး. . ရှင်ဘာလို့ မိုးချုပ်မှ အိမ်ပြန်လာလာနေတာလဲ၊ နောက်ကျမယ်ဆိုလည်း ကျွန်မဆီဖုန်းမဆက်ဘူး"

ထိုစဉ်မှာပင် ကျင်စိန်က နှာခေါင်း ပွစိပွစိလုပ်ရင်း. .

"ဟင်. . ဘာနံ့လဲ၊ ရေမွှေးနံ့. . ဒါမိန်းမရေမွှေး၊ မိတ်ကပ်နံ့လည်း ရတယ်၊ ရှင့်. . ရှင့်ကိုယ်က. . "

မင်းဦး ဆံပင်ထောင်ထအောင် လန့်သွားသည်။ ကြည်ပြာ့အနံ့အသက်တွေက သူ့ကိုယ်မှာ စွဲငြိကပ်ပါလာနေပြီ။

"ဒီမှာ. . "

အနံ့ခံနေသော ကျင်စိန့်နှာခေါင်းနား ပေါက်ဆီထုပ်ကိုကပ်ပေးလိုက်၏။

"ဟဲဟဲ. . မင်း ငါ့ကိုဝယ်ခိုင်းလိုက်တဲ့ ပေါက်ဆီအနံ့လေ"

ကျင်စိန်က ရိုးရိုးအေးအေးကြီးမို့ မင်းဦး နှစ်ပေါက်တစ်ပေါက်ရိုက်ကာ ဂျင်းထည့်လိုက်၏။ ကျင်စိန် ပေါက်ဆီထုပ်ကိုကိုင်ကာ နမ်းကြည့်နေသေး၏။

အနံ့က တခြားစီမို့ သူ့ဆီလှမ်းကြည့်ချိန်တွင် မင်းဦး ကျင်စိန့်အနားမှ လစ်ထွက်လာလိုက်သည်။ ကျင်စိန်က မယုံသလိုလိုက်ကြည့်နေ၏။ အိမ်ပေါက်ဝအရောက်. .

"တီတလီ. . တီတလီ. . "

ဖုန်းမြည်လာသဖြင့် မင်းဦးခြေလှမ်းတွေ တုန့်ခနဲဖြစ်သွားရသည်။ ဟန်မပျက် ဘောင်းဘီအိတ်ထဲမှဖုန်းကိုဆွဲထုတ်ပြီး. . နားနားကပ်မည်အလုပ်. .

"ဟာ!. . ဒုက္ခပါပဲ. . "





ပါလာတာက ဖုန်းမဟုတ်ဘဲ ကြည်ပြာရဲ့ အတွင်းခံအနီလေး ဖြစ်နေသဖြင့် လန့်ဖျပ်ကာ အမြန်ပြန်ထည့်လိုက်ရသည်။ ကျင်စိန်က သူ့နောက်မှာမို့ မမြင်လိုက်၍ တော်သေးသည်။

ဖုန်းကို အသည်းအသန်နှိုက်ထုတ်အပြီး မင်းဦးချွေးပြန်သွား၏။ ကျင်စိန်ကတော့ သူ့အနားတိုးကပ်လာနေချေပြီ။ ဖုန်းနံပါတ်ကြည့်တော့ ကြည်ပြာ့ဆီမှဖြစ်နေ၍ ဖုန်းပိတ်လိုက်ရသည်။

"ဘယ်သူလဲ. . "

"သူငွေးပါကွာ. . ဘာပြောအုံးမလို့လဲမသိဘူး၊ ပြီးတော့မှ ပြန်ဆက်လိုက်မယ်"

အိမ်ထဲရောက်သည်နှင့် မင်းဦးလည်း ဘောင်းဘီအိတ်ထဲမှ ကြည်ပြာ့အတွင်းခံလေးကို အမြန်ထုတ်၍ လက်ဆွဲအိတ်ထဲထည့်ကာ အဝတ်အစားများကိုချွတ်ပြီး အဝတ်ခြင်းထဲ ပစ်ထည့်လိုက်ရ၏။ သူ့ကိုယ်မှာ စွဲနေသည့် ကြည်ပြာရဲ့ မွှေးရနံ့များ ပျောက်သွားအောင် ရေချိုး၍ ဖျောက်ဖျက်ပစ်ရသည်။

ရေချိုးပြီးပြန်ထွက်လာတော့ မိန်းမက နဂိုမျက်နှာနှင့် ပေါက်ဆီစားနေပြီဖြစ်သည်။ မင်းဦး မသိချင်ယောင်ဆောင်ကာ တဘက်နှင့် ရေသုတ်နေလိုက်၏။

"ရှင် ခုတလော ဘာဖြစ်လို့ ဒီလောက် အိမ်ပြန်နောက်ကျနေတာလဲ"

"ညဝတ်ဖို့ အကျီပေးပါဦးမိန်းမရာ. . အလုပ်ထဲပင်ပန်းရတာကတမျိုး. . မင်းကတမျိုး. . "

ကျင်စိန် ဆောင့်အောင့်ပြီး ဗီရိုဖွင့်ကာ အဝတ်အစားတစ်စုံထုတ်ပေးလိုက်သည်။ မင်းဦး အကျီလဲနေစဉ်မှာပင်. .

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ကျွန်မမေးတာဖြေအုံးနော်"

"အလုပ်တွေ အရမ်းများနေတယ် မိန်းမ၊ ပြီးတော့ အစည်းအဝေးကလည်းနေ့တိုင်းပဲ"

"ရှင်တို့ရုံးက အစည်းဝေးကို ညဥ့်နက်တဲ့အထိ လုပ်ကြသလား"

"မင်းကလည်း မယုံသင်္ကာနဲ့. . "

ရုပ်တည်ကြီးနှင့် ကျင်စိန့်ကို ပြန်ဖြလိုက်၏။

"သူဌေးကခေါ်မှတော့ ငါက ငြင်းလို့ကောင်းမလားကျင်စိန်ရဲ့၊ သူဌေးက ကိုဦးကို လိုလေသေးမရှိ ပြုစုပါတယ်"

မင်းဦး မျက်လုံးထဲတွင် ကြည်ပြာနှင့် ချစ်ခန်းဖွင့်ခဲ့ပုံများကို ပြန်မြင်ယောင်ကာ ပြောနေခြင်းဖြစ်၏။

"နောက်ဆုံးသူဌေးလည်း ပင်ပန်းတယ်၊ ကိုဦးလည်း အရမ်းပင်ပန်းသွားတယ်၊ အဲဒီအခန်းမှာ. . အဲ. . အစည်းအဝေးခန်းထဲမှာ ရေခဲရေပဲ သောက်ဖို့ရှိတယ်လေ၊

သူဌေးက အားရတဲ့ပုံ မပေါ်သေးဘူး၊ အစည်းအဝေးကို နောက်တစ်ခါပြန်စချင်တယ်တဲ့. . ၊ ကိုဦးလည်း ရေသောက်ပြီးနွဲ့. . အဲ. . ပြန်ထိုင်ရတော့တာပေါ့"

ကျင်စိန်ကတော့ မင်းဦးရဲ့ အစည်းအဝေးအကြောင်းကို စိတ်ဝင်တစား နားထောင်နေလေ၏။

"နောက်တခါကျတော့ ကိုဦးလည်း ဖလက်ပြသွားတယ်၊ အိမ်ကိုရောက်အောင် မနည်းကားမောင်းပြီး ပြန်လာရတာ. . "

"ဪ. . ကိုဦးရယ် သူဌေးက လုပ်ခိုင်းမှတော့ လုပ်ပေးရမှာပေါ့"





ကျင်စိန်ကပါ ဝင်ထောက်ခံနေ၍ မင်းဦးပြုံးလိုက်မိတော့သည်။ ထမင်းစားပြီး ဖုန်းဖွင့်လိုက်သည်နှင့်. .

"တီတလီ. . တီတလီ"

"ဟဲ့!. . သောက်ပလုပ်တုတ်. . "

ကြည့်လိုက်တော့ ကြည်ပြာ့ထံမှ ဖြစ်နေ၍ ခေါင်းကြီးသွားရလေသည်။ အသံကို တတ်နိုင်သလောက် ဩဩလုပ်ကာပြောလိုက်၏။

"ဟယ်လို"

"ကိုဦး စောစောက ဘာလို့ဖုန်းပိတ်လိုက်တာလဲ"

ကျင်စိန် သူ့ကိုလှမ်းကြည့်နေ၍. .

"အယ်. . ဪ. . သူဌေးလား. . "

"ကိုဦး ဘာလို့ နှုတ်မဆက်ဘဲ ပြန်သွားရတာလဲ၊ စိတ်ဆိုးတယ် သိလား. . ပြီးတော့ မနက်ဖြန် ကြည်ပြာ့မွေးနေ့ဆိုတာလဲ မမေ့နဲ့ဦးနော်"

"ခင်ဗျာ!. . ဟုတ်. . ဟုတ်ကဲ့ပါ သူဌေး"

မိန်းမ အနားကပ်ပြီး နားစွင့်နေမှန်းသိ၍ မင်းဦး စကားမမှားအောင် ပြောရသည်။

"သူဌေး အခု တအားနောက်ကျနေပြီလေ၊ ကျွန်တော်လာလို့ မရတော့ဘူး"

"ဟင်းဟင်း ဘာတွေပြောနေတာလဲ ကိုဦးရဲ့၊ မဟုတ်မှလွဲရော ရှင့်မယား အနားမှာရှိနေလို့လား"

မင်းဦး အကြံအိုက်သွားခိုက်. .

"ဟုတ်တယ်. . သူဌေး၊ သူဌေးပြောတာမှန်တယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အဲဒါပြောမလို့. . ၊ မနက်ဖြန်ရုံးဆင်းတော့မှပဲ သူဌေးရုံးခန်းတို ကျွန်တော်လာခဲ့ပါ့မယ်"

ပြောအပြီး မင်းဦး ဂလုခနဲမြည်အောင် တံတွေးမျိုချလိုက်ရသည်။ မင်းဦး ဖုန်းပိတ်လိုက်ပြီး ကျင်စိန်ရိပ်မိသွားမှာစိုး၍. .

"ဟူး. . ခက်တယ်ကွာ သူဌေးက မနက်ဖြန်ကျရင် အစည်းအဝေး ထပ်လုပ်အုံးမယ်တဲ့. . ပင်ပန်းအုံးတော့မှာပဲ. . "

မင်းဦးက မရှင်းမရှင်းပြောရင်း ကုတင်ပေါ်တက်၍ ခွေလိုက်တော့သည်။ ကျင်စိန် သူ့ယောကျ်ားအား သနားသလိုလို နားမလည်နိုင်သလိုလို ကြည့်ရင်း လက်ကျန်ပေါက်ဆီကိုသာ ကောက်လှုပြီး ပါးစပ်ထဲ ထိုးသွင်းလိုက်လေတော့၏။







# အခန်း ( ၄ )

မနက်စောစောစီးစီး အဘွားက ဂေါ်ပြားနှင့်တံမြက်စည်းကြမ်း ကိုင်ကာ အိမ်ရှေ့မှာ တကုတ်ကုတ် အလုပ်ရှုပ်နေရင်း ဗျစ်တောက်ဗျစ်တောက်ပြောနေ၏။

"ခွေးအစုတ်ပလုတ် မနက်တိုင်း အိမ်ရှေ့တည့်တည့်မှာပဲ ချီးလာလာပါတယ်၊ ဒါကိုကျုံးနေရတာကိုက အလုပ်တစ်လုပ်. . ဖွံ့နံ့လိုက်တာ"

အဘွားက ခွေးချေးတွေ လွှင့်ပစ်ပြီး အိမ်ထဲပြန်အဝင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးကို ပွေ့ချီလာသော မင်းဦးနှင့်ဆုံပြီး မကျေမနပ်နှင့်ခွေးရော လူပါ ရော၍ မျက်စောင်းထိုးလိုက်၏။ ကျင်စိန်လည်း ကော်ဖီဖျော် နေရာမှ လှမ်းမြင်သွားပြီး. .

"စောစောစီးစီး ဘယ်သွားမလို့လဲ ကိုဦး"

"ညက သူဌေးဖုန်းဆက်ထားတယ်လေ. . ၊ အစည်းအဝေး အစည်းအဝေး. . "

"ရှင့်လက်ထဲကဖွေးဖွေးက ဘာလုပ်မလို့လဲ"

"သူဌေးက သူ့အိမ်မှာ ခွေးမရှိဘူးတဲ့. . ၊ ခွေးတစ်ကောင် လိုချင်တယ်ဆိုလို့ ဒီကောင်မကို ပေးလိုက်တော့မယ်"

အဘွားကလည်း သဘောကျသွားကာ. .

"ပေးလိုက်စမ်းပါအေ၊ ငါ့မှာ ခွေးချေးကြုံးရတာ နေ့တိုင်းဆို တော့ ပင်ပန်းတယ်၊ အိမ်နီးချင်းတွေကလည်း နားညည်းတယ်လို့ ခဏခဏ လာပြောနေတာမို့လား"

အဘွားကပါ ဝင်ပြောနေကြသဖြင့် ကျင်စိန် စိတ်ညစ်သွား သည်။ သို့သော် လင်နှင့်အမျိုးတွေ မငြိုငြင်စေလိုသဖြင့်. . .

"အင်း. . ဒါလည်းကောင်းပါတယ် သူဌေးအိမ်မှာနေတော့ သမီးလေး ကောင်းကောင်းစားရမှာပေါ့"

"စိတ်ချ ဖွေးဖွေး ကောင်းကောင်းနေ ကောင်းကောင်းစားရ မှာ မပူနဲ့"

မင်းဦး အပိုင်ပြောကာ အပြင်ထွက်ဖို့ ဟန်ပြင်သည်။

ကျင်စိန်က. .

"ခဏလေး. . ခဏလေးစောင့် ကိုဦး ကျွန်မလည်း လိုက်ခဲ့ မလို့"





"ဟမ်. . မင်းက ဘာလိုက်လုပ်အုံးမလို့တုန်း. . "

"ကျွန်မ ဘုံကျောင်းမှာ ဆုတောင်းချင်လို့"

"ဘာအတွက်လဲ"

"သမီးလေးအတွက်ပေါ့၊ သူ့ကို သူများဆီမပေးခင် ကွမ်ရင် မယ်တော်ဆီမှာ ဆုတောင်းပေးလိုက်ချင်လို့ပါ"

"ဟာကွာ အဲဒီကိစ္စ မင်းဟာမင်း တစ်ယောက်တည်းသွားပါ လား၊ ဟိုမှာ အစည်းအဝေးစတော့မှာ. . "

"မရဘူး ကျွန်မကို အရင်ဝင်ပို့ပေး. . "

ကျင်စိန်က သူ့ထုံးစံအတိုင်း အော်ကြီးဟစ်ကျယ် ပြောဆို တာ. .

"ကျွန်မ ထွက်လာတဲ့အထိ အဲဒီနေရာမှာ ရှင်စောင့်နေ ဒါပဲ"

မိန်းမ အခန်းထဲဝင်သွားတော့ မင်းဦး နာရီကြည့်ရင်း စိတ် ပျက်လက်ပျက်ဖြစ်သွားသည်။ ဖွေးဖွေးအား ပွတ်သပ်ပေးရင်း. .

"အင်း. . သမီး မင်း ဒီနေ့ သခင်အသစ်နဲ့ တွေ့ရမယ် သိ လား၊ သူက သိပ်လှပြီး သိပ်ကိုဆွဲဆောင်မှုရှိတဲ့သူတစ်ယောက်ပေါ့ အဟီး. . . "

သူ့နောက်ရပ်နေသော အဘွားက. .

"မင်း ဘယ်သူ့ဆီသွားမလို့လဲ. . ၊ သူကလှပြီး ဆွဲဆောင်မှု ရှိတယ်ဆိုတော့ ဧကန္တ မိန်းကလေးတစ်ယောက်ပဲ ဖြစ်ရမယ် ဟုတ် လား ငါ့မြေး"

"ဟာ. . အဘွားကလည်း ဘာတွေပြောနေတာလဲ၊ ဘိုးတိုး ပျော. . မိန်းမ အထင်လွဲနေဦးပါမယ်. . သူဌေးရဲ့ သမီးတွေကိုပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

ကျင်စိန် ပြင်ဆင်ပြီးထွက်လာတော့ ဘာမှမထူးခြား၊ အရင်အတိုင်းသာ။ မိန်းမမမြင်အောင် မင်းဦး မဲ့ရွဲ့ရင်း နာမည်ကအစ မယဉ်သာအောင် တောကျသည့် ကျင်စိန်ပါလားဟုပင် တွေးမိ၏။

ရှေ့ခန်းမှာ အတူဝင်ထိုင်ရင်း ဖွေးဖွေးကိုပွေ့ထား၏။

"ဘယ်သွားမှာလဲ မိန်းမ"

"လသာက ဘုံကျောင်း"

"ဟင်!. ."

"မောင်းပါ မြန်မြန်လေး၊ ပြန်လာမှ ချက်ရပြုတ်ရမှာ"

မိန်းမအတွက် အချိန်တွေအများကြီးပေးရမှာမို့ မင်းဦး စိတ်လေသွား၏။ ဒီလောက်မှ လုပ်မပေးလျှင်လည်း ပြောစရာဖြစ်နေမှာမို့ ကြည်ပြာ စိတ်မကောက်ပါစေနှင့်ဟုသာ ဆုတောင်းရင်း လီဗာကို ဖိနင်းလိုက်တော့၏။

မင်းဦး မွန်ထွန်နေသော အမွေးတိုင်နံ့ကို အသက်အောင့်ရှူရှိုက်ရင်း စိတ်မရှည်စွာ စောင့်ဆိုင်းနေ၏။ ကျင်စိန်က ဆုတောင်းရင်း အမွှေးတိုင်များနှင့် ဖွေးဖွေးခေါင်းကို သုံးကြိမ်ဦးတိုက်လိုက်သေးသည်။ ထိုမျှနှင့်မပြီးသေး၊ အန်းကုန်းကြီးရှေ့မှာတစ်ခါ၊ ကွမ်ရင်မယ်တော်ရုပ်တုရှေ့မှာတစ်ခါ ဆုတောင်းပြန်သည်။ မင်းဦး နာရီ တကြည့်ကြည့် ခေါင်းတကုတ်ကုတ် ဖြစ်နေလေပြီ။

ကားမောင်းချိန်မပါ ဘုံကျောင်းမှာတင် နာရီဝက်ကြာသည်။ အားရပါးရ ဆုမွန်ချွေပြီးမှ ဖွေးဖွေးခေါင်းကိုပွတ်ကာ. .

"ကဲ. . သမီးလေး သခင်ဟောင်းကို စွန့်ပြီး သခင်သစ်ဆီ လိုက်သွားတော့နော်၊ ဟိုမှာက သူဌေးအိမ်ဆိုတော့ သမီး ကောင်းနေရမှာပါ"





"ကျင်စိန်. . ဒီလောက်ဆိုကျေနပ်တော့နော်၊ သူဌေး စောင့်နေရတာကြာလို့ ဒေါ်ပွနေဦးမယ်၊ တက္ကစီငှါးပြီး ပြန်လိုက်တော့နော်၊ လာ. . လာ. . ဖွေးဖွေးရေ သွားကြစို့"

ဖွေးဖွေးကို ဆွဲခနဲကောက်ချီကာ မင်းဦး သုတ်ခြေတင်ထွက်လာခဲ့၏။ ကျင်စိန်ကို တရုတ်ဘုန်းကြီးပဲရိုက်ရိုက်၊ အန်းကုန်းကြီးပဲ ဝင်ပူးပူး သူလုံးဝ ဂရုမစိုက်တော့။ ရှေ့ခန်းဘေးခုံတွင် ခွေးကိုတင်၍ ခပ်သွက်သွက် မောင်းလာခဲ့၏။ Juntion မော်တင် ခဏဝင်ကာ ဖွေးဖွေးကို သရေသေးသည်။ ဖဲပြားကြီးကြီးပါသော အနီရောင် လည်ပတ်လေးနှင့် ဖွေးဖွေးက အတော်ချစ်စရာ ကောင်းသွားသည်။

ချစ်ရသော ကြည်ပြာအတွက် မွေးနေ့လက်ဆောင် အဆင်သင့်ဖြစ်နေပြီမို့ ကြည်ပြာနေထိုင်ရာ ပုလဲကွန်ဒိုဘေးက တိုက်ခန်းဆီသို့ အပြင်းမောင်းလာ ခဲ့တော့၏။ တိုက်ရှေ့အရောက် ဓာတ်လှေကားစောင့်နေစဉ် လုံခြုံရေးတစ်ယောက်က ဓာတ်လှေကားက လူပဲစင်တယ် တိရစ္ဆာန်စီးလို့မရဘူးဟု ပြောဆိုတားမြစ်လာသည်။

ဓာတ်လှေကား စောင့်နေသူတချို့ကလည်း ခွေးနှင့်အတူ မစီးချင်ဟု ဝိုင်းဝန်းကန့်ကွက်ကြပြန်သည်။ မင်းဦးလည်း အများနှင့်တစ်ယောက်မို့ မတတ်သာတော့ဘဲ အလျှော့ပေးကာ ရိုးရိုးလှေကားမှဝင် တက်ခဲ့ရတော့၏။

ဒူးချောင်နေသည်ဆိုကာမှ ဖွေးဖွေးကြောင့် လျှာပါထွက်ရသည့် ကိန်းဆိုက်ခဲ့ပြီ။ ငါးလွှာအရောက်တွင် မင်းဦး ဟောဟဲလိုက်အောင် အမောဆို့နေတော့၏။ ငါးမိနစ်လောက် အမောဖြေပြီးမှ

www.burmeseclassic.com



လုခေါ်ဘဲ(လ်)ကို နှိပ်နိုင်သည်။ ကြည်ပြာ အသင့်စောင့်နေသည်လားမသိ၊ ချက်ချင်းပင် တံခါးဖွင့်ပေးသည်။

မင်းဦးက ဖွေးဖွေးကို ဦးစွာထိုးပေးလိုက်ရင်း. .

" Happy birthday to you"

ဖွေးဖွေးကို လှမ်းယူလိုက်သော်လည်း ကြည်ပြာ့မျက်နှာက မကြည်သာ၊ ခပ်တည်တည် မျက်နှာကြီးကြောင့် မင်းဦးရင်ထဲ နွမ်းလျသွား၏။

"ရှင် ထပ်ပြီးနောက်ကျပြန်ပြီနော်"

"သြော်. . အိမ်အလုပ်လေး နည်းနည်းရှုပ်သွားလို့ပါ ကြည်ပြာရယ်၊ မွေးနေ့လက်ဆောင်ကလည်း ရှာရသေးတယ်လေ စိတ်မဆိုးနဲ့နော်. . "

မင်းဦးက ကြည်ပြာ့အား ပွေ့ဖက်ချော့မြူနေစဉ်. .

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် ဖွေးဖွေးကို အသာချကာ ကြည်ပြာ တံခါးသွားဖွင့်၏။

"မကြည်ပြာပါလားခင်ဗျာ. . "

တစ်ခါးဝတွင် လူနှစ်ယောက်၊ တစ်ယောက်က သစ်ခွပန်းခြင်းကြီးကိုင်လျှက်. . တစ်ယောက်က ဖွေးဖွေးထက်အကောင်ကြီးသော ခွေးကလေးတစ်ကောင်ကို ရင်ဝယ်ပိုက်ထားလေသည်။

"ဆရာပေးခိုင်းလိုက်တာပါ"

ခွေးလေးကို ကြည်ပြာ့ထံလှမ်းပေးရင်း တစ်ယောက်က ပန်းခြင်းကို အခန်းထဲဝင်ထားပေး၏။

"ဆရာက ညနေချိန်းထားတာ မမေ့ဖို့ မှာလိုက်ပါသေးတယ်





ခင်ဗျ"

ဟု ပြောကာပြန်သွားကြ၏။

ကြည်ပြာက လက်ဆောင်ပန်းခြင်းထဲမှ ပန်းရောင်စုံများကို နှစ်သက်သဘောကျစွာ ကိုင်ကြည့်နေ၏။ နောက်ထပ်ရောက်လာသော လက်ဆောင်တွေက သူပေးသည့် လက်ဆောင်ထက် သာနေ၍ မင်းဦး မနာလိုဖြစ်သွားသည်။ ကြည်ပြာလက်ထဲမှ ပန်းခြင်းကို သူယူကာ. .

"ဘယ်သူပို့တာလဲ ကြည်ပြာ. . "

ကြည်ပြာက ဘာမှမပြောသဖြင့် ပန်းခြင်းထဲမှ ပေးပို့သူ၏ ကတ်ပြားလေးကို ဖြုတ်ကြည့်လိုက်၏။

"ယနေ့မှစ၍ နောင်နှစ်တစ်ရာတိုင် ပျော်ရွှင်စွာမွေးနေ့ပွဲ ကျင်းပနိုင်ပါစေ ကြည်ပြာ. . ၊ ချစ်ခြင်းများစွာနဲ့ ကောင်းမြတ်"

ထိုစာကိုဖတ်ပြီး မင်းဦး တင်းသွားသည်။ ခွေးရောပန်းခြင်းပါ ပေးသည်ဆိုမှတော့ သူ့လိုရင်းနှီးသူ နောက်တစ်ယောက်များလား အတွေးနှင့် စိတ်ထဲလည်း မသိုးမသန့် ဖြစ်သွား၏။

"ကောင်းမြတ်တဲ့. . သူကဘယ်သူလဲ ကြည်ပြာ"

"မန္တလေးရုံးမှာတုန်းကခင်ခဲ့တဲ့ ဖေါက်သည်တစ်ယောက်ပါ"

"ဘာဖေါက်သည်လဲ ကြည်ပြာ. . "

မင်းဦး သိပ်စိတ်မရှည်ချင်တော့. .

"ကုမ္ပဏီရဲ့ဖေါက်သည်လေ"

ကြည်ပြာက မင်းဦးမခံချင်အောင် ခွေးကလေးကို နမ်းပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူကဘာလို့ ဒီလက်ဆောင်တွေ ပို့ရတာလဲ"

ကြည်ပြာ မျက်နှာမဲ့ကာနှင့်. .

"သူက ကြည်ပြာ့ကို လက်ထပ်ခွင့်တောင်းထားတယ်လေ"

ကြည်ပြာ့စကားကြောင့် မင်းဦး၏ ရင်တွင်းဖြစ် မီးတောင်ပေါက်ကွဲသွားကာ သံသယချော်ရည်ပူနှင့် အမုန်းမီးလျှံများ လွင့်ထွက်လာတော့၏။

"လက်ထပ်ခွင့်တောင်းထားတယ် ဟုတ်လား၊ ကြည်ပြာက ဘာဖြစ်လို့ လက်ထပ်ခွင့်တောင်းတဲ့အထိ. . အဲဒီ့ကောင်ကို အခွင့်အရေးပေးခဲ့ရတာလဲ၊ ကိုယ်တို့နှစ်ယောက်ရဲ့ နက်ရှိုင်းတဲ့ ဆက်ဆံရေးတို. . မင်း အလေးအနက် မထားတော့ဘူးလား"

ကြည်ပြာက လှောင်သလို အပြုံးတစ်ခု လှစ်ဟပြရင်း. .

"ကိုဦးကို အခွင့်အရေး ပေးနေသားပဲ၊ ကြည်ပြာ မယားပြိုင်အဖြစ်မခံနိုင်သလို မယားငယ်ဘဝနဲ့လည်း နေသွားမှာမဟုတ်ဘူးဆိုတာလေ. .၊ မယားကြီးကို ကွာရှင်းဖို့ နှောင့်နှေးနေတဲ့ လူတစ်ယောက်ကို ကြည်ပြာ ဘယ်လိုယုံကြည်ရမှာလဲ. .၊ ကြည်ပြာ အိမ်ထောင်တစ်ခုကို ထူထောင်ချင်လှပြီ၊ မိသားစုဘဝလေးကိုလည်း အရမ်းလိုချင်နေမိတယ် ကိုဦး"

"ကိုယ့်ကို အချိန်ပေးပါလို့ ကိုယ်ပြောခဲ့တယ်လေ၊ အချစ်တစ်ခုမွေးဖွားဖို့ လွယ်ပေမယ့် အိမ်ထောင်တစ်ခု ဖျက်ဆီးပစ်ဖို့ကျတော့ မလွယ်လှဘူး ကြည်ပြာ"

မင်းဦးအား ကြည်ပြာက ဒေါသမျက်ဝန်းများနှင့်ကြည့်ကာ. .

"ကြည်ပြာ့ အသက်လည်း မငယ်တော့ဘူး ကိုဦး၊ ဒီတော့





ကြည်ပြာလည်း အိမ်ထောင်ပြုချင်ပြီ၊ ကိုယ့်ကို တန်ဖိုးထားမယ့် လူတစ်ယောက်နဲ့ မိသားစုဘဝကို တည်ဆောက်ချင်ပြီ၊ တခြားမိန်းမတွေလိုပဲ အိမ်ထောင်သုခကို ခံစားပြီး ပျော်ပျော်ရွှင်ရွှင် နေသွားချင်ပြီ ကိုဦး"

"ခုရော ကိုယ်တို့ပျော်နေတာပဲမဟုတ်လား"

"ပျော်တယ် ဟုတ်လား၊ ရှင့်ရဲ့တိတ်တိတ်ပုန်း ပျော်တော်ဆက်အနေနဲ့ ပျော်ရတာလေ၊ ကြည်ပြာ ပျော်နေတယ်များ ထင်နေသလား"

ကြည်ပြာ ခံစားနေရသော ရင်တွင်းဝေဒနာများကို ဖေါက်ခွဲထုတ်ဖေါ်ပြသလိုက်၍ မင်းဦး နှုတ်ဆွံ့သွားသည်။ ကြည်ပြာပြောတာ မှန်နေသည့်အတွက် ဘယ်လိုနှစ်သိမ့်ပေးရမှန်းမသိ ဖြစ်နေသည်။ လက်ရှိဆက်ဆံရေးအနေအထားက လူမသိသူမသိ တိတ်တိတ်ပုန်း ကျေနပ်မှု ရှာနေကြသူများသာ ဖြစ်သည်။

"ကိုယ့်မိန်းမကို ကွာရှင်းပေးမှာပါ"

ကြည်ပြာက မဲ့ကာရွဲ့ကာနှင့် လှောင်သလို ပြုံးလိုက်ရင်း. .

"ဘယ်တော့လဲ၊ အခုလား. . မနက်ဖြန်လား"

မင်းဦး ဆက်မပြောနိုင်တော့၊ သူ့စိတ်ထဲမှာ ပြိုင်ဘက်ပေါ်လာ၍ ဆောက်တည်ရာမရခြင်းနှင့် ကြည်ပြာ့အား လက်လွှတ်အဆုံးရှုံးမခံနိုင်ခြင်းတို့သာ ဖြစ်တည်နေသည်။

"ကြည်ပြာ. . မင်း ကောင်းမြတ်ဆိုတဲ့ကောင်ကို အဖြေပေးလိုက်ပြီလား"

မေးသာမေးလိုက်ရသော်လည်း အဖြေကို သူ မကြားရဲ. .၊ လက်ခံလိုက်ပြီဟု ပြောမှာကို နားထောင်ဖို့ သတ္တိမရှိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာက ပန်းခြင်းထဲမှ ပန်းတစ်ပွင့်ကို နှုတ်ယူနမ်းရှိုက်လိုက်ပြီး သတင်းကြေညာသူတစ်ယောက်၏ လေသံမျိုးနှင့်. .

"ကိုကောင်းမြတ်က ကြည်ပြာ့ကို ဒီနေ့ည ညစာစားဖို့ ချိန်းထားတယ်လေ"

"ဟင်!. . "

"သူ့အမေ ရန်ကုန်ရောက်နေတုန်း ကြည်ပြာနဲ့လည်း မိတ်ဆက်ပေးချင်လို့တဲ့"

"ဟာ!. . . ဒီကောင်က ကြည်ပြာ့ကို အပိုင်ချည်နေတာပဲ၊ ဘယ်ဆိုင်မှာ ချိန်းထားတာလဲ ကိုယ်လိုက်ပြီး အကဲခတ်လို့ရမလား"

ကြည်ပြာက ဆိုင်နာမည်ပြောသည်။ ကိုယ့်အစီအစဉ်နှင့် တိုက်လာခဲ့ရန်၊ ပတ်သက်ဆက်နွယ်မှုရှိကြောင်း လုံးဝမရိပ်မိစေရန် တတိတောင်းသည်။ မင်းဦး ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။

မွေးနေ့ရှင်က ဘာဆိုဘာနှင့်မှ ဧည့်မခံသည့်အတွက် ပါးစပ်ပေါက်အုံးလောင်း၊ အူပေါက်းလောင်းနှင့်သာ မင်းဦး တပ်ခေါက်ပြန်လာခဲ့ရတော့၏။







## အခန်း ( ၅ )

ကြည်ပြာပြောလိုက်သောဆိုင်သို့ နာရီဝက်ခန့်စော၍ မင်းဦး ရောက်နေသည်။ ကောင်းမြတ်ဆိုတာ ဘယ်လိုကောင်လဲ၊ သူ့ထက်သာမှာတော့ ကျိန်းသေနေသည်။ ကော်ဖီအေးတစ်ခွက် ကုန်သွားတာတောင် ရင်မအေးသဖြင့် ရေခဲမုန့်တစ်ခွက် ထပ်မှာလိုက်သည်။

ဆိုင်၏ မှန်ပြတင်းများမှတဆင့် အပြင်သို့ငေးကြည့်နေမိသည်။ ထိုစဉ် BMW SUV တစ်စီး ဆိုင်ရှေ့ရပ်လာသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ သားသားနားနား လူရွယ်တစ်ဦးနှင့် ကြည်ပြာတို့ ဆင်းလာကြ၏၊ ဝင်ပေါက်ဝအနီးတွင် နေရာယူထားသော မင်းဦး. . ဦးထုပ်ကို ခပ်ငိုက်ငိုက် ပြင်ဆောင်းကာ ခေါင်းငုံ့ထားလိုက်၏။

ကြည်ပြာတို့စုံတွဲ ဆိုင်ထဲဝင်လာကြသည်။ မင်းဦးစားပွဲနှင့် နှစ်ခုံကျော်တွင် ဝင်ထိုင်ကြ၏။ ကြည်ပြာ သူ့ကို တစ်ချက်လှမ်းကြည့်ပြီး ချက်ချင်းမျက်နှာလွှဲသွားသည်။

“ကြည်ပြာက ဒီနေ့အရမ်းလှနေတာပဲ”

ထိုစကားက မင်းဦးအတွက် နားခါးသွားရသည်။

“အဟင်းဟင်း. . မြှောက်ပြောနေပြန်ပြီ၊ ကိုကောင်းမြတ် အမေကရော ဘယ်တော့လာမှာလဲ”

“လာနေပါပြီ ကြည်ပြာရဲ့”

သူတို့ အအေးမှာသောက်ကြသည်။ သူ့ချစ်သူနှင့် ယှဉ်တွဲထိုင်နေသောငနဲကို မင်းဦး မသိမသာ အကဲခတ်လေ့လာသည်။ ငနဲသားက ရုပ်ဖြောင့်သလို စတိုင်ကျကျလည်း ဝတ်စားထား၏။

မင်းဦးရင်ထဲမှ မနာလိုမှုတွေအားကောင်းပြီး တရှိန်းရှိန်း တောက်လောင်လာကာ ဒေါသကို စားပွဲခင်းပေါ်ပုံချကာ ဆွဲညှစ်လိုက်တော့သည်။

မင်းဦး ကြိတ်မနိုင်ခဲမရ ဖြစ်နေစဉ် ဆိုင်ရှေ့ကားတစ်စီးထိုးစိုက်လာပြန်သည်။ ကြည်ပြာတို့စုံတွဲ လှမ်းကြည့်နေကြ၏။ နောက်ခန်းမှ အမျိုးသမီးကြီးတစ်ဦးဆင်းလာသည်နှင့် ကောင်းမြတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူတို့သားအမိနှင့် ကြည်ပြာတွေ့သွားလို့မဖြစ်၊ သေချာရေရာသော အခြေနေသစ်တစ်ခုဆီ ရောက်သွားမည့်အဖြစ်မျိုး သူလုံးဝ





ခွင့်မပြုနိုင်၊ ကြည်ပြာ့ယောက္ခမလောင်းက ဆိုင်ထဲဝင်လာတော့မည်။ မောဟနှင့်လောင်မြိုက်နေသောမင်းဦး အမှားအမှန်ကို ဝေဖန်ပိုင်းခြားဆင်ခြင်နိုင်စွမ်း ပျောက်ဆုံးကာ လုပ်မိလုပ်ရာ လုပ်လိုက်တော့၏။

မင်းဦးခုံက အဝင်ဝမှာရှိနေသည်မို့ စားပွဲပေါ်က ရေပုလင်းကို မသိမသာသွန်ချလိုက်သည်။ ရေစီးကြောင်းက အဝင်ကြမ်းခင်းပေါ် ရောက်သွား၏။ ဆိုင်တွင်းလူရှင်းနေသည့် အနေအထားကို အခွင့်ကောင်းယူကာ မင်းဦး ကျူးလွန်လိုက်ခြင်းဖြစ်သည်။

မင်းဦး စားပွဲနားမှအဖြတ်တွင် ကောင်းမြတ်အမေ ကံဆိုးခြင်းကို ပက်ပင်းကြုံလိုက်ရတော့သည်။ မင်းဦးလက်ချက် ရေကွက်ကို တက်နင်းမိပြီး ဘိုင်းခနဲချော်လဲသွားလေ၏။

“ဘိုင်း!!. . ”

“အောင်မလေး!. . သေပါပြီတော့”

“ဟာ!. . အမေ. . အမေ”

အသံပေါင်းစုံ ထွက်လာပြီး ထိုမိန်းမကြီးအား ဝိုင်းထူပေးကြသည်။ အဆက်မပြတ် ညည်းညူနေသော ကြည်ပြာ့ယောက္ခမလောင်းမှာ ခါးကိုလုံးဝအထိမခံနိုင်တော့၊ တံတောင်နှစ်ဖက်မှာလည်း ပွန်းပဲ့ဒဏ်ရာများနှင့် သွေးစို့နေခဲ့ပြီ။ ဒီချော်လဲမှုမှာ ဘေးပယောဂပါသည်ဟုတော့ ဘယ်သူမှသံသယရှိပုံမရ။

မင်းဦးလည်း ထိုအဒေါ်ကြီးအဖြစ်ကိုကြည့်ပြီး. . စိတ်မကောင်း ဖြစ်မိသည်။ ကြီးတော်ကြီး ခွင့်လွှတ်ပေးပါဟုသာ ကြိတ်၍ ဆုတောင်းပေးမိသည်။

ယောက္ခမလောင်းနှင့် ချွေးမလောင်းတို့ တွေ့ဆုံမိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲတ ပျက်ပြားသွားကာ ဆိုင်ဝန်ထမ်းများအကူအညီနှင့် ဆေးရုံတင်ဖို့ တောင်းမြတ်အမေကို ကားပေါ်တင်လိုက်ကြရသည်။ ထိုဖြစ်စဉ်အတွင်း ကြည်ပြာက မင်းဦးကို လုံးဝပင် လှည့်ကြည့်မသွား၊ ယောက္ခမလောင်းအပေါ် စိုးရိမ်ပူပန်စွာနှင့် ပျာယာခတ်ပြီး လိုက်ပါသွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ထိုကြီးတော်ဆေးရုံမှ မဆင်းမချင်း ကြည်ပြာတို့ကိစ္စ ရှေ့ဆက်၍မရသေးသည့်အတွက် မင်းဦး စိတ်သက်သာရ ရသွားသည်။ ကြည်ပြာတို့အုပ်စု ဆိုင်ရှေ့က ထွက်သွားတော့မှပဲ မင်းဦး ငွေရှင်းပြီး ပြန်ခဲ့၏။

စိတ်ထဲက တအုံ့နွေးနွေးနှင့် မတင်မကျဖြစ်နေသည့်အတွက် မင်းဦး အိမ်မပြန်ချင်၊ ဒီလိုအချိန်မှာ ကျင်စိန်မျက်နှာကို မြင်ရလျှင် ဆီးချိုရောသွေးချိုပါတက်ပြီး သေသွားနိုင်သည်။

ဒီတော့လည်း မရှိမှန်းသိလျက်နှင့် ကြည်ပြာ့အနံ့အသက်နှင့် အရိပ်အယောင်တို့ မွှန်းထုံနေမည့် တိုက်ခန်းသို့သာ ပြန်လာခဲ့၏။ သူ့ကိုလည်း သော့အပိုတစ်စုံပေးထားသဖြင့် အခန်းတံခါးဖွင့်ကာ ဝင်ခဲ့လိုက်သည်။ အခန်းထဲအရောက် ကြည်ပြာ့ဓာတ်ပုံများကို အလွမ်းပြေကြည့်သည်။ ဓာတ်ပုံကြည့်အပြီး သူတို့ ချစ်ခန်းဖွင့်ခဲ့သော အိပ်ခန်းထဲမှ ခုတင်လေးပေါ် ပစ်လှဲချလိုက်တော့၏။

ခုတင်ပေါ် ကြည်ပြာချွတ်ထားခဲ့သော အဝတ်အစားများ ရှိနေသေးသည်။ ထိုအဝတ်အစားများကို ကောက်ယူနမ်းရှိုက်လိုက်၏၊ ထိုအခါ သွေးတို့ နွေးထွေးဆူပွက်လာသည်။ ကြည်ပြာနှင့်ခွဲ၍ ဘယ်လိုမှ မနေနိုင်တော့ကြောင်း တိတိကျကျသိနေပြီမို့ သတိရတိုင်း အနံ့ရှုကာ အလွမ်းဖြေရန် ကြည်ပြာ့ရနံ့သင်းနေသော အဝတ်အစားတချို့ကို လက်ဆွဲအိတ်ထဲ ကောက်ထည့်ထားလိုက်သည်။





ထိုစဉ် ချိုးချိုးချွတ်ချွတ် အသံတွေကြားရ၍ ဘာများလဲအတွေးနှင့် အိပ်ခန်းထဲမှ ထွက်ခဲ့၏။

"အုံ့ . . အုံ့ . . ဝူ"

"ဟာ! . ."

မြင်နေရသော မြင်ကွင်းက စိတ်လှုပ်ရှားစရာ ကောင်းနေသည်။ ကြည်ပြာ့မွေးနေ့အတွက် သူလက်ဆောင်ပေးခဲ့သော ခွေးမလေးဖွေးဖွေးကို ကောင်းမြတ်ခွေးက သိမ်းပိုက်နေခြင်းဖြစ်သည်။

"ဟာ . . သေပါတော့ကွာ . . ဟိုကောင့်ခွေးက အထီးကြီးပဲ"

ကောင်းမြတ်ခွေးက သူ့ခွေးမကို ချစ်ခန်းဖွင့်နေတာ မြင်ရသည့်အတွက် အတိတ်နိမိတ်မကောင်းဟုပင် မင်းဦးထင်လိုက်သည်။ ကြည်ပြာ့အား တခြားသူ့ရင်ခွင်ထဲ ထည့်လိုက်ရမည့်အရေး တွေးမိရုံနှင့်ပင် ရင်နာမဆုံးဖြစ်ကာ ငိုချင်လာ၏။

"ဒီကောင်က ကြည်ပြာ့အချစ်ကို လုယူရုံတင်မကပါလား၊ သူ့ခွေးကပါ ငါ့ခွေးမလေးအချစ်ကို လုယူနေပြီ၊ ဩော် . . ကျင်စိန်ရယ် မင်းနဲ့ငါ မဆုံစည်းခဲ့ကြရင် သိပ်ကောင်းမှာပဲကွာ"

နောက်ဆုံးတော့ အပြစ်မရှိသော မယားကြီးကျင်စိန်ကိုပင် ယိုးမယ်ဖွဲ့ အပြစ်ပုံချနေမိသည်။ ထိုအခိုက် ခြေသံနှင့်စကားပြောသံများ ကြားရသည်။

"အိမ်ထိပြန်လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် ကိုကောင်းမြတ်"

"ကြည်ပြာနဲ့ကိုယ်နဲ့ကြားမှာ ဒါတွေမလိုပါဘူး ကြည်ပြာရယ်"



www.burmeseclassic.com

"ကိုကောင်းမြတ် မောလာရောပေါ့၊ ကော်ဖီသောက်ပြီးမှ ပြန်ပါလား"

"ကောင်းသားပဲ ကြည်ပြာ"

"ဟာ!. . ဒုက္ခပဲ. . "

ကြားရသော စကားများအရ ဟိုအကောင်ပါ ဝင်လာတော့ မည်မို့ မင်းဦး မီးဖိုချောင်ထဲပြေးဝင်ကာ ပုန်းနေလိုက်ရ၏။ ကြည်ပြာက မင်းဦး အခန်းထဲမှာ မရှိဘူးအထင်နှင့် ကောင်းမြတ်ကို ဖိတ်ခေါ်နေသည်။ တံခါးဖွင့်သံ ပိတ်သံနှင့်အတူ ခြေသံများကိုပါ ကြားနေရသည်။

"လာလေ ကိုကောင်းမြတ်"

အခန်းထဲအရောက်. .

"အဆင်ပြေသလိုသာနေနော်. . ကိုကောင်းမြတ်"

"ဟုတ်ပါပြီ ကြည်ပြာရယ်၊ အခန်းလေးက သပ်ရပ်သန့်ရှင်းနေတာပဲ နေချင်စရာလေးနော်"

"ကြည်ပြာက သန့်ရှင်းမှ ကြိုက်တယ်လေ"

"ကောင်းတာပေါ့၊ ကိုယ်လည်း အဲဒီလိုပဲ"

"ဟွန်း. . ခွေးမသား အပိုတွေ"

မင်းဦး ကြားနေရ၍ နောက်ဖေးခန်းမှ ကျိန်ဆဲနေ၏။

"ခဏနော် ကော်ဖီ ဖျော်လိုက်ဦးမယ်"

ခြေသံက ထမင်းစားခန်းထဲ ဝင်သွားတာ ကြားရ၏။ မင်းဦး မီးဖိုထဲမှ ခေါင်းပြူကာ ချောင်းကြည့်လိုက်သည်။ ကြည်ပြာ ကော်ဖီမစ်ဖျော်ပြီး ပြန်ထွက်သွား၏။

"သောက်ပါဦး ကိုကောင်းမြတ်"





"ကျေးဇူးနော်. . "

ကောင်းမြတ် ကော်ဖီသောက်နေစဉ် ကြည်ပြာက တောင်းပန်စကားဆိုသည်။

"ဒီနေ့ဖြစ်ခဲ့တဲ့ကိစ္စအတွက် စိတ်မကောင်းပါဘူး ကိုကောင်းမြတ်ရယ်"

"ရပါတယ် ကြည်ပြာ၊ အမေ ပြန်ကောင်းသွားမှာပါ"

"ဘယ်ဟုတ်ပါ့မလဲရှင် ကျွန်မနဲ့တွေ့ဖို့ အန်တီလာရတာလေ"

"အခုလည်း အထူးကုနဲ့ ပြခဲ့တာပဲ အမေကလည်း သက်သာပါတယ်လို့ ပြောတယ်မဟုတ်လား"

"အင်း. . ကျွန်မတို့နှစ်ယောက်ရဲ့ အနာဂတ်အတွက် မိတ်ဆက်တွေ့ဆုံပွဲက ဆေးရုံမှာ ဖြစ်သွားရတာ တွေးကြည့်ရင် ရယ်စရာကြီးနော်"

"ငါနော်. . ဟင်း"

မင်းဦး ဒေါသတွေမထိန်းနိုင်တော့ဘဲ. . နံရံကို ခေါင်းနှင့်တိုက်လိုက်တော့၏။

"ဒုန်း!!"

"ဟင်!. . ဘာသံလဲ ကြည်ပြာ"

ချစ်ပွဲဝင်နေသော ခွေးနှစ်ကောင်လည်း လန့်ပြီး မီးဖိုချောင်ထဲမှပြေးထွက်သွား၏။ နောက်ဖေးမှထွက်လာသော ခွေးတွေမြင်မှ ကြည်ပြာက. .

"ခွေးတွေဆော့နေတာနေမှာပါ"

"ဟင်. . ဒီတစ်ကောင်က ကြည်ပြာဝယ်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးကို လက်ညှိုးထိုးပြကာ ကောင်းမြတ်ပြောလိုက်၏။

"ဒါ. . ကိုဦး ပေးထားတာလေ. . အဲ. . "

"ကိုဦးဆိုတာ ဘယ်သူလဲ ကြည်ပြာ"

"ကိုဦးက. . ကြည်ပြာ့ဦးလေးလေ၊ အဲဒါ သူလက်ဆောင်ပေးထားတာ"

"ဪ. . "

သူ့ကို ဦးလေးဟုခေါ်လိုက်သဖြင့် မင်းဦး ကြိတ်မနိုင်ခဲမရဖြစ်ပြီး ဒေါသတွေ လှိုက်တက်လာရပြန်သည်။

"အဟင်း ကြည်ပြာ့ဦးလေးက သဘောကောင်းမယ့်ပုံပဲ"

ကောင်းမြတ် ကော်ဖီပန်းကန်ချပြီး ကြည်ပြာအား မျက်တောင်မခတ် ကြည့်နေသည်။ ဒီလိုအကြည့်၏ အဓိပ္ပာယ်ကို မင်းဦးကောင်းကောင်းသိသဖြင့် ကောင်းမြတ်အား ဆွဲထိုးချင်စိတ်ပေါက်နေသည်။

မင်းဦး ကျိန်ဆဲနေစဉ် ငနဲသားက အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး လက်စွပ်တစ်ကွင်း ထုတ်ယူကာ ကြည်ပြာ့လက်ခလယ်တွင် ယုယစွာ စွပ်ပေးလိုက်၏။

"ဒါ. . ကြည်ပြာ့ကို လက်ထပ်ခွင့်တောင်းတဲ့ စိန်လက်စွပ်လေးပါ"

ပြောပြီး ကောင်းမြတ်က ကြည်ပြာ့ လက်ဖမိုးလေးကို စုပ်နမ်းလိုက်၏။ မင်းဦး ချောင်းကြည့်နေရင်းက. .

"အမလေးနော်. . ခွေးမသား လုပ်နေလိုက်တာ"

ထိုမြင်ကွင်းကြောင့် မင်းဦးတစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။





ကောင်းမြတ်က လက်ကိုမလွှတ်ဘဲ ဆက်ကိုင်ထားရင်း. .

"ကိုယ် မနက်ဖြန် ယိုးဒယားကို ခဏသွားရဦးမယ်၊ ဒီကစက်ရုံအတွက် လိုအပ်တဲ့စက်ပစ္စည်းတွေ သွားဝယ်မလို့ (၅)ရက်လောက်တော့ ကြာမယ်ထင်တယ်၊ ကြည်ပြာသာ ကိုယ့်ကိုလက်ခံမယ်ဆိုရင် ကိုယ်ပြန်လာတာနဲ့ အခမ်းနားဆုံး မင်္ဂလာဆောင်ပစ်လိုက်မယ်"

ကြည်ပြာ ဘယ်လိုပြန်ဖြေမလဲဆိုတာ မင်းဦး ရင်တထိတ်ထိတ်နဲ့ စောင့်မျှော်နေရသည်။ ကြည်ပြာက ကောင်းမြတ်လက်ကိုဖြည်းညင်းစွာ တွန်းဖယ်လိုက်ရင်း. .

"အခုချိန်မှာ ကြည်ပြာ ဒီအကြောင်းတွေ မစဉ်းစားချင်သေးဘူး ကိုကောင်းမြတ်ရယ်"

"ရပါတယ် ကြည်ပြာ၊ ကိုယ်ပြန်လာရင်သာ ကြည်ပြာ့ဆုံးဖြတ်ချက်လေး သိချင်တာပါ"

"ကြည်ပြာ ကြိုးစားကြည့်ပါအုံးမယ်"

"ဒီလိုကြားရတာနဲ့တင် ဝမ်းသာလှပါပြီ ကြည်ပြာ၊ ပိုင်ဆိုင်ခွင့် ရမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့၊ ကဲ. . ကိုယ်ပြန်လိုက်ဦးမယ် ကြည်ပြာ"

ကောင်းမြတ် နှုတ်ဆက်ပြီးထွက်သွား၏။ တံခါးပိတ်သံကြားသည်နှင့် မင်းဦးလည်း အချိန်မဆိုင်းဘဲ ဝုန်းဒိုင်းကျဲကာ မီးဖိုခန်းထဲမှ ထွက်လာခဲ့တော့သည်။ သူ့ကို မြင်လိုက်၍ ကြည်ပြာလုံးဝ အံ့သြမသွား. . .

"မင်း ဘယ်လိုလုပ်မှာလဲ ကြည်ပြာ"

"ဪ ကိုဦး ရောက်နေတာကိုး. .၊ ဘာကိုဆိုလိုတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုဦး၊ ကြည်ပြာ ဘာတွေလုပ်နေလို့လဲ"

မင်းးဦး စိတ်တွေလှုပ်ရှားနေသလောက် ကြည်ပြာက တည်ငြိမ်လွန်းနေသည်။

"ဟိုကောင်က လက်စွပ်စွပ်ပေးတယ်၊ နမ်းလည်း နမ်းသွားသေးတယ်၊ မင်းဘာလို့ ငြိမ်ခံနေတာလဲ၊ သူ့ကိုသဘောကျလို့လား။ ကိုယ်ကရော ဘာလဲ၊ မင်း ငါးရံ့နှစ်ကောင် ဖမ်းချင်နေတာလား"

"ကြည်ပြာ့မှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လေ ကိုဦးရဲ့"

သူ့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ပြောနေသော ကြည်ပြာ့ကို လိုက်ကြည့်ရတာ ဇက်ပါညောင်းလာသည်။

"ပြီးတော့ ကိုဦးမှာလည်း ကြည်ပြာ့လိုပဲ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ကိုဦး. . အချိန်ပြည့် ကြည်ပြာ့ဘေးမှာ နေမှာလား ဒါမှမဟုတ် ကိုဦးမိန်းမဘေးမှာ နေမှာလား. . အဲဒါပြော"

မင်းဦး ခေါင်းငုံ့ကာ ပြောသမျှခံနေရလေပြီ။

"ကိုဦးကမှ မပြတ်သားတာ၊ ကြည်ပြာ ဘယ်လိုရှေ့ဆက်ရမလဲဆိုတာ ကိုဦးအပေါ်မှာ အများကြီးမူတည်နေတယ်"

"ကိုဦး နှောင့်နှေးနေတာ သိပါတယ် ကြည်ပြာရယ်"

"ရှင်းနေတာပဲလေ၊ ရှင့်မယားကို မခွဲနိုင်ဘူးဖြစ်နေတာလေ"

"ကိုဦး ဘယ်လိုသက်သေပြရမလဲဟင်"

"ရှင့်မိန်းမကို (၇)ရက်လောက်ခွဲပြီး နေကြည့်ပါလား၊ (၇) ရက်ထဲပါ. . ရှင့်မိန်းမနဲ့ ခွဲပြီးနေရမှာ၊ ရှင် ကျွန်မကို ပိုင်ဆိုင်ချင်သေးတယ်ဆိုရင်ပေါ့လေ"

မင်းဦး ခေါင်းစားသွားသည်။ ကြည်ပြာ့ အနေအထားကိုလည်း စာနာမိသလို ကျင်စိန့်ကို ပြောမထွက်သဖြင့်လည်း အခက်





တွေ့နေ၏။

"အခုတော့ ရှင်ပြန်ပါတော့. . "

ကြည်ပြာက တွန်းထိုးနှင်ထုတ်နေပြီမို့ မင်းဦး ဘာမှပြောခွင့်မသာတော့ဘဲ အခန်းထဲမှ ထွက်ခဲ့ရ၏။ ဝုန်းခနဲ ပြန်ပိတ်သွားသည့်တံခါးသံကြောင့် မင်းဦးစိတ်ဓာတ်တွေ ခြေဖဝါးရောက်အောင် ကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၆ )

ညက လှပနေသော်လည်း ထိုအလှသည် သူနှင့်မသက်ဆိုင်သလို ခံစားနေရ၏။ ကားမောင်းနေသော်လည်း အာရုံကမသိသူကို နောက်ကားတွေ ကျော်တက်ကုန်ကြ၏။ ကပ်ပါလာသောကားကလည်း ဟွန်းတီးကာ လမ်းတောင်းနေသည်။ စိတ်နှင့်ကိုယ်မကပ်သဖြင့် ကားဆက်မောင်းနေလျှင် အန္တရာယ်ဖြစ်တော့မည်ဆိုတာ မင်းဦး သိနေသည်။

ထို့ကြောင့် လမ်းဘေးထိုးချပြီး ကားရပ်ပစ်လိုက်ရသည်





ဝန်းကျင်ကို အကဲခတ်ကြည့်တော့. . စတိုးဆိုင်တစ်ဆိုင်ကိုတွေ့ကာ အရက်တစ်ပုလင်း သွားဝယ်၍ ကားပေါ်ပြန်တက်လာလိုက်သည်။

မနီးမဝေးက တံတားတစ်ခုပေါ် ကားကိုမောင်းတတ်လိုက်၏။ တံတားထိပ်ရေးထားသည်က ဗန္ဓုလတံတား ဖြစ်နေ၏။ တံတားအလယ်တွင် ကားရပ်ကာ လေညှင်းခံရင်း ပုလင်းကုန် မော့ချလိုက်၏။

ထို့နောက် ပုလင်းကို လက်ကပိုက်ကာ ချောင်းရေပြင်ကို ကြည့်ရင်း. .

"ကြည်ပြာရယ်၊ ကိုယ်တို့တွေ့ဆုံမှုက ခနတာလေး ဆိုပေမယ့်. . မင်း ကိုယ့်ကို အကြာကြီးပြုံးပြနေသလို ခံစားနေရတယ် ကြည်ပြာ၊ ဒါတွေဟာ အိပ်မက်တွေလား. . ၊ ကိုယ့်စိတ်တွေ တစ်ခုခု ဖြစ်ချင်နေပြီဆိုတာ ကိုယ်သိချင်နေမိတယ်၊ ကိုယ့်အတွက် ပြောင်းလဲမှုတွေက ဘာတွေဖြစ်လာအုံးမှာလည်း ကြည်ပြာရယ်၊

မင်းမျက်ဝန်းလေးကို စတွေ့တုန်းကပေါ့၊ မြှားနတ်မောင်စစ်လိုက်တဲ့ Cupid's Arrow က ကိုယ့်ရင်ခွင်ကို လာစိုက်တယ်လေ၊ ဒူးစူးနစ်နစ်ပဲ၊ အဲဒီ့မှာ အချစ်ဆိုတာကို ပြန်လည်ရှင်သန်စေခဲ့တာပေါ့"

လေတဝူးဝူးနှင့် တစ်ယောက်တည်း လွတ်လပ်ပေါ့ပါးစွာ ကြည်ပြာ့ကိုလွမ်းရင်း လွမ်းပြောပြောနေမိသည်။

"ကိုယ်အခု မင်းလေးကို အလုံးစုံပိုင်ဆိုင်ချင်ပြီ သိလား. . ၊ အော့. . ကိုယ့်စိတ်တွေလည်း ထိန်းချုပ်လို့မရတော့ဘူး ကြည်ပြာ. . ကိုယ်ဘာလုပ်ရမလဲ. . ၊ တချိန်တည်းမှာ မင်းကိုချစ်ဖို့ ကြိုးစားမိသလို. . မေ့ပစ်လိုက်ဖို့လည်း ကြိုးစားမိသေးတယ်၊ ဒါပေမယ့် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မေ့လို့မရဘူး ကြည်ပြာ. . ”

မင်းဦး သက်ပြင်းရှိုက်လိုက်ရင်း. . .

“အေ့. . မင်းလေးကြောင့် အရာရာဟာ အားလုံးပြောင်းလဲသွားတော့မယ်”

ထိုစဉ် အတွေးထဲ ကြည်ပြာ့မျက်နှာကြီးပေါ်လာကာ. .

“(၇)ရက်နေ့၊ အကယ်၍ ရှင့်မိန်းမကို ရှင်မဖြတ်နိုင်သေးဘူးဆိုရင် ကျွန်မတို့ဇာတ်လမ်းလည်း ပြီးသွားပြီပဲ မှတ်လိုက်ပါ”

“အား. . ဟား. . ”

မင်းဦး အော်ငိုလိုက်ရတော့သည်။ ထိုအချိန်တွင် ပုဆိုးဝွင်းသိုင်း ခေါင်းချာစိုင်းလာသော လူတစ်ယောက်. . လက်ထဲတွင်လည်း အရက်ပုလင်းကို တင်းတင်းဆုပ်ကိုင်လျှက် တံတာစကြာ်လမ်းအတိုင်း လျှောက်လာနေ၏။ ထိုလူ မင်းဦးနားအရောက်တွင် ယှဉ်ရပ်လာကာ ဘောင်းဘီကို ချွတ်၍. .

“ဖလူး. . ဖလူး. . ရှူး. . ရှူး”

သေးကော့ပန်းတော့သည်။

“ဟာ. . အရေးထဲမှ ဒီလူ”

ထိုလူက ပေါက်နေရင်း သူ့ဘက်လှည့်လာကာ. .

“ဘာလဲ. . ခင်ဗျားက တံတားပေါ်က ခုန်ချတော့မလို့လား”

“ဟာ. . လာပြန်ပြီ ပေါက်ကရတွေ. . ”

“စိတ်တော့မရှိနဲ့ ညီလေး. . ၊ မင်းမျက်နှာကို ဖတ်ကြည့်ရသလောက်. . ပြဿနာတစ်ခုကြောင့် သေချင်စိတ်ပေါက်လောက်အောင် စိတ်ညစ်နေတယ်မဟုတ်လား”

မင်းဦး သူ့ပါပေါက်ချင်လာ၍ ဘောင်းဘီဇစ်ဆွဲဖြုတ်ကာ





ပန်းအပြီး. . ထိုအမူးသမားကို တစ်ချက်စောင်းငဲ့ကြည့်လိုက်၏။

ထိုလူက. .

“မင်. . မိန်းမကိစ္စနဲ့ စိတ်ညစ်နေတာမဟုတ်လား. . ၊ အဲဒီမိန်းမက မင်းမိန်းမ ဟုတ်ချင်ဟုတ်၊ မဟုတ်ရင် မင်းမိန်းမ မသိတဲ့ မိန်းမတစ်ယောက်အတွက်ကြောင့် ဖြစ်လိမ့်မယ်. . ငါ့ညီ”

သေးထွက်အောင်မှန်နေ၍. .

“အား. . ဟား. . ”

မင်းဦး ထပ်အော်လိုက်ရတော့သည်။

အော်လို့ဝတော့မှ ထိုလူအား. .

“ခင်ဗျားပြောတာ သိပ်မှန်တာပဲ”

“ကိုက. . အောင်ဒင်ပါ”

“မင်းဦး”

နှစ်ယောက်သား လက်ထဲမှ ပုလင်းချင်းတိုက်ကာ ချီးယားလုပ်လိုက်ကြသည်။

“ကဲ. . ပြောစမ်းပါဦး. . မင်းမိန်းမကြောင့်လား၊ တိတ်တိတ်ပုန်းလေးကြောင့်လား”

“အချစ်သစ်ကြောင့်ပါ”

မင်းဦးလည်း မူးနေပြီဖြစ်၍ ရင်ဖွင့်ရတော့သည်။

“ကျုပ် သူလေးကိုအရမ်းချစ်တယ်၊ အရမ်းလည်း အတူနေချင်ပြီဗျာ. . ၊ သူလေးက သိပ်လှပြီး ဆွဲဆောင်မှုအရမ်းရှိတယ်”

“ဟုတ်လား. . ”

အောင်ဒင်ဆိုသူက ပုလင်းလိုက်မော့လိုက်ရင်း. .

“ဒါဆို မင်းမိန်းမက ဘာဖြစ်နေလို့လဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိသော မိန်းမအကြောင်း ဘာပြောရမှန်းမသိ၍ မျက်နှာကြီးရှုံ့မဲ့ကာ ခေါင်းစိုက်သွားသည်။

ဒါကိုလှမ်းတွေ့သော အောင်ဒင်က. .

“ညီလေး. . ညီလေး. . ဘာမှစိတ်မညစ်နဲ့. . မင်း မပေါင်းချင်ရင် အိမ်ပေါ်က မင်းအရင်ဆင်းသွားလိုက်ပေါ့ကွာ”

“ဆင်းရမယ် ဟုတ်လား”

“အချိန်ကာလတစ်ခု ရောက်တာနဲ့ လင်ခန်းမယားခန်း ပျက်ပြီပေါ့ ငါ့ညီရာ. . ”

ပုခုံးပုတ်ကာ အောင်ဒင်က ပြောလေသည်။ အောင်ဒင်၏ အကြံပေးမှုကြောင့် မင်းဦး အမူးနည်းနည်း ပြေသလို ဖြစ်သွား၏။

ထိုအချိန်တွင်. .

“ဂျိန်းဂျလိန်း!!. . ”

ဆိုကာ မိုးရွာတော့မည့်အလား မိုးချိန်းလေတော့၏။

“ဟား. . ဟား. . တွေ့တယ်မဟုတ်လား မိုးနတ်မင်းကြီးက ငါတို့ကို ကောင်းချီးပေးနေပြီ”

“ဟုတ်ပါ့ဗျာ”

“လူ့ဘဝဆိုတာ တိုတိုလေးကွ၊ ကိုယ်စိတ်ချမ်းသာတာ ရွေးလုပ်ပြီး သေရတော့လည်း တန်တာပေါ့ကွာ၊ မင်းကိစ္စက ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောနဲ့ အပိယေဟိ သံပယောဂေါ ဒုက္ခော နှစ်မျိုးလုံး ပူးနေတာ အဲဒါတော့ ရှောရှိနေတယ်”

“ဟုတ်တယ် မချစ်တဲ့သူနဲ့ပေါင်းပြီး ချစ်တဲ့သူနဲ့ဝေးရတဲ့ အကြီးစားဒုက္ခသည်လိုပါပဲ”

ထို့နောက် ဗိုလ်အောင်ဒင်နှင့်လမ်းခွဲ၍ မင်းဦး အိမ်ပြန်လာ





ခဲ့သည်။ ကားကိုဂရုစိုက် မောင်းလာခဲ့စဉ်မှာပင် မိုးသည်းထန်စွာ ရွာလာတော့၏။

မင်းဦးလည်း မိန်းမကိုကွာရန် အော်ဟစ်မောင်းတင်လာခဲ့သည်။

“ကျင်စိန်. . မင်းကို ငါကွာမယ်”

မိုးသံလေသံကြားမှာ သူ့ကြိမ်းဝါးသံက မိုးရေနှင့်အတူ မြောင်းထဲရောက် ပျောက်ကွယ်သွား၏။

မင်းဦး အိမ်ထဲဝင်လာတော့ သူ့မိန်းမကျင်စိန် ထုံးစံအတိုင်း ဟောက်သံပေးကာ အိပ်ပျော်နေပြီဖြစ်သည်။

ခြင်ထောင်ပင်မထောင်နိုင်ဘဲ အိပ်နေပုံက သူပြန်အလာကို စောင့်မျှော်ခဲ့သည့်ပုံမျိုး. .

“အဟမ်း. . နောက်နေ့ကစပြီး မင်း ငါ့ကိုစောင့်စရာ မလိုတော့ပါဘူး ကျင်စိန်”

စိတ်ထဲက ရန်တွေ့ပြီး ပြောရမည့် စကားလုံးတွေကို စီလိုက်သည်။

“ဟဲ့. . ကျင်စိန်. . ထ. . ထစမ်း. . ထစမ်း၊ ငါ မင်းကိုပြောစရာရှိတယ်. . ၊ ငါပြောတာ သေချာနားထောင်စမ်း”

ကျင်စိန်က တုတ်တုတ်မျှ မလှုပ်။ မင်းဦး ဒေါပွကာ အသံကျယ်ကျယ်နှင့် ထပ်ပြောကာနှိုးသည်။

“ကျင်စိန်. . ထ. . ထ. . ထစမ်း၊ မနက်ဖြန်ရောက်တာနဲ့ မင်းနဲ့ငါ ဇာတ်လမ်းပြီးပြီ၊ မင်းကို. . ကွာ. . ”

မင်းဦး စကားမဆုံးလိုက် လျှပ်စီးလက် မိုးခြိမ်းသံကြားမှ. .

“မင်းဦး. . ငါ့သား”



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်သံလိုလို ကြားလိုက်မိ၍ စကားပြတ်သွားခြင်းဖြစ်သည်။ မင်းဦး အမူးပြေသွား၏။

ဒါ အဖေ့အသံပဲ၊ အဖေ ဘယ်ကခေါ်နေတာလဲတွေးရင်း အခန်းထဲ လိုက်ရှာကြည့်သည်။ လျှပ်စီးအလင်းရောင်ကြားမှ ဖြတ်ခနဲ တွေ့လိုက်ရတာက နံရံထက်မှ အဖေနှင့်ယောက္ခမ ဓာတ်ပုံတွေ ဖြစ်နေ၏။

"အဖေ မရှိတော့ရင်တောင်. . သားတို့အိမ်ထောင်ရေးကို တမလွန်က စောင့်ကြည့်နေမှာလို့ အဖေ ပြောခဲ့တယ်မဟုတ်လား"

အဖေက ဓာတ်ပုံထဲမှစကားပြောနေသဖြင့် မင်းဦး အဖေ့ဓာတ်ပုံကိုကြည့်ကာ. . .

"ဟုတ်ကဲ့. . ဟုတ်ကဲ့" ပြန်လုပ်လိုက်ရသည်။

"မင်းနဲ့ ကျင်စိန် လက်ထပ်ခဲ့တာ အားလုံးအတွက်၊ မိသားစုဂုဏ်သိက္ခာအတွက်ကွ၊ ဒါကြောင့် မင်းသူ့ကိုထားခဲ့ဖို့ စိတ်မကူးနဲ့၊ သူ့ကိုထားခဲ့ရင် မင်းကို ငါလာခြောက်မှာနော်"

"ဗျာ!. . ဟာ. . မ. . မလာပါနဲ့ အဖေရယ်"

မိုးသံလေသံကို အဖေ့အသံအဖြစ် မူးမူးနှင့် ကြားမိတာလား တကယ်ပဲလာရောက် သတိပေးနေသလားဆိုတာတော့ မကွဲပြား။

မင်းဦး ကြောက်လန့်သွားတာတော့ သေချာသည်။

သူ ကျင်စိန့်ကို မနိုးရဲတော့ဘဲ ဘေးမှာကွေးကွေးလေး ဝင်အိပ်လိုက်ရလေတော့၏။







# အခန်း ( ၇ )

မနက်ခင်းက ရှုပ်ထွေးစည်ကား ဆူညံစွာဖြင့် နိုးထလာသည်။ စူးရှရှအလင်းရောင်နှင့် စီစီညံညံ အသံတို့ကြောင့် မင်းဦး လန့်နိုးသွား၏။ နိုးသည်နှင့် ခေါင်းကိုက်ဝေဒနာကို ခံစားနေရမှန်း သတိပြုမိသည်။ ညက မျှားသွားသည်ကိုး၊ နိုးလာမှ ညက ဘာတွေ ဖြစ်ခဲ့သလဲဆိုတာ တစ်ခုချင်း ပြန်စဉ်းစားကြည့်၏။ သူ တံတားပေါ်မှာ အောင်ဒင်နှင့် ဆုံခဲ့တာ ပြန်သတိရသည်။

အောင်ဒင် မြှောက်ပေးခဲ့သဖြင့် အိမ်ပြန်လာပြီး ကျင်စိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းဖို့ပြောသည့်ကိစ္စ စဉ်းစားမိတော့ မင်းဦး ငေါက်ခနဲထထိုင်မိ၏။ ထိုကိစ္စပြောမိသလား မပြောဖြစ်ဘူးလားဆိုတာ ပြန်စဉ်းစား၍မရတော့။

ထို့အတွက် အထိတ်တလန့်ဖြစ်ပြီး ကုတင်ပေါ်မှ ဆင်းခဲ့၏။ ခေါင်းကိုက်တာ သက်သာအောင် ရေချိုးခေါင်းလျှော်လိုက်သည်။ အဝတ်အစားလဲနေစဉ်မှာ ထမင်းစားခန်းထဲမှ စကားသံတွေ ကြားရ၏။

"ဟင်းတွေက ငန်လိုက်တာ၊ ကိုဦး ဘယ်လိုလုပ် စားတော့မလဲ"

"ငါ့ပါးစပ်ထဲတော့ ပေါ့နေသေးသလိုပဲ"

"ဟင်. . ဒါဆို. . ဟင်းတွေထဲ အဘွား ဆားခက်တယ်ပေါ့ဟုတ်လား"

"အေး. . ငါ့မြေးအတွက် ခူးခပ်ဖယ်ထားပြီးသားပါအေ၊ တို့စားမယ့်အထဲပဲ ခတ်ထားတာပါ"

"ဟုတ်လား. . တော်သေးတာပေါ့၊ အင်း. . ကျွန်မလည်း သူစားသလို အငန်လျှော့စားရင်းနဲ့ အပေါ့ပဲကြိုက်သွားလား မသိပါဘူး"

မိန်းမဖြစ်သူ ပြောတာကြားပြီး မင်းဦး စိတ်မကောင်းဖြစ်သွားသည်။ ဆီးချိုရှိသည့် လင်အတွက် ကိုယ်တိုင် အရသာအပျက်ခံကာ အတူလိုက် စားသောက်ပေးရှာသော ကျင်စိန့်ကို မသနားစဖူး သနားသွားမိသည်။

အဝတ်အစားလဲပြီး ထမင်းစားခန်းသို့အဝင် ကျင်စိန်ကို မြင်လိုက်ရသည့်အခါမှာတော့ သနားစိတ်လေးပျောက်ပြီး စိတ်ကုန်သွားရ၏။ သူ မဝတ်တော့သည့် မတော်တရော် တီရှပ်အဟောင်းကို ကျင်စိန် ဆင်မြန်းထားသည်။ အောက်ကလည်း ဘေထုပ်ထဲက ကွာတားဘောင်းဘီနှင့်ဆိုတော့ ဘာပုံပေါက်နေမှန်းမသိ ကြည့်ရအာတော်ဆိုး၏။





နဂိုကမှ ကြည့်လို့ရှုလို့ အဆင်ပြေအောင် မဝတ်တတ်ရသည့်ကြားထဲ ခုလို မတော်တရော် ကောက်စွပ်ထားတော့ ပုံပျက်ပန်းပျက် ဖြစ်လို့နေသည်။ မင်းဦး ဘာစကားမှမပြောဘဲ မနက်စာသာ အသံတိတ် စားနေလိုက်၏။ ကျင်စိန်က မင်းဦးအား စိုးရိမ်မကင်း အမူအရာနှင့်ကြည့်ရင်း. .

"ကိုဦး ညက ဘယ်အချိန်ပြန်ရောက်တာလဲဟင်"

"အင်း. . ဆယ်နာရီကျော်လောက်ထင်တယ် ကိုယ်ပြန်လာတော့ မင်း အိပ်မောကျနေပြီလေ၊ ဒါကြောင့် မနှိုးတော့တာ"

"ဟုတ်လား. . . ပြန်လာတာလည်း နောက်ကျလိုက်တာ ကိုဦးရယ်၊ အလုပ်က ဒီလောက်ပဲများသလား"

လင်ပင်ပန်းတာကို မကြည့်ရက်သည့် သဘောနှင့်ပြောတာဖြစ်သော်လည်း နဂိုကမှ အပြစ်မြင်နေတာဆိုတော့ စကားများလိုက်တာဟုသာ သုံးသပ်မိတော့၏။

မင်းဦး ဘာမှမပြောတာတောင် သတိမထားမိသေးဘဲ ကျင်စိန် စကားဆက်ပြန်သည်။

"ညက အိပ်မက်အကြောင်း ပြောပြရအုံးမယ်၊ အိမ်မက်တာ ကိုဦးအဖေကို မက်တာ. ."

"ဟင်!. ."

အံ့ဩလွန်း၍ မင်းဦး အသံပါထွက်သွားရသည်။ မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လည်း မြင့်တက်သွားသလို ညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြန်သတိရလာသည်။ သူကွာရှင်းမည့်စကား ကျင်စိန့်အား နှိုးပြောပြောခဲ့သော်လည်း အဖေ့အသံကြားကာ ဆက်မပြောဖြစ်ခဲ့တာ အမှတ်ရသွားသည်။ တော်ပါသေးရဲ့ဟု တွေးနေစဉ် . . .

"အ. . အဖေ့ကို. . ဘာ. . ဘာတွေမက်လဲဟင်"

"အိပ်မက်ပဲ ကိုဦးရယ်၊ အဖေက မကျွတ်ဘူးလား မသိဘူး"

"ဟင်!"

"သူ. . ကျွန်မတို့ကို စိတ်မချဘူးဖြစ်နေတာ၊ အဲဒါ အိပ်မက်ပေးပြီး အသိပေးတာနဲ့တူတယ်"

"အင်း. ."

"သူ သိပ်ဆာနေတယ်တဲ့၊ တစ်ခုခု စားချင်တယ်လို့လဲ ပြောသေးတယ်၊ အိပ်မက်မဆုံးခင်မှာ ကိုဦးခေါ်သံကို ကြားနေရတယ်၊ အိပ်ချင်မူးတူးနဲ့ဆိုတော့ အိပ်မက်ထဲကခေါ်နေသလိုလို၊ အပြင်ကခေါ်နေသလိုလို မသဲကွဲတာနဲ့ဘဲ မထဖြစ်ဘဲ ပြန်အိပ်ပျော်သွားတာလေ၊ ရှင်ကလည်း တစ်ခုခုပြောချင်လို့ နှိုးတဲ့ပုံနဲ့. . ."

"ဟုတ်လား. . စိတ်စွဲလို့ မက်တာနေမှာပါ ကျင်စိန်ရယ်"

ကျင်စိန့်အိပ်မက်ကြောင့် အဖေ့အတွက် စိတ်မကောင်းဖြစ်မိသော်လည်း လောလောဆယ် ထိုကိစ္စတွေ ခေါင်းထဲမထည့်အား၊ ကြည်ပြာမျက်နှာ ကြည်သာလာဖို့အရေး ကျင်စိန့်ကို ဘယ်လို ပထုတ်ရမလဲဆိုတာပဲ တွေးနေမိသည်။

"ကောင်းမှုကုသိုလ် တစ်ခုခုလုပ်ပေးရင် ကောင်းမယ်ထင်တယ် ကိုဦး"

"အင်း. . အင်း. . နောက်တစ်ပါတ် ရုံးပိတ်ရက်ရောက်မှ





ကြည့်စီစဉ်ကြတာပေါ့၊ နောက်ကျနေပြီ ကိုယ်သွားတော့မယ်"

"ကိုဦး. ."

မင်းဦးထွက်မည်အလုပ် ကျင်စိန်က ထပ်ခေါ်နေသဖြင့်. .

"ဘာလဲ ကျင်စိန်ရယ်"

ကျင်စိန်က လက်ညှိုးထိုးပြရင်း. .

"ဘောင်းဘီဇစ်ပြုတ်နေတယ် အပေါ်ဆွဲမတင်ရသေးဘူးနော် ကိုဦး"

ငုံ့ကြည့်မှ ဟုတ်နေသည်။ သူ့အတွင်းခံ ဘောင်းဘီလေးပါ မြင်နေရ၏။ ဇစ်မဆွဲဘဲ သူအပြင်ထွက်ဖို့ စိတ်စောနေသည်။ ညက ဗန္ဒုလတံတားပေါ် သေးပန်းခဲ့သော်လည်း ဇစ်ပိတ်ဖို့တော့ သူမေ့နေခဲ့သည်။

"ဗို. ."

ဆွဲတင်အပြီး. .

"တော်သေးတာပေါ့. . မင်းသတိပေးလို့. ."

"စောစောပြန်ခဲ့နော်၊ အခုတလော ရှင့်ကိုယ်က အရက်နံ့တွေ ရလာတတ်တယ်၊ ရှင် အရက်တွေသောက်နေသလား"

"မ. . မသောက်ပါဘူးကွာ. ."

"ရှင့်မှာ ဆီးချိုရှိတယ်နော်. . သောက်တာတွေ့လို့ကတော့ ရှင် အသေပဲမှတ်. ."

မင်းဦး ခေါင်းမညိတ်ခေါင်းမခါဘဲ ထထွက်လာခဲ့၏။ သူ့ကား လမ်းထဲကထွက်သည်နှင့် ကြည်ပြာထံ ဖုန်းလှမ်းဆက်သည်။ ခွင့်တင်လိုက်ပါဟုပြောသဖြင့် စိတ်ပူပြီး တိုက်ခန်းသို့ လိုက်သွား၏။

ရောက်သွားတော့လည်း ပြင်ပြင်ဆင်ဆင် လှလှပပနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာ့ကိုတွေ့ရ၍ စိတ်အေးသွားရသည်။

"ခွင့်တင်လိုက်ပါဆိုလို့. . ဘာများဖြစ်လဲဆိုပြီး စိတ်ပူလို့ ရောက်လာတာ"

"ဂရုစိုက်ပေးဖော် ရသေးသားပဲ"

"ကြည်ပြာရယ် မင်းကိုကိုယ် ဘယ်လောက်ချစ်သလဲဆိုတာ သိရဲ့သားနဲ့"

ထို့နောက်မှာ မင်းဦး စကားမပြောတော့သလို ကြည်ပြာ့ကိုလည်း ပြောခွင့်မပေးတော့။ သုံးရက်လောက် အနားကပ်ခွင့်မရတာတွေအတွက် အတိုးချပြီး ပွေ့ဖက်နမ်းရှိုက်ပစ်လိုက်သည်။

ကြည်ပြာ ခန္ဓာကိုယ်တောင့်တင်းနေရာမှ နူးညံ့ပျော့ပြောင်းလာ၏။ တုံ့ပြန်အနမ်းတွေနှင့် စိတ်တူကိုယ်တူ ဖြစ်သွားသည်။ စွဲမက်ဖွယ် အထိအတွေ့ကို အသစ်တစ်ဖန် ပြန်လည်ခံစားခွင့်ရ၏။ သွေးဆူပွက်နေပြီဖြစ်သည့် မင်းဦး နောက်တစ်ဆင့်တက်ဖို့ ကြိုးစားသည်။

ထိုအဆင့်မှာ ကြည်ပြာ၏ အလိုက်သင့်တုန့်ပြန်မှုတွေ ရပ်တန့်သွား၏။ မင်းဦးကိုလည်း တွန်းဖယ်ထုတ်လိုက်၏။ တွန့်လိပ်သွားသော အဝတ်အစားတွေကို ဆွဲဆန့်ရင်း သူစိမ်းပြင်ပြင်တစ်ယောက်အား ကြည့်သလိုမျိုး၊ မှုန်တေတေနှင့်. .

"ဘယ်လိုဖြစ်သွားရတာလဲ ကြည်ပြာရယ်၊ ကိုယ်တို့ ဒီလိုမျိုး မဆုံဖြစ်တာ ကြာပြီလေ"

"တော်ပြီ ကိုဦး၊ ဒါမျိုးမရတော့ဘူး. . ကြည်ပြာတို့ အပေးအယူလုပ်ထားတယ်လေ၊ ရှင့်မယားကို မထားခဲ့နိုင်ဘူးဆိုရင် ကြည်ပြာ့ အနားကပ်ဖို့လည်း မစဉ်းစားနဲ့. . ဟုတ်ပြီလား၊ ကဲ. . သွားပါတော့ ရှင့်အလုပ် နောက်ကျလို့မဖြစ်ဘူး"





မျက်နှာရှစ်ခေါက်ချိုးနှင့် နှင်ထုတ်နေသော ကြည်ပြာ့ကို အသနားခံလို့ ရမှာမဟုတ်တာသိ၍ မင်းဦးခေါင်းငိုက်စိုက်ချပြီး ထွက်လာခဲ့ရတော့၏။

ထိုနေ့တစ်နေ့လုံး မင်းဦး အလုပ်ထဲစိတ်မပါဘဲ တငိုင်ငိုင်တတွေတွေ ဖြစ်နေသည်။ မဖြစ်မနေ တင်ပြရမည့် အလုပ်တစ်ခုပြီးသည်နှင့် မင်းဦးပြန်လာခဲ့၏။ အိမ်ပြန်ပြီး ကျင်စိန်နားမှာနေဖို့တော့ စိတ်ကူးမရှိ။ ဘာလုပ်ရင် ကောင်းမလဲတွေးရင်းနှင့်ပင် သူတို့လမ်းထိပ်က အရက်ဆိုင်သို့ ရောက်လာ၏။

အနည်းငယ်စောနေ၍ ဆိုင်မှာလူရှင်းနေသည်။ တစ်ပြားနှင့် အမြည်းစုံမှာရင်း တစိမ့်စိမ့်သောက်နေလိုက်၏။ သောက်ရင်းတွေးမိသည်က ကြည်ပြာ့အကြောင်းသာ ဖြစ်သည်။

ကျင်စိန့်ကို ဘယ်လိုပြဿနာရှာပြီး ဘယ်လိုကွဲအောင်လုပ်ရမှန်းမသိ၍လည်း ရင်မအေးနိုင် ဖြစ်နေ၏။ ကြည်ပြာက ခုနစ်ရက်သာ အချိန်ပေးထားသည် မဟုတ်လား။

တွေးလေပူလေဖြစ်လာသော ဦးနှောက် အေးသွားအောင် ရေခဲစိမ်အရက်လောင်းပေးခဲ့တာ ပုလင်းပြားတစ်ဝက် ကျိုးလာခဲ့ပြီ။ မိန်းမကို သတ်ပစ်ရကောင်းမလား တွေးကြည့်တော့လည်း လက်ရဲ ဇက်ရဲ မလုပ်ရဲ၊ အဲဒီလောက် သူ သတ္တိမရှိတာ သေချာသည်။

အလိုလိုနေရင်း သေသွားရင် ကောင်းမယ်ဟု. . တွေးပြန်တော့လည်း ကျင်စိန် ဒေါင်ဒေါင်မြည် ကျန်းမာနေတာသိ၍ စိတ်ဓာတ်ကျသွားပြန်သည်။ မင်းဦး အရက်မော့လိုက် ခေါင်းရမ်းလိုက် ဖြစ်နေစဉ်. .

"ဟော. . ငါ့ညီက ဒီရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကိုအောင်ဒင်ပါလား၊ ဘယ်ကလှည့်လာတာလဲ"

ခပ်လှမ်းလှမ်းမှ တီဗွီဆိုင်လေးကို လက်ညှိုးထိုးပြကာ အောင်ဒင်က ဝင်ထိုင်ရင်း. .

"အဲဒါ ငါ့ဆိုင်လေ၊ တီဗွီက ငါပြင်တာမဟုတ်ဘူး ငါ့သား ပြင်တာ. .၊ ငါက ဗေဒင်ဟောတယ်"

"ဩော်. . ခင်ဗျားက ဗေဒင်ဆရာကိုး၊ ကျုပ်က အဝေးကြီး မှတ်နေတာ တစ်ရပ်ကွက်ထဲသားတွေပဲ"

အောင်ဒင်က တပ်ထားသော နေကာမျက်မှန်ကို ချွတ်၍ စားပွဲပေါ် တင်လိုက်၏။

"ဟင်. . ခင်ဗျားမျက်နှာက ဘာဖြစ်တာလဲ"

အောင်ဒင့်မျက်နှာ၌ ဖူးရောင်နေ၏။

"ငါ့ညီက ဘာဖြစ်တယ်ထင်လို့လဲ၊ ငါ့မျက်နှာကို သေချာ ကြည့်ပါဦး၊ ရန်ဖြစ်ထားလို့ နဲနဲထိထားတာကွ"

"ဘယ်သူနဲ့လဲ မိန်းမနဲ့လား"

အောင်ဒင်က မဲ့ကာရွဲ့ကာနှင့်. .

"မဟုတ်ပါဘူးကွာ. . ဘေးအိမ်က ခွေးတစ်ကောင်နဲ့ ရန် ဖြစ်ထားတာ. .၊ ညဘက် ငါ ကာရာအိုကေဆိုတာကို နားညည်း တယ်ဆိုပြီး အိမ်ရှေ့ကလာဆဲတာလေ. .၊ အောင်ဒင့်ကို ဒါမျိုးလာ လုပ်လို့ ဘယ်ရမလဲ ထွက်ဆော်ပစ်တာပေါ့. .၊ အဲဒီကောင်လည်း ဆေးရုံတစ်ခါတည်းပို့လိုက်ရတယ်. .၊ ငါက ဒါလေးပဲထိသွားတာ မင်းဦးရ. . ဟား. . ဟား"

အောင်ဒင်က သူ့ဒဏ်ရာများကို ထောက်ပြရင်းပြော၏။

"မသိပါဘူး ခင်ဗျားမိန်းမ ဆော်လိုက်တယ်မှတ်လို့"





"ဒါနဲ့. . မင်းမိန်းမကို ကွာပြီးပြီလား"

ဗေဒင်ဆရာအောင်ဒင်က တွေ့တွေ့ခြင်း စောက်နှင့်ထွင်းကာ မေးလိုက်၏။ မင်းဦး စိတ်ပျက်လက်ပျက်နှင့် ခေါင်းရမ်းပြလိုက်သည်။

အောင်ဒင်က အရက်တစ်ခွက် ငှဲ့သောက်လိုက်ရင်း. .

"အသစ်ကို ပိုင်ဆိုင်ချင်ရင် အဟောင်းကို စွန့်ပစ်ရမှာပဲ. . ခဲရဲဝံ့ဝံ့ လုပ်မှပေါ့ကွ၊ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်းဆိုတာ မင်း လည်းကြားဖူးမှာပေါ့"

"မကြားဖူးဘူး၊ ကျုပ်မိန်းမကို မပြောရဲလို့ဗျ. .၊ ပြီးတော့ ကျုပ်အဖေကို ကတိပေးထားခဲ့တာလည်းပါတယ်"

"မပြောရဲတာလား. . မလုပ်ရဲတာလားကွာ. .၊ မင်းက ကတိပေးခဲ့တယ်ဆိုတော့ မင်းအဖေက ရှိသေးလို့လား"

"မရှိတော့ဘူး"

"ဒါဆို ဘာမှဂရုစိုက်စရာ မလိုပါဘူးကွာ၊ မင်းက ဘာကတိ တွေ ပေးထားလို့လဲ"

"သက်ဆုံးတိုင်ပေါင်းပါ့မယ်. . မကွာရှင်းပါဘူးပေါ့၊ ကျုပ် ကျိန်ဆိုပြီးပြောခဲ့ရတာ၊ ဒီမိန်းမကို အဖေပဲပေးစားခဲ့တာလေ. . ဒါကြောင့် ကျုပ်မကွဲရဲဘူးဖြစ်နေတာ"

"အဟင်း. . ဟင်း. . မင်းက သားလိမ္မာလေးပေါ့"

"ကျုပ်. . ကြည်ပြာလေးနဲ့ပဲ အတူနေချင်ပြီဗျာ"

အကြံပေးအောင်ဒင်လည်း ငိုင်သွားသည်။ အရက်နှစ်ပုံစာ သောက်မော့ အမြည်းသုံးဖွန်းလောက်စားပြီး ဆေးလိပ်တစ်လိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖွာကာ အကြံထုတ်ပြန်သည်။ စီးကရက် ကုန်ကာနီးမှ. .

"ဟုတ်ပြီ တောင်တန်းကြီးက ကိုယ့်ဆီမလာရင်. . ကိုယ်က တောင်တန်းကြီးရှိရာကို သွားမယ်ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား"

"ဟင့်အင်း. . ဘယ်စာအုပ်ထဲကလဲ"

"ဟာ. . ဒီကောင်. . စကားအကောင်းပြောနေတာကွ၊ မင်းကစပြီး မကွာရှင်းရဲဘူးဆိုရင်. . မင်းကိုစိတ်ပျက်လာအောင် လုပ်ရမယ်၊ 'ရှင့်ကို မပေါင်းနိုင်တော့ဘူး' ဆိုပြီး မင်းမိန်းမပါးစပ်က ထွက်လာအောင် လုပ်ရမယ်"

"ဘယ်လို. . ဘယ်လို"

"မင်းကလည်း ဝေးပါ့ကွာ၊ မင်းကို မင်းမိန်းမ ဆက်ပေါင်းချင်စိတ်မရှိအောင်လုပ်လို့ ပြောတာရှင်းလား၊ မင်းက ထားမသွားရဲရင်. . မင်းကိုထားသွားအောင် လုပ်ရမယ့်သဘောကွ"

မင်းဦး၏ ကန်းနေသည့် ဦးနှောက်အား ဆေးကြောသန့်စင်ပေးကာ ဉာဏ်သစ်လောင်းလိုက်သလို ပွင့်ထွက်သွား၏။ အောင်ဒင့်စကားက သွေးထွက်အောင် မှန်နေသည်။

"ဟုတ်ပြီဗျာ. . ဟုတ်ပြီ. .၊ ခင်ဗျားပေးတဲ့အကြံက သိပ်ကောင်းတာပဲ၊ အဲဒီလို စိတ်ပျက်ပြီး မိန်းမက စကွာရှင်းလာအောင် ကျွန်တော်ဘာတွေလုပ်ရမလဲ"

"ဟား. . မင်း လဒုပဲကွာ. . ဒါလေးတောင် မသိဘူးလား မိန်းမတွေ ဘာကိုမကြိုက်ဘူးလဲ၊ အဲလိုမကြိုက်တာတွေ အကုန်လုပ်. . ပြီးတော့ လူဆိုးကြီးတစ်ယောက်လို သရုပ်ဆောင်ကောင်းရမယ်"





"ဟုတ်ပြီ. . အိမ်မှာအရက်သောက်မယ်၊ မိန်းမကိုရိုက်မယ် သည်းမခံနိုင်အောင် ရစ်မယ်"

"ဟုတ်လိုက်လေကွာ အစွမ်းကုန်ဆိုးပစ်၊ တေပစ်လိုက်. . ဘာပဲလုပ်လုပ် မင်းကိုမုန်းအောင် အမြင်ကတ်အောင် ရည်ရွယ်ပြီးလုပ်၊ မင်း ဘာကြောင့် ဒီလိုဆိုးသွားတာပါလိမ့်လို့ တွေးချိန်မရအောင်ကို ဘက်စုံကြမ်းပစ်လိုက်ကွာ. . ပြီးရော"

"ကြိုက်ပြီဗျာ ချီးယား(စ်)"

"ခွမ်း!!"

အားပါစွာ တိုက်လိုက်သဖြင့် ဖန်ခွက်နှစ်ခွက်လည်း ကွဲသွားလေတော့သည်။

"ဟား. . ဟား. . ဟား"

နှစ်ယောက်သား ရယ်လိုက်ကြ၏။ ရေနစ်ပြီး သေအံ့မူးမူး သူတစ်ယောက် ကောက်ရိုးမျှင်တစ်မျှင် ဆုပ်ကိုင်မိလိုက်သလို မင်းဦးအားတက်သွား၏။ လေးလံထိုင်းမှိုင်းနေသော သူ့စိတ်တွေ ပေါ့ပါးသန်းဆန်းကာ ကြည်လင်သွက်လက်သွားသည်။

"တစ်ခုတော့ ရှိတယ်၊ သူ့အမုန်းကို မင်းခံနိုင်ပါ့မလား၊ အဲဒါလည်း စဉ်းစားဦး"

"ဟာဗျာ မုန်းအောင်ကိုလုပ်မယ်. .၊ ဒါမှ ကြည်ပြာလေးနဲ့ ဆက်ဆက်လို့ရမှာ. ."

"အေး. . စိတ်ခိုင်ရင် လုပ်လိုက်တော့ဟေ့"

ပုလင်းထဲက လက်ကျန်အရက်ကို ဆတ်ခနဲ ကောက်ယူကာ အောင်ဒင် မော့ပစ်လိုက်သည်။ တောသူမ အမုန်းကိုခံယူဖို့အတွက် ကြိုတင်ပြင်ဆင်သည့်အနေနှင့် မင်းဦး အရက်ပုလင်းကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပါဆယ်ဆွဲလိုက်၏။

"တွေ့ကြသေးတာပေါ့ ကျင်စိန်ရယ်၊ မင်းပဲ စိတ်ပျက်မလား ငါပဲသေမလားပေါ့. . ဟင်း. . ဟင်း"







# အခန်း ( ၈ )

ဒီနေ့ တနင်္ဂနွေနေ့မို့ မင်းဦး ရုံးပိတ်ရက်ဖြစ်သည်။ အရင်တာ ရုံးပိတ်ရက်တိုင်း အကြောင်းအမျိုးမျိုးပြကာ ကြည်ပြာ၏ ရင်ခွင့်ထဲ့ဖို့ အပြင်ထွက်လေ့ရှိသော မင်းဦးမှာ ဒီနေ့တော့ မနက်ကိုးနာရီကျော်တာတောင် အခန်းထဲကမထွက်သေးဘဲ ရှိနေသေး၏။

ကျင်စိန့်အမုန်း စစ်ဆင်ရေးကို ဒီနေ့စမည်။ ဖွက်ထားသော အရက်ပုလင်းထုတ်ကာ အားပါးတရ မော့သောက်လိုက်၏။

ထို့နောက် မှန်ရှေ့ရပ်ကာ အမူအရာကို အရင်ဆုံးလေ့ကျင့်သည်။ ကျေနပ်တော့မှ သူအခန်းထဲကထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မမှုးသေးသော်လည်း ကိုကြီးကျော်ပူးနေသော နတ်ကတော်လို ဟန်ဆောင်ဖို့တော့ အသင့်ဖြစ်နေပြီ။ အရက်မှုးသမားစတိုင် ယိုင်ထိုးယိုင်ထိုးနှင့် ကျင်စိန့်ဆီလျှောက်လာ၏။ ကျင်စိန်က သူ့ကိုကျောပေးလျှက် မနက်စာစားနေ၏။

လျှောက်လာရင်း ခနရပ်ကာ ဆံပင်တွေကို ထိုးဖွသည်။ မျက်လုံးကို နီရဲနေအောင်ပွတ်သည်။ အကျီလက်မောင်းတစ်ဘက်ကို ပုခုံးပေါ် ဆွဲတင်ကာ အမူးသမားလူမိုက်ပုံပေါက်သွားအောင် လုပ်ရသည်။ အနားအရောက် ကျင်စိန် မော့ကြည့်လာကာ. .

“စားတော့မလား ကိုဦး”

“ဝုန်း!!”

မင်းဦးက မဖြေသေးဘဲ ထိုင်ခုံပေါ် ခြေတစ်ဖက်လှမ်းတင်ကာ ကျင်စိန့်ကို ဘုကြည့်ကြည့်လိုက်၏။ မင်းဦး အမူအရာက ထူးဆန်းနေ၍ ကျင်စိန် မျက်လုံးပြူးသွား၏။ ပြီးတော့ မင်းဦး စားပွဲပေါ်မှ ကန်စွန်းရွက်ကြော်ကို လက်နှင့်နှိုက်မြည်းကြည့်သည်။

“ကိုဦး ဘယ်လိုလုပ်တာလဲ. . ဒီမှာဇွန်းရှိတဲ့ဟာကို”

မင်းဦး မကြားချင်ယောင်ဆောင်ကာ တစ်ချက်နှစ်ချက်ဝါးကာ အရသာခံပြီးနောက်. .

“ဝေါ့. . ထွီ. . .”

စားလက်စကို တွေးထုတ်ပစ်ကာ. . မင်းဦး ဒေါသတကြီးလေသံနှင့်. .

“တောက်!. . . ဝါးလို့ကိုမရဘူး ဘယ်လိုချက်ထားတာလဲ၊ ချက်တာ စောက်သုံးကိုမကျဘူး”

ဒီလိုအမူအရာ ဒီလိုအပြောအဆိုမျိုး တစ်ခါမှ မကြုံဘူးသ





ဖြင့် ကျင်စိန် အံ့သြကာ မင်းဦးအား ပြူးကြောင်ကြောင်နှင့် ကြည့်နေရှာသည်။

“ငါ့အစာအိမ်က ဒီလိုညံ့ဖျင်းတဲ့ဟင်းတွေကို လက်မခံတော့ဘူးကွ၊ ငါသည်းခံပြီး စားလာရတာ ခုနစ်နှစ်ရှိနေပြီကွ. . ”

ပြောပြောဆိုဆိုနှင့် မင်းဦး ကန်စွန်းရွက်ပန်းကန်ကို ကောက်ယူကာ ကြမ်းပြင်ပေါ် ပစ်ခွဲလိုက်တော့၏။

“ခလွမ်း!!”

“ဟင်!”

မင်းဦးက ဘီလူးသရဲ စီးသလို အမူအရာနှင့် ဟင်းပန်းကန်များကို တစ်ခုပြီးတစ်ခု ကိုင်ပေါက်ခွဲပစ်လိုက်သည်။ နောက်ဆုံး ကျင်စိန်စားလက်စပန်းကန်ကိုပါယူ၍ ပစ်ခွဲလိုက်တော့သည်။ အစတော့ ကျင်စိန် ကြောင်ကြည့်နေသေးသည်။ သူစားနေတဲ့ပန်းကန်ကွဲမှ ဝုန်းခနဲ ထရပ်လာသည်။

ဟန်လုပ်ဒေါပွနေသော မင်းဦးအား ကျင်စိန်က တကယ့်ဒေါသမျက်ဝန်းများနှင့် ကြည့်နေလေ၏။ မျက်နှာချင်း ထိကပ်လုနီးပါး အပြိုင်ကြည့်နေသည်မို့ မင်းဦးထံမှအနံ့ကို ကျင်စိန်ရသွားလေတော့သည်။

“ဟင်!. . ရှင်. . ရှင် အရက်တွေသောက်ထားတယ်”

“အေး. . ဟုတ်တယ် ဘာဖြစ်လဲ”

“ရှင်မေ့နေပြီလား၊ ဆီးချိုသမား အရက်နဲ့မတည့်ဘူးဆိုတာ ဆရာဝန်က မသောက်နဲ့လို့ မှာထားတယ်လေ”

“သေ. . အေးတာပဲ”

“မသေဘဲ ဂီလာန ဖြစ်နေမှာစိုးလို့ ပြောနေတာ၊ နေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဦး မင်္ဂလာဦး လက်ဖွဲ့ရထားတဲ့ ပန်းကန်တွေ ဘာဖြစ်လို့ခွဲပစ်ရတာလဲ”

“ခွဲတယ်ကွာ ဘာဖြစ်လဲ”

“ခုနေပြန်ဝယ်ရင် တစ်လုံးဘယ်လောက်မှတ်နေလဲ. . ရှင့်လခလဲ ကျွန်မကို တပြားမှမအပ်တော့တာကြာပြီ”

အခြေအနေက ကျင်စိန် အသားစီရနေသလို ဖြစ်လာ၍ အောင်ဒင်၏ ဘက်စုံကြမ်းပစ်လိုက်ဟူသည့် အမှာစကားကို ပြန်ကြားကာ ပွဲကြမ်းဖို့ ဆုံးဖြတ်လိုက်သည်။

“ဘယ်လောက်ဖြစ်ဖြစ်ကွာ၊ မင်းကများ ငါ့တို တစ်ခွန်းမခံ ပြန်ပြောနေတယ်ပေါ့ ဟုတ်လား. . ကဲကွာ. . ကဲကွာ”

“ဖြောင်း!. . ဖြောင်း!. . ”

မင်းဦးက ကျင်စိန်၏ ပုခုံးကို လက်ဝါးစာ ကျွေးပစ်လိုက်၏။ ထင်မှတ်မထား၍ ကျင်စိန် အငိုက်မိကာ အရိုက်ခံလိုက်ရသည်။

“ဩော်. . ရှင်က မူးရူးပြီး ကျုပ်ကိုရိုက်တယ်ပေါ့၊ အဲလိုလုပ်တိုင်း ခံနေမယ့်မိန်းမ မဟုတ်ဘူးဟေ့. . ကဲဟယ်. . ကဲ. . ကဲ”

“ဘုန်း!. . ဖြန်း!. . ဖြောင်း!. . ”

ကျင်စိန် သူ့ထက်လက်သွက်မှန်း ပက်ပင်းသိလိုက်ရသည့် မင်းဦး. . ရိုက်ချက်များကို ကာကွယ်ရင်း ရှောင်တိမ်းကာ နောက်ဆုတ်ရတော့၏။ ကံဆိုးချင်တော့ ပန်းကန်ကွဲနှင့် ဟင်းတွေကို နင်းမိကာ ချော်လဲတော့သည်။

“အား!. . အောင်မလေးဗျ သေပါပြီ”

အကျမတော်တလှမ်းနှင့် မင်းဦး ဖင်နှောင့်ရိုးနာသွားလေသည်။ ဒီမိန်းမကို လက်ရုံးချင်းယှဉ်လို့မရမှန်းသိ၍ ချော်လဲရာထိုင်





ဆိုစကားအတိုင်း အော်ဟစ်ပြီး သတိမေ့ချင်ယောင် ဆောင်လိုက်ရတော့သည်။ ထိုအခါမှ မင်းဦးသက်သာရာ ရသွားသလို တကယ်ထင်မှတ်၍ စိုးရိမ်သွားသော ကျင်စိန်၏ ဂရုစိုက်ပြုစုမှုကိုပါ ရသွားလေတော့၏။

ကြပ်ပူထိုး နှိပ်နယ်ပြုစုပြီး အိပ်ခိုင်းထားခဲ့ကာ. . ကျင်စိန် ထမင်းစားခန်းရှင်းဖို့ ထွက်သွား၏။ ရန်ဖြစ်တာ ရိုက်တာနှက်တာ တစ်ခါမှမလုပ်ဘူး၍ သရုပ်ဆောင်တာ မအောင်မြင်သည့်အဆုံး မင်းဦး စိတ်ဓာတ်ကျသွားလေသည်။

ကျင်စိန်လည်း ပန်းကန်ကွဲတွေ ရှင်းလင်းပြီး အဘွားရဲ့သတိပေးစကားကို နာရသည်။

“ညည်းယောကျ်ား ဘာဖြစ်နေလဲမသိဘူးနော်. . တစ်ခုခုတော့ တစ်ခုခုပဲ ကျင်စိန် ညည်း သတိလည်းထားဦး၊ လင်ကို ဒီအတိုင်းကြီး လွှတ်မထားသင့်ဘူး”

“အင်းပါ. . အဘွားရယ်”

“ယောကျ်ားတစ်ယောက် မူပျက်နေပြီဆိုရင် မျက်စိဖွင့် နားစွင့်သာနေတော့ ကျင်စိန်ရေ. . အလစ်မပေးနဲ့ ကြားလား”

အဘွားက တီးတိုးသတိပေးကာ တလှုပ်လှုပ်နှင့် ထွက်သွားတော့၏။ လင်ကြောင့် စိတ်ရှုပ်ရသည့်ကြားထဲ. . အဘွားကလည်း ဘာတွေပြောမှန်းမသိဘူး ဟုတွေးရင်း အိမ်အလုပ်ကိုသာ ဇယ်စက်သလို လုပ်နေရှာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၉ )

ဗိမ်ကိန်းမန်နေဂျာလုပ်ပြီး ကုမ္ပဏီအောင်မြင်မှုရအောင် ဆောင်ရွက်နိုင်သည့် မင်းဦး. . အိမ်ထောင်ရေး အက်ကြောင်းထင်အောင် Plan မချနိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေ၏။

ရုံးမှာအလုပ်လုပ်ရင်းက ဦးနှောက်ကို နှစ်ပိုင်းခွဲကာ အကြံအစည်တွေ ညှစ်ထုတ်နေရသည်။ ရုံးဆင်းကာနီးလောက်တွင် အလွန့်အလွန်ကောင်းမွန်သော အကြံအစည်တစ်ခုကို ရရှိလိုက်သည်။ မင်းဦး အကြီးအကျယ် အားတက်ဝမ်းသာသွား၏။





စိတ်ကောက်ပြေလိုပြေငြား ကြည်ပြာ့ထံ ဖုန်းဆက်ကြည့်သေးသည်။ ကိုယ့်နံပါတ်ကို Black List သူ့ဖုန်းမှာ သွင်းထားသည်ထင်၏။ ဘယ်လိုမှ ဆက်သွယ်၍မရ၊ ကိစ္စတော့မရှိ. . ကြည်ပြာလိုချင်သည့်အတိုင်း အဖြေတစ်ခု မကြာမီ ရရှိတော့မည်ဖြစ်သည်။

သူ အောင်ဒင့်ထံ ဖုန်းဆက်၍ အရက်ဆိုင်တွင် စောင့်နေရန် ချိန်းလိုက်၏။ အားလုံးစီစဉ်ပြီးမှ မင်းဦး စိတ်အေးလက်အေး ထွက်လာခဲ့သည်။ သူ့အကြံအစည်သာ အောင်မြင်လျှင် သူ့ဘဝက ကျင်စိန့်လက်မှ လွတ်မြောက်ခွင့်ရမည်ဖြစ်သည်။ မင်းဦး အားတက်စွာဖြင့် လေချွန်ကာ ကားမောင်းရင်း အရက်ဆိုင်သို့ ချီတက်လာတော့သည်။

အသောက်သမား ပေဒင်ဆရာအောင်ဒင် ဇွဲကောင်းစွာ ရောက်ရှိနေပြီဖြစ်သည်။ မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် မင်းဦး မျက်နှာမှ အညိုအမည်း ဒဏ်ရာများကို သတိပြုမိသွားသည်။

"ဟာ. . ငါ့ညီ မင်းနေတဲ့ ပတ်ဝန်းကျင်က မကောင်းဘူးနဲ့တူတယ်၊ မင်း ဘေးအိမ်နဲ့ ရန်များဖြစ်လာသလား"

"တိုက်ပွဲခေါ် သံကကျုပ်. . ပြန်ထုတာက ကျုပ်မိန်းမဗျ"

မင်းဦး အဖြစ်ကို ပြန်ပြောင်းပြောပြလိုက်သည်။

"ဖြစ်မှဖြစ်ရလေကွာ. . မင်း ဘယ်လိုဖြေရှင်းလိုက်လဲ"

"အရက်ကိုပဲ အပြစ်ပုံချရတော့တာပေါ့၊ မူးလို့ဖြစ်ရတာပါ ဘာညာနဲ့ပေါ့"

"အင်း. . မင်းပုံစံက ပျော့တီးပျော့ဖတ်နဲ့ဆိုတော့ မအောင်မြင်တာလည်း မပြောနဲ့"

အောင်ဒင် နည်းနည်းပြောပြီး များများသောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးလည်း စကားပြောကောင်းအောင် တစ်ခွက်သောက်ပြီး အမြည်းစားကာ လည်ချောင်းရှင်းလိုက်၏။

"အဟမ်း. . ကျုပ် အကြံတစ်ခု ရထားတယ်"

"အင်း. . ပြောပါဦး"

"အဲဒီအကြံအစည်ကို အကောင်အထည်ဖော်ဖို့ ကျွန်တော့် မိန်းမကို အနိုင်ယူနိုင်မယ့် အားကောင်းမောင်းသန် လူငယ်တစ်ယောက်တော့လိုတယ်"

"ဟေ. . ငါရှိတယ်လေ မင်းဦး"

"ကျုပ်က လူငယ်လိုချင်တာ. . . ဆိုလိုတာက ကျုပ်မိန်းမ အိပ်နေတဲ့အချိန်မှာ အဲဒီကောင်ကို အခန်းထဲဝင်ခိုင်းမယ်၊ ပြီးတော့ ဗီဒီယို ခိုးရိုက်လိုက်မယ်လေ. .၊ ဒါဆို ပြေးမလွတ်တော့ဘူး ကွက်တိပဲ. . ငြင်းလို့လည်းမရတော့ဘူး"

"ဟ. . မင်းအကြံကလည်း ထောင်ကျမယ့်ကိန်း စိုက်နေပါလား"

"ဟာ. . . ခင်ဗျားကလည်း ဘာလို့ဒီလောက်ကြောက်နေတာလဲ. .၊ ကျုပ်မိန်းမကို မေ့ဆေးအုပ်ထားလိုက်မှာပေါ့"

"တယ်ဆိုတဲ့စာပါလား၊ ဒီတစ်ခါတော့. . မင်းဦး မင်းတော်သွားပြီ"

"တော်ဆို. . တစ်သက်လုံး ကောင်းစားဖို့ပဲဟာ ဒီလောက်တော့ အတွေးလေးရင်းရမှာပေါ့"

"အိုကေ. . ချီးယား(စ်)၊ ဒီကိစ္စ အောင်မြင်ပြီလို့သာ ယုံထားလိုက်၊ ဒါနဲ့ နေစမ်းပါဦး မင်း မိန်းမက ဘယ်လိုပုံစံလဲ. . ငါခေါ်တဲ့ကောင်ကို ပြောရအုံးမယ်လေကွာ"





"နေဦး. . နေဦး. . ကျုပ်မှာ သူ့ပုံပါတယ်"

မင်းဦးက ပိုက်ဆံအိတ်ထဲမှ ကျင်စိန်၏ဓာတ်ပုံကို ထုတ်ပြလိုက်သည်။ ထိုပုံကိုကြည့်ရင်း. .

"ဒါကြီးလား. . မင်းမိန်းမက. . "

"ဟုတ်တယ်လေ. . အဲဒါကျုပ်မိန်းမပဲ"

အောင်ဒင် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

"အင်း. . မင်းမပြောနဲ့ ငါတောင် ဒီရုပ်ကြီးကြည့်ပြီး စိတ်ကုန်တယ်"

အောင်ဒင်. . မေးပွတ်ကာ တစ်ချက်စဉ်းစားရင်း. .

"အေး. . . မင်းအကြံကို အကောင်အထည်ဖော်ပေးမယ့် တစ်ယောက်တော့ ငါစဉ်းစားမိပြီ၊ ဒီကောင်က မျက်မှန်ပါဝါအထူကြီးနဲ့ဆိုတော့ မင်းမိန်းမမျက်နှာကို ဝါးတားတားပဲမြင်လိမ့်မယ်"

"ဟာ. . ဝမ်းသာလိုက်တာဗျာ. .၊ သူက ဘယ်သူများလဲ"

အောင်ဒင် အရက်ခွက်ကိုမော့သောက်လိုက်ရင်း. .

"ငါ့သားလေကွာ"

www.burmeseclassic.com





# အခန်း ( ၁၀ )

ဒါ ညချိန်က ညဆယ်နာရီ စွန်းစွန်းရှိနေပြီ၊ ကျင်စိန် အိပ်ရာဝင်သွားတာ ကြာပြီဖြစ်သည်။ မင်းဦးတစ်ယောက်ထဲ ကိုရီးယားအခွေဖွင့်ကာ အသံတိတ်ကြည့်ရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေ၏။

ဇာတ်လမ်းထဲက ကိုရီးယားမလေးတောင် ယောကျ်ားရှိုးကလေးပင်မွေးနေပြီ မင်းဦးစောင့်နေသူက ပေါ်မလာသေး၊ ဆယ်နာရီခွဲအတိမှာ လေချွန်သံကြားရသည်။ မင်းဦး အိမ်ထဲမှထွက်ပြီး





ခြံတံခါးကို အပြေးအလွှား ဖွင့်ပေးလိုက်၏။ အောင်ဒင်နှင့်အတူ မျက်မှန်ထူကြီးတပ်ထားသော လူငယ်တစ်ယောက်ကိုပါတွေ့ရ၏။

"အဆင်သင့်ပဲလား"

"မိန်းမ အိပ်ပျော်နေပြီ အချိန်ကောင်းပဲ"

အိမ်ရှင်ကိုယ်တိုင် လက်ထောက်ချ ပူးပေါင်းပါဝင်နေသည်မို့ ကျူးကျော်သူနှစ်ယောက် အခက်အခဲမရှိ အိမ်ထဲဝင်လာကြသည်။ အိပ်ခန်းဝအရောက် အထဲမှအသံကို မင်းဦးနားစွင့်ကြည့်၏။ အခန်းထဲမှာ ရထားတစ်စီး ခုတ်မောင်းနေသံ ကြားနေရသည်။

"ဒီထက်ကောင်းတဲ့အခွင့်အရေး ရဖို့မလွယ်တော့ဘူး၊ လှုပ်ရှားတော့ ညီလေး"

ပါဝါထူ မှန်ကြောင်ချာတိတ် ဘောင်းဘီအိတ်ထဲမှ ကလိုရိုဖေါင်း ဆွတ်ထားသော လက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။ ထိုစဉ်မင်းဦးက အိပ်ခန်းတံခါးကို ဖွင့်ပေးလိုက်၏။ ချာတိတ်အခန်းထဲဝင်ဖို့ ဟန်ပြင်ခိုက် အောင်ဒင်က လှမ်းတားသည်။

"ဟေ့ကောင် မျက်မှန်ချွတ်ခဲ့ မင်းကိုမှတ်မိသွားလိမ့်မယ်"

"ဟာ. . အဖေကလည်း မျက်မှန်မပါရင် ကျွန်တော်ဘာမှမြင်ရမှာမဟုတ်ဘူး"

"မမြင်ရလေ ကောင်းလေကွာ၊ အထဲမှာ တစ်ယောက်ထဲရှိတာ လူများစရာ အကြောင်းမရှိဘူး၊ ချွတ်မှာသာချွတ်ခဲ့. . ၊ ပေး. . ငါ့ကို မျက်မှန်"

မကျေမနပ်နှင့် ချွတ်ပေးသော မျက်မှန်ကို အောင်ဒင် သိမ်းလိုက်သည်။ ချာတိတ် အခန်းထဲ ဟိုစမ်းဒီစမ်းနှင့်ဝင်သွား၏။ မင်းဦးသာ သူ့ဖုန်းထုတ်၍ အောင်ဒင်အားပေးရင်း. .

www.burmeseclassic.com



"ခင်ဗျား အထဲက အဖြစ်တွေ ဗီဒီယိုမှတ်တမ်းတင် ရိုက်ပေး ပါ"

"ဟာ အဲဒါတော့ မင်းဟာမင်းလုပ်လေ"

"ကျုပ် မလုပ်ရဲလို့ပေါ့ဗျ"

"အဲဒီ့ဗီဒီယိုကို မင်းကဘာလုပ်မှာလဲ"

"အင်တာနက်ပေါ်တင်. . အာ. . မဟုတ်ပါဘူး၊ ကျုပ်မိန်းမ အဲဒီကောင်နဲ့ ဖေါက်ပြန်တယ်ဆိုပြီး စွပ်စွဲပြီး ကွာလို့ရမှာပေါ့. . ကိုဒင်ရဲ့"

"ဒါတော့ မဖြစ်ဘူး"

"ဘာလို့လဲ"

"အထဲမှာရောက်နေတဲ့ ငါ့သားက တရားခံဖြစ်သွားမှာပေါ့"

အောင်ဒင်နှင့်မင်းဦး တီးတိုးစကားများကာ ငြင်းခုန်နေစဉ် အိပ်ခန်းထဲ ဝင်သွားသော ဇင်အောင်မှာလည်း မမြင်မစမ်းနှင့်ဒုက္ခ ရောက်နေ၏။ ဇီးရိုးဝပ်ညအိပ် မီးသီးလေးသာ ထွန်းထားသဖြင့်. . ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဖြစ်နေသည်။

ဟိုစမ်းဒီစမ်းနှင့် ကုတင်ရှိရာသို့ ရောက်လာပြီ။ သို့သော်. . ဘယ်ဟာခေါင်းရင်း ခြေရင်းမှန်းမသိ။ ကျောပေးအိပ်နေသူ တစ် ယောက်ကို ရေးတေးတေးတော့ မြင်နေရသည်။

မျက်နှာရှိရာကို မှန်းဆပြီး ပဝါနှင့် အုပ်လိုက်၏။ လက်ဆ တော့ နည်းနည်းများသွားသည်။

"အဟင့်. . အာ. . ကိုဦးကလည်း မလုပ်နဲ့. . မလုပ်ပါနဲ့ဆို သူများအိပ်နေတဲ့ဟာကို. . "

"ဟင်. . မမေ့သေးပါလား"





ကလိုရိုဖေါင်းကို လုံလုံလောက်လောက် ရှူမိမှ သတိလစ် သွားမှာဖြစ်၍ ဇင်အောင် ထိုနေရာကိုပင် အားစိုက်ဖိချလိုက်တော့ သည်။

"အား!. . အမလေး!. . . "

ကျင်စိန် လန့်နိုးသွား၏။

"ဟင်!. . နင်. . နင် ဘယ်သူလဲ"

"ဟိုက်"

ဖင်နှင့်ခေါင်းမှားပြီး မေ့ဆေးအုပ်မိသော ဇင်အောင် အကြီး အကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

"အမလေး. . လာကြပါအုံးရှင်. . ကျွန်မကို မတော်တရော် တွေ လုပ်နေပြီ. . သွား. . မလုပ်နဲ့. . မလုပ်နဲ့. . "

"ဘုန်း!. . ဘုန်း!. . "

အိပ်ခန်းထဲမှ ဝုန်းဒိုင်းကျဲအသံများ ကြားနေရ၍ အပြင်မှ မင်းဦးတို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။

မင်းဦးက. .

"ဟာ. . အချိန်ကောင်းပဲ. . ခင်ဗျားသားတော့ စနေပြီ ဝင် ရိုက်ရအောင်. . "

"လုပ်. . လုပ်. . မင်းပဲလုပ်"

မင်းဦး လျှပ်တပြက်တံခါးဖွင့်ကာ ဝင်လိုက်သည်တွင် မြင် လိုက်ရသည်က. . ကျင်စိန်၏ ဒူးချက်မိသွားသော ဇင်အောင်မှာ ကုတင်ပေါ်မှ ကျွမ်းပြန်ကျသွားသည်ကိုဖြစ်သည်။ ထိုမျှနှင့်မကျေနပ် သေးသော ကျင်စိန် ကုတင်ပေါ်မှ ခုန်ဆင်းလာ၏။

ဖုန်းကို သိမ်းလိုက်ရင်း မင်းဦးက. .



www.burmeseclassic.com

www.burmeseclassic.com



"ကျင်. . ကျင်စိန် မင်းလွန်မယ်. . အဲ. . မဟုတ်ပါဘူး. . ဟော့. . ဟော့ကောင် မင်းဘယ်သူလဲ"

"ကျွန်တော်လေ. ."

ဇင်အောင် အသံသိပ်မထွက်နိုင်တော့. .

ကျင်စိန်ကတော့ လဲနေသူကို ဆွဲထူပြီး ကောင်းကောင်းသမတော့၏။

"ဟင်. . သေချင်ဆိုးကာလနာ အိမ်ထဲဝင်ပြီး လူကို ဟိုနှိုက်ဒီနှိုက်နဲ့. .၊ ကဲဟယ်. . ကဲဟယ်. . လက်သရမ်းဦး"

"ဘုန်း!. ."

"အား. . သေပါပြီ. . နောက်မလုပ်တော့ပါဘူး ကယ်ကြပါအုံး"

မင်းဦးလည်း မကယ်နိုင်၊ အောင်ဒင်လည်း မကယ်နိုင်၍ ဇင်အောင်လည်း ကျင်စိန့် လက်ထဲမှာ မရှုမလှ ဖြစ်နေလေပြီ။

"ဟော့ကောင်. . မင်းဘယ်သူလဲမေးနေတယ်"

မင်းဦး အနားမကပ်ဘဲ ဟန်လုပ်ကာ လှမ်းမေးနေ၏။

"ကျ. . ကျွန်တော်"

"ဘုန်း!. ."

နောက်ဆုံးတော့ မင်းဦးလည်း ရောသမချင်ယောင်ဆောင်ကာ လုံးထွေးရင်း ဇင်အောင်ကို ပြေးခွင့်ရအောင် ဂွင်ဖန်ပေးလိုက်၏။ သို့သော်. . ဇင်အောင် တော်တော်နှင့်မပြေးနိုင်သေး. . မမြင်မစမ်းနှင့် ဟိုဒီလျှောက်သွားနေသေး၏။ မင်းဦး ဖင်ပိတ်ကန်ကာ အခန်းပြင်သို့ ထုတ်လိုက်ရသည်။ အပြင်ရောက်လာသော သူ့သားကို အောင်ဒင်ထမ်းကာ ပြေးရလေတော့၏။ ထိုအခါမှပဲ မင်းဦးလည်း သက်ပြင်းချနိုင်တော့၏။





မင်းဦး အခုမှသိရသလို လေသံနှင့်. .

"မိန်းမ ဘာတွေဖြစ်ကြတာလဲ"

အောင်ဒင်တို့ သားအဖ ပြေးချိန်ရအောင် ကျင်စိန်ရှေ့မှ တာဆီးပြီး မင်းဦး မေးလိုက်သည်။

"ရှင့်အမြင်ပဲလေ. . နှာဘူးကောင် ကျွန်မကို မတော်မတရားလုပ်ဖို့ ဝင်လာတာ. . ဟွန်း. . ရမလား. . ကျင်စိန်တဲ့ တစ်စိန်ထဲရှိတယ်မှတ်"

"ဟာ. . မိန်းမရာ အော်ကြီးဟစ်ကျယ်နဲ့ ရှက်စရာကောင်းလိုက်တာ တိုးတိုးပြောပါဟ"

"ဟွန်း. . ရှင်ရောက်လာလို့သာပေ့ါ၊ နို့မို့ဆို အဲဒီကောင်အသေပဲ၊ ဒီတစ်သက် မိန်းမယူလို့မရအောင် ကျွန်မလုပ်ပစ်မှာ. ."

"ကဲ. . တော်ပါတော့ မိန်းမရယ်၊ သူလည်း အောင်မြင်သွားတာမှ မဟုတ်တာ၊ ကဲ. . ကဲ. . ပြန်အိပ်လိုက်၊ ကိုယ် ခြံတံခါးတွေသွားစစ်ကြည့်လိုက်ဦးမယ်"

မင်းဦး အိမ်ထဲမှပြေးထွက်ပြီး ခြံတံခါး သွားပိတ်ရသည်။ ဟိုသားအဖကိုတော့ အမြီးတောင် မမြင်ရတော့။ မမိသွားတာဘဲ တော်ကောင်းလှပြီ။ မင်းဦး စိတ်မောလူမောနှင့် အိမ်ထဲပြန်ဝင်လာ၏။

"ဟူး. . မင်းကို ကွာဖို့လုပ်ရတာလဲ မလွယ်ပါလား ကျင်စိန်ရယ်. . ."





www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၁ )

ပအောင်မြင်သော စစ်ဆင်ရေးများကြောင့် မင်းဦးနှင့် အောင်ဒင်တို့ စိတ်ဓာတ်ကျနေကြပြီ ဖြစ်သည်။ မတည့်သောအရက်ကို ဖိသောက်နေ၍ ကျန်းမာရေးချူချာချင်သလို ဖြစ်လာသည်။

"ဟူး. . . ငါ့သား ဇင်အောင်တော့ ဆေးခန်းပြနေရပြီ မင်းဦးရေ"

မင်းဦး တည့်ခင်းသမှု အောင်ဒင် မျိုဆို့အပြီး. .

"ငါစဉ်းစားမိတာတစ်ခု မင်းကိုပြောရအုံးမယ်"

"ဟုတ်မှလဲ လုပ်ပါဗျာ"





"ဟာ. . မင်းကလည်း မယုံမကြည်နဲ့ ဒီလိုကွာ. . . . . "

မင်းဦး ကြက်သီးဖြန်းဖြန်းထသွားရ၏။

(အိမ်ပြန်ရောက်တော့ အိမ်ရှေ့ထွက်ထိုင်နေသော ကျင်စိန့် ရှေ့ရပ်ကာ မင်းဦးက. .

"ကျင်စိန် မင်းကိုငါ ပြောစရာတစ်ခုရှိတယ်"

"ပြောလေ. . "

"မိန်းမ ကိုယ်တို့အတူနေခဲ့တာ ခုနစ်နှစ်ကြီးများတောင် ရှိနေပြီနော် ဒါပေမဲ့. . "

ကျင်စိန်မျက်နှာမှာ သို့လောသို့လော အတွေးတွေနှင့် စိတ်ရှုပ်ထွေးဟန်ပေါ်နေသည်။

"အဲ. . အခုတော့ ကိုယ့်ဘဝမှာ တကယ်လိုအပ်နေတာကို ကိုယ်ကောင်းကောင်းကြီးသိသွားပြီ ကျင်စိန်"

စကားအသွားအလာကြောင့် ကျင်စိန် ဂဏာမငြိမ်ဖြစ်လာ၏။

"ကုန်လွန်ခဲ့တဲ့ ကာလတစ်လျှောက်လုံး မင်းကိုငါ တကယ်ချစ်ခဲ့တာ မဟုတ်ဘူး၊ ငါတကယ်တမ်း မြတ်မြတ်နိုးနိုးချစ်ခဲ့တာ သူပဲ"

မင်းဦးလက်က ခြံပေါက်ဝသို့ ညွှန်ပြလိုက်၏။

မကြာမီ. . ခွေးဟောင်သံများ ဆူညံစွာထွက်ပေါ်လာပြီးနောက်. .

မိန်းမတစ်ယောက်. . အဲ. . မဟုတ်ပါ။

ဂျော်ရကီး တစ်ယောက်လို့ပြောရင် ပိုမှန်ပါသည်။

နှုတ်ခမ်းမွေးကားကားနှင့် အောင်ဒင်က ဂါဝန်ဝမ်းဆက်နှင့် ခြံထဲဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး သူ့ကိုပဲချစ်တယ်. . . သူနဲ့ပဲအတူနေချင်တယ်၊ ဒါကြောင့် မင်းက သဘောထားကြီးကြီးနဲ့ ကွာရှင်းပေးပါ"

အခြောက်မကြီးအောင်ဒင် ကန့်ကရနှင့် ဝင်လာတာကို ကြည့်ပြီး ကျင်စိန်မပြောနှင့် မင်းဦးပါ အော်ဂလီဆန်သွားသည်။ သို့သော် ဇာတ်တိုက်ထားသည့်အတိုင်း ပြုံးပြုံးရွှင်ရွှင် ဆက်ကပြရ၏။

"ဟေး. . ဒါလင်ဒေါင်ဒင်"

"ဟိုင်း. . ဘေဘေကိုဦ"

အပြန်အလှန် နှုတ်ဆက်ပြီး အောင်ဒင်က ကျင်စိန်အား အထင်သေး အမြင်သေးအကြည့်နှင့်ကြည့်ရင်း. .

"အဟွန့်. . ကိုဦကလေ နင့်ကို မပေါင်းနိုင်တော့ဘူးတဲ့. . ၊ အခု ကိုဦနဲ့ငါက တရားဝင်လက်ထပ်ကြတော့မှာသိလား"

အောင်ဒင်က ကျင်စိန့်ရှေ့မှာပင် မင်းဦးကိုဖက်ကာ. .

"ကိုဦက ငါ့ကိုအရမ်းချစ်တာဟဲ့. . ၊ ငါတို့နှစ်ယောက် ဘယ်လောက်ချစ်ကြသလဲဆိုတာ နင့်ရှေ့မှာ သက်သေပြမယ်"

ကြည်နူးစွာ အနမ်းခွေရန် အောင်ဒင့်နှုတ်ခမ်းကြီး တိုးကပ်လာသည့်အခါတွင်တော့. . . . . )

မင်းဦး ခေါင်းကိုတွင်တွင်ခါရမ်းကာ အရက်ခွက်ကို ကောက်မော့လိုက်ရတော့သည်။ အောင်ဒင်ပြောတာကို စိတ်ကူးကြည့်တာနဲ့တင် သူ့အသည်းတွေယားကာ ကတုန်ကယင် ဖြစ်နေ၏။

"ဘယ်လိုလဲ မင်းဦး"

"ဟား. . မလုပ်ပါနဲ့ဗျာ. . တခြားနည်းလမ်းလေးတွေ စဉ်းစားပါအုံး"

တွေးကြည့်ရုံနှင့်ပင် စိတ်ပျက်စရာ ရွံစရာကောင်းလွန်းသ





ဖြင့် မင်းဦး ငြင်းလိုက်ရသည်။

အောင်ဒင်လည်း စိတ်ပျက်သွားပြီး အရက်မော့သောက်နေတော့၏။ ထိုစဉ်မှာပင် မင်းဦး ဖုန်းမြည်လာသည်။ ကြည်ပြာ့ထံမှ ဖြစ်ပါစေဟု ဆုတောင်းရင်း ကြည့်လိုက်တော့ ကျင်စိန့်ထံမှ ဖြစ်နေ၍ မင်းဦး အာရုံနောက်သွားသည်။

"ဟလို"

"ရှင်ဘယ်တော့ပြန်လာမှာလဲ"

"အင်း. . ပြန်လာတော့မယ်"

"ဒါဆို ဝယ်စရာလေးရှိတယ် လိုက်ရေးမှတ်ပါအုံး"

"အေး. . အေး. . ခဏလေး"

မင်းဦး ဖုန်းမှစပီကာဖွင့်ပြီး စာရွက်နှင့်ဘောပင်(န်)ထုတ်ပေးကာ အောင်ဒင်အား လိုက်ရေးရန် အမူအရာနှင့် ခိုင်းလိုက်၏။

အောင်ဒင် ဆောင့်အောင့်ပြီး လိုက်ရေးပေးသည်။

"ပြော"

"အင်း. . . ကျောက်ကျော(၅၀)သား၊ ကြက်ဥနို့ပေါင်း၊ ကောက်ညှင်းငချိတ် နို့ဆီဘူးလေးလုံး၊ အရက်၊ ပဲတောင့်ရှည်(၂၀)သား၊ နှမ်း အမည်း(၁၀)သား ဝယ်ခဲ့"

"အေး. . အေး. . အားလုံး အမည်းတွေချည်းပဲ ကြောင်အမည်းတစ်ကောင်ပါ ဝယ်ခဲ့ရမလား"

"နောက်မနေနဲ့ အဲဒါ ရှင့်အဖေအတွက် နတ်တွေကို ပူဇော်ပသပြီး ဆုတောင်းပေးမလို့ သိရဲ့လား၊ မှာတာတွေ ပါအောင်ဝယ်ခဲ့ မေ့မလာနဲ့နော် ဒါပဲ"

"တောက်!"



www.burmeseclassic.com

www.burmeseclassic.com



မင်းဦး ဖုန်းပိတ်ပြီး တောက်ခေါက်မိသည်။ မကျေမနပ်နှင့် အရက်တစ်ခွက်ငှဲ့ကာ မော့သည်။ အမြည်းတစ်ဖတ်ကို ဒေါသတကြီး ကောက်ယူဝါးလိုက်အပြီး. .

“အမိန့်တွေ အမိန့်ပေးနေတာ. . ဒီကောင်မက ဘာမို့လို့ အမိန့်ပေးပြီး လှမ်းခိုင်းရတာလဲ”

“မင်းကလည်းကွာ အရင်ကလည်း မလုပ်ပေးတာကျနေတာပဲ မင်းအဖေအတွက်ဆို”

“ဒါတော့ ဒါပေါ့ဗျာ”

မင်းဦး မကျေမနပ်နှင့်ပြောရင်း တစ်စုံတစ်ခုကို တွေးလိုက်မိ၏။ မင်းဦး သူ့အကြံကို သူ့ဘာသာ သဘောကျသွားကာ အားပါးတရ ပြုံးလိုက်၏။

“ဒီမယ် ကိုအောင်ဒင်. . ကျုပ် အကြံရပြီဗျ၊ ကျုပ်ရဲ့ ပွဲသိမ်း Plan က ဒီလိုလေ”

မင်းဦးနှင့် အောင်ဒင်တို့ ခေါင်းချင်းဆိုင်သွားကြပြန်၏။

မင်းဦးက တတွတ်တွတ်ပြောသလို အောင်ဒင်က ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသည်။ နောက်ဆုံးတော့ သူတို့ထုံးစံအတိုင်း ချီးယား(စ်)ဟုအော်ရင်း ခွက်ချင်းတိုက်လိုက်ကြတော့၏။







# အခန်း ( ၁၂ )

မင်းဦး စီမံထားသောပြက္ခဒိန်အသစ်ကို အဟောင်းနှင့် လဲလိုက်သည်။ တရုတ်ပြက္ခဒိန်ဖြစ်နေ၍ ပြုပြင်ရတာလွယ်သွားသည်။

အဝတ်အစားလဲပြီးနောက် မင်းဦး လက်ဆွဲအိတ်ယူကာ အပြင်ထွက်လာခဲ့၏။ အိမ်ရှေ့ခြံဝင်းထဲတွင် အဘွားနှင့်ကျင်စိန် အလုပ်ရှုပ်နေကြသည်။ မနေ့က မင်းဦးဝယ်လာသောပစ္စည်းများ ချက်ပြုတ်ပြင်ဆင်ပြီး ဖခင်၏ကမ္ပည်းတိုင်အား ပူဇော်ပသဖို့ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှက်နေကြခြင်း ဖြစ်၏။

"အနက်ရောင်အစားအသောက်တွေပဲ ပသရမှာလေ အဘွားရဲ့ နို့ပူတင်းက ကျွန်မ စားချင်လို့ မှာလိုက်တာ"

"အေး. . ဟုတ်လား သိပါဘူးတော်"

ထိုရှေ့က ဖြတ်လျှောက်လိုက်သည်နှင့် မိန်းမက လှမ်းခေါ်တော့၏။

"ဟယ်. . ကိုဦး ဘယ်သွားမလို့လဲ"

"ကုမ္ပဏီရဲ့ ပရိုမိုးရှင်းပွဲ သွားရအုံးမှာ"

"အင်း. . ရှင့်မလဲ အိမ်မှာ ဖင်ပူအောင်တောင် မနေနိုင်ဘူးနော်"

"အလုပ်ကိစ္စလေကွာ"

"ဒါဆို ဘယ်တော့ပြန်လာမှာလဲ"

"ညပေ့ါ. . သိပ်တော့ မိုးမချုပ်ပါဘူး"

ပြီးစလွယ်ဖြေရင်း မင်းဦး အသာလစ်ထွက်လာခဲ့၏။

အဘွားက တတွတ်တွတ်မေးနေသဖြင့် ကျင်စိန်မှာ မင်းဦးကို ဂရုမစိုက်အားတော့. .

"ဘာတွေလိုသေးလဲ ကျင်စိန် ကြည့်ပါဦး"

ကျင်စိန် ပြင်ဆင်ထားသည့် စားပွဲကိုကြည့်ရင်း. .

"အင်း အမွှေးတိုင်နဲ့ဆီမီးခွက် ယူခဲ့ဦး အဘွား. . ဒါပဲ"

အဘွားကိုပြောပြီး ပြန်အလှည့်မှာ မင်းဦးခြံဝရောက်နေတာမြင်၍ လှမ်းအော်ရပြန်သည်။

"ကိုဦး. . ကိုဦး. . မနက်ဖြန် ကျွန်မအဖေမွေးနေ့နော် ကိုဖိတ်ထားတာဆိုတော့ မသွားလို့မဖြစ်ဘူး"





ကျင်စိန် ဘယ်လိုအော်အော် မင်းဦးက မကြားတော့. .

"ယောကျ်ားတွေများ သိပ်တာဝန်မဲ့တာပဲ အိမ်ကိစ္စဆို ဘာမှစိတ်မဝင်စားဘူး၊ အားအားရှိ အပြင်ထွက်ဖို့ပဲ"

ကျင်စိန် ပွစိပွစိပြောရင်း ပူဇော်ပသပွဲကို စဖို့ပြင်ဆင်လိုက်၏၊ အဘွားက အမွှေးတိုင်နှင့်ဆီမီးခွက်များ ယူလာပေးရင်း ဗိုက်နာလို့ အိမ်သာသွားဦးမယ်ဟုပြောကာ ပြန်ဝင်သွား၏။

ကျင်စိန် ဆီမီးခွက်နှင့်အမွှေးတိုင်များကို ထွန်းညှိပြီး နှစ်ဖက်အသိုင်းအဝိုင်းမှ ကွယ်လွန်ပြီးဘိုးဘွားများကို ပင့်ဖိတ်လိုက်သည်။ ပြီးတော့ ရိုးရာနတ်များကိုလည်း ကြွမြန်းလာကြဖို့ လျှောက်ထားသည်။

"အန်းကုန်းကြီးနှင့် ကွမ်ရင်မယ်တော်တို့လည်း တပည့်တော်မရဲ့မိသားစုကို အန္တရာယ်အပေါင်းတို့မှ ကင်းဝေးအောင် စောင့်ရှောက်ပေးတော်မူပါ။ ပူဇော်ပါတယ်. . ပသပါတယ်. ."

ဆုတောင်းပြီးသည့်အခါ. . ဘိုးဘေးနှင့် ယောကျ္ခမများအတွက် အရက်ငှဲ့ပြီး တင်မြှောက်၍ ပျော်ပျော်ပါးပါး စားသောက်ကြရန် ဖိတ်ခေါ်သည်။ အမွှေးတိုင်များ ထွန်းညှိထွေ့ရမ်းကာ အရပ်လေးမျက်နှာကို စည်းတားသလို ပြုလုပ်သည်။

"မကောင်းတဲ့ကံ အဆိုးအညံ့များ လွင့်ပယ်ပပျောက်ပါစေ"

ထိုသို့ပူဇော်ပသကာ ဆုတောင်းနေစဉ် ယောဂီလို ဝတ်ထားသောအောင်ဒင် ခြံဝသို့ရောက်နေတာကိုတော့ ကျင်စိန် သတိမထားမိလိုက်. .၊ အောင်ဒင် ခြံတံခါးဖွင့်ကာ ဝင်လာလေပြီ. .။

ထိုအချိန်တွင် ကျင်စိန်က သပြေခက်နှင့် နံ့သာရည်ဆွတ်၍



www.burmeseclassic.com

www.burmeseclassic.com



အရပ်လေးမျက်နှာသို့ ရိုက်ပုတ်ကာ အဆိုးအညံ့တွေ မောင်းထုတ်နေသည်။

"မကောင်းတဲ့ အညံ့တွေအားလုံး ဒီနေရာက အမြန်ဆုံးထွက်ခွာကြတော့"

ထိုသို့အော်ရင်း သပြေခက်ကို နံ့သာရည်ဆွတ်၍ နောက်သို့လှည့်ခါလိုက်ရာ. . .

"ဒီမှာ" ဟုလှမ်းခေါ်ရန် ပါးစပ်ဟလိုက်သော အောင်ဒင့်ပါးစပ်ထဲ သပြေခက်မှ အရည်များဝင်သွားလေ၏။

"ထွီ!. . ဖူး!. . ဖလူး!. ."

"ဟင်!. . ရှင်. . ရှင်ဘယ်သူလဲ၊ ကျွန်မအိမ်ထဲ ဘာဝင်လုပ်တာလဲ"

ယောဂီဝတ်စုံနှင့်လူကို တွေ့လိုက်ရ၍ လန့်သွားသော ကျင်စိန် အော်ဟစ်မေးမြန်းလေသည်။ ယောဂီအောင်ဒင်က လေသံအေးအေးနှင့်ပင်. .

"မင်းမျက်နှာပေါ်မှာ အရိပ်ဆိုးတွေ မြင်နေရတယ်၊ နမိတ်မကောင်းတာကိုဆောင်တယ်၊ အမှောင်လွှမ်းတဲ့ အနာဂတ်ကလည်း မင်းမျက်ဝန်းတွေထဲမှာ ပြေးလွှားနေပါလား. . ငရဲလို မဲမှောင်နေလိုက်တာ၊ အသားအရေကလည်း ဖြူဖတ်ဖြူရော်နဲ့ ပါးနှစ်ဖက်မှာလည်း သွေးမရှိသလို ဖျော့တော့လို့ပါလား၊ ဒီလက္ခဏာတွေဟာ မင်းဘဝကို ကံကြမ္မာအဆိုးဘက် ပြောင်းတော့မယ့် နိမိတ်တွေပဲ. . ကျင်စိန်"

"ရှင်. . ရှင်. . ကျွန်မနာမည် ဘယ်လိုသိတာလဲ"

"မင်းယောကျ်ား. . . အဲ. . မင်းနဖူးမှာ နာမည်ပေါ်နေတယ်"

ကျင်စိန် အံ့အားသင့်ကာ သူ့နဖူးကို စမ်းကြည့်သည်။ ပြောနေသူက အရူးတစ်ယောက်မဟုတ်၊ ယောဂီဝတ်စုံနှင့် ခန့်ထည်သော လူကြီးတစ်ယောက် ဖြစ်နေသည်။

"ငါ ခန့်မှန်းကြည့်လိုက်မယ် လွန်ခဲ့တဲ့ညက မင်းအိပ်ရာထဲ လူစိမ်းဝင်တယ် မဟုတ်လား"

"ဘာ!. . ရှင်. . ရှင်. . အဲဒီကိစ္စ ဘယ်လိုသိနေတာလဲ"

"ဟား. . ဟား. . ဟား. . သိဆို အဘက အကြားအမြင်ရတယ်လေ. . ."

လျှို့ဝှက်ချက်ကိုသိနေသော ယောဂီကြီးအား ယုံကြည်သွားသလို လူသိမှာလည်းကြောက်၍ အိမ်ထဲသို့ပင့်လာခဲ့၏။

"အဘ. . အဘပြောတာ သေွးထွက်အောင် မှန်ပါတယ်ရှင်၊ ကျွန်မဖြင့် မစဉ်းစားတတ်အောင်ပါပဲ၊ အဲဒီအရူး နှာဘူးကောင်ကြောင့် ရေတိမ်နစ်တော့မလို့၊ ကံသီလို့သာပေါ့ ကျွန်မယောကျ်ား ဝင်လာလို့ ကြောက်ပြီးထွက်ပြေးသွားတာ. . ဘုရား. . ဘုရား. . ခုပြန်တွေး ခုကြောက်တယ်"

"အိမ်း. . အိမ်း. ."

"ဒါပေမဲ့ သူတို့လာတာ(၂)ယောက်တောင်၊ ထွက်ပြေးသွားကြတာ ကျွန်မ လှမ်းမြင်တယ်"

ယောဂီဘိုးအောင်ဒင် မျက်နှာပျက်နေပြီ။

"သိပ်မိုက်ရိုင်းတဲ့ တိရစ္ဆာန်ကောင်တွေ"

သူ့ကို ရှေ့တည့်တည့်ထားပြောနေ၍ အောင်ဒင် ဘဲတွေးမျိုချလိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . တော်ပါတော့. ."

"ဒါဆို ပြောပြပါဦး အနာဂတ်ကြိုမြင်တဲ့ ယောဂီကြီးရယ်"

"မင်းရဲ့ ကံဆိုးမှုတွေက ဒါအစပဲ ရှိသေးတယ်"

"ရှင်. . အစဟုတ်လား"

"ကဲ. . ပြောစမ်း မင်းနဲ့မင်း ယောကျာ်းရဲ့ မွေးနေ့"

"ကျွန်မက (၉)ရက်၊ ဇန်နဝါရီ (၁၉၈၄) ကျားနှစ်ဖွားပါ၊ ကျွန်မ ယောကျ်ားက (၁၃)ရက်၊ စက်တင်ဘာ (၁၉၈၂) နွားနှစ်"

"အိမ်း. . အိမ်း. . ဒါကြောင့်ကိုး ငါသိပြီ၊ မင်းကကျားနှစ် ခင်ပွန်းက နွားနှစ်. . ဒီတော့ ကျားကနွားကို စားပြီပေါ့၊ မင်းရဲ့မွေးနှစ်က ခင်ပွန်းကို ထိုးနှက်တိုက်ခိုက်နေတာပဲ"

"ရှင်!. ."

"ဒီအတိုင်းဆို ဒီနှစ်ထဲမှာ နင့်ယောကျ်ား ကျန်းမာရေးအရမ်း ချချာပြီး သေကိန်းမြင်တယ်၊ သူသေလိမ့်မယ်"

ယောဂီအောင်ဒင်၏ အဟောကြောင့် ကျင်စိန် အကြီးအကျယ် ဒေါပွသွားပြီး ထိုင်ရာမှထကာ နံရံတွင်ချိတ်ထားသော ငှက်ကြီးတောင်ဓားကို ဖြုတ်ယူ၍ အောင်ဒင့်လည်ပင်းပေါ် ဓားတင်လိုက်၏။

"ဘာပြောတယ်. . . သေကိန်းရှိတယ် ဟုတ်လား၊ ကျွန်မ ယောကျ်ားသေမယ်လို့ ဘာလို့တတ်အပ်ပြောနိုင်တာလဲ ပြောစမ်း"

လည်ပင်းပေါ် ဓားသွား ရောက်လာကာ မေးနေသဖြင့်. . အောင်ဒင် ငြိမ်လျှက် ချွေးစေးများထွက်ကာ လက်ချောင်းလေးတွေပင် တဆတ်ဆတ်တုန်လာလေသည်။

"ရှင်. . ကျွန်မယောကျ်ားကို သေစေချင်တာမဟုတ်လား





ရှင်လိမ်နေတာ. . ကျွန်မတို့အိမ်ထောင်ရေး သာယာနေတယ်၊ ပျော်ပျော်ရွှင်ရွှင်ပဲ. . ရှင်သိရဲ့လား၊ ရှင့် ကျွန်မယောကျ်ားကို ကျိန်စာတိုက်လိုက်တာလား"

အောင်ဒင် မခံစားနိုင်လောက်အောင် တုန်လှုပ်ချောက်ချားနေ၏။ ဟန်ကိုယ်ဖို့လုပ်ရင်း. .

"ကျုပ် မြင်တဲ့အတိုင်း အမှန်ကိုပဲ ပြောတာပါ၊ မင်းမယုံရင် စောင့်ကြည့်လိုက်. . . ဒီည မင်းရဲ့ယောကျ်ား အပြင်းအထန် နေမကောင်း ဖြစ်လိမ့်မယ်"

"ဘာပြောတယ်"

အောင်ဒင်မှာ ကြောက်လွန်း၍ ဘာဆက်ပြောရမှန်းမသိဖြစ်နေ၏။ ထိုစဉ် ပြတင်းပေါက်မှ ခွေးတစ်ကောင် ဖြတ်ပြေးတာကို လှမ်းမြင်လိုက်ရသည်။ ဒီတော့ အကြံရသွားပြီး ပြောမိပြောရာ ပြောချလိုက်တော့၏။

"ဒီ. . ဒီညမှာ မင်းယောကျ်ား ခွေးလိုအူပြီး နိုးလာလိမ့်မယ်၊ ခွေးတစ်ကောင်လို အပြုအမူတွေ သူလုပ်လိမ့်မယ်"

"ဟင်!"

ဓားသွားထက်ကကျင်စိန် မယုံသေး၍ အောင်ဒင် အခက်တွေ့နေ၏။ ပြူတင်းပေါက် စောင်းငဲ့ကြည့်တော့. . စောစောကခွေး ပေါင်ကားပြီး သေးပန်းနေတာတွေ့သွားပြီး. . .

"ကျန်သေးတယ်. . ကျန်သေးတယ်. . သူ. . သူ. . ခွေး ခွေးတစ်ကောင်လို အပေါ့သွားလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့. . ဂြိုလ်စီးဂြိုလ်နင်း မကောင်းလို့ ဇာတာညံ့လို့. . ၊ ကံနိမ့်လို့ ခွေးဖြစ်. . အဲ. . ဒီလကုန်ရင်ပဲ ခွေးနှစ်ထဲဝင်ပြီလေ. . ၊ မကျင်စိန် ခင်ဗျားဓား



www.burmeseclassic.com

www.burmeseclassic.com



ကြီး အောက်ချထားရင် ကောင်းမယ်နဲ့တူတယ်”

“ကောင်းပြီ ရှင့်ရဲ့အကြားအမြင်နဲ့ အနာဂတ်ဟောကိန်းကြီး ကြက်ကန်းဆန်အိုးတိုးပြီး မှန်ပါစေလို့သာ ဆုတောင်းထား၊ မှားသွားလို့ကတော့ ရှင်အသေပဲ”

အောင်ဒင်လည်း မထူးတော့ပြီမို့ ငါ့စကားနွားရ ဆက်ပြောရ၏။

“မင်း ငါ့ကိုသေချာကြည့်စမ်း၊ ငါဟောတာတွေမှန်ရင် မင်း ငါ့ဆီမှာ တပည့်ခံမလား၊ ငါဟာ အရာအားလုံးကို သိနိုင်စွမ်းရှိတယ်၊ ဟိုးငရဲဘုံအထိပေါ့”

အောင်ဒင် ဓားကိုငုံ့ကြည့်ရင်း လည်ပင်းမှ ပုတီးကိုချွတ်သည်။ ထိုအခါ ကျင်စိန် သူ့ဓားကို ဖယ်ပေးလိုက်ရတော့၏။

မျက်စိစုံမှိတ်ခါ ပုတီးစိပ်ရင်း . . အာရုံပြုဟန်ဆောင်လိုက်သည်။ ကျင်စိန် ဓားကိုမချသေးဘဲ စောင့်ကြည့်နေ၏။ ပုတီးတစ်ပါတ် မပြည့်ခင်မှာ အောင်ဒင်မျက်လုံးဖွင့်လိုက်သည်။

“မင်း ယောကျ်ားနာမည်က မင်းဦး မဟုတ်လား”

ဒီတစ်ခါတော့ ကျင်စိန် အံ့ဩသွားပြီး ဓားမိုးထားသည့် လက်ကို ရုပ်လိုက်ရ၏။

“မင်း နာမည်က မကျင်စိန်၊ မင်းရဲ့ညာဘက်ဂျိုင်းမှာ မှဲ့နတ် တစ်လုံးရှိတယ်၊ ဘယ်ဘက်တင်ပါးမှာ ကျပ်ပြားဝိုင်းလောက် အနီမှတ် ပါတယ်”

“ဟင်! . . ရှင် . . အကုန် . . အကုန်သိနေတာပါလား”

ကျင်စိန် အံ့ဩလွန်းလှ၍ လက်ထဲမှ ဓားလွတ်ကျသွား၏။ မိမိ၏ မမြင်အပ်သည့်နေရာ အမှတ်တွေ မှဲ့တွေကိုပါ သိနေသည့်





လူကြီးအား ကြောက်လန့်ခြင်းနှင့်အတူ လေးစားသွားသည်။

အသာစီးရပြီး သူ့ကိုပါ ယုံကြည်သွားပြီဆိုတာ သိနေသော အောင်ဒင်က ဝုန်းခနဲထရပ်၍ မာန်ပါပါ ဆက်ပြောတော့သည်။

“မှန်သလား ကျုပ်ပြောတာတွေ မှန်သလား”

“မှန် . . မှန်ပါတယ်ရှင် . . ရှင် . . ဘာလို့ အကုန်လုံးကို သိနေရတာလဲ”

“ဟားဟား . . ဟားဟား . . ထွီ . . ကျုပ်က ဘာမဆို သိပါတယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ ဟားဟားဟား . . ဒီမယ် မင်းကို စကားကြီးသုံးခွန်း မှာခဲ့မယ်၊ မင်းသတိထားဖို့ပေါ့၊ မင်းရဲ့ခင်ပွန်းနဲ့ ပြောဆိုတဲ့အခါ အထွန့်မတက်နဲ့၊ မအော်နဲ့၊ မဆဲနဲ့ . . ဟုတ်ပြီလား”

“ဟုတ် . . ဟုတ်ကဲ့ရှင့်”

“အဲဒီလိုပြောခဲ့ဆိုခဲ့ရင် မင်းခင်ပွန်း ကျန်းမာရေး ပိုဆိုးသွားလိမ့်မယ် . . ”

“ဟုတ် . . ဟုတ် . . ”

“မင်းနဲ့ တစ်မိုးအောက်မှာ အတူနေနေရလို့ သူ ဒီလောက် ကံဆိုးနေရတာ၊ အခန့်မသင့်ရင် သုံးရက်အတွင်း သူသေသွားနိုင်တယ် . . ကြားလား၊ ကဲ . . သွားမယ်”

အောင်ဒင် လှည့်ထွက်လာခဲ့၏။ ကျင်စိန်အပူလုံးကြွပြီး ကျန်ခဲ့သည်။ ယောဂီကြီး၏ ကျောပြင်ကို လှမ်းကြည့်ပြီး နာမည်လေး မေးထားလိုက်လျှင် ကောင်းမည်ဟု အကြံရသွား၏။

နောက်မှပြေးလိုက်ကာ . .

“နေ . . နေပါဦးရှင့်၊ ဆရာ . . ဆရာ့နာမည် ဘယ်သူပါလဲ”

အောင်ဒင် ခြေလှမ်းတုန့်သွားရသည်။ အမှန်အတိုင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



သင့်မပြောသင့် ခဏမျှ တွေဝေစဉ်းစားလိုက်၏။

"အောင်ဒင်. ."

ဘာပြဿနာမှ မရှိလောက်ဟု ယူဆပြီး သူ့သားလုပ်ထားသည့် လိပ်စာကတ်တစ်ခုကို ပေးလိုက်သည်။ ကျင်စိန် ဖတ်ကြည့်၏။

"ဇင်အောင်. . အီလက်ထရွန်နစ်နှင့် တီဗွီပြင်ဆိုင်"

ကျင်စိန် အိမ်လိပ်စာကို ဆက်ဖတ်နေစဉ် အောင်ဒင် သုတ်ခြေတင် ပြေးထွက်လာခဲ့တော့သည်။

"ဟင်. . ဒါ. . ဒါ. . တို့ရပ်ကွက်ထဲကပဲ၊ ဆရာ. . ဆရာ"

ကျင်စိန် စိတ်ပူပြီး လေးလံထိုင်းမှိုင်းလျှက် ကျန်ခဲ့သည်။

ကျင်စိန် ပြက္ခဒိန်ရှိရာ နံရံဆီသို့ လျှောက်လာပြီး လတွေရက်တွေကို ကြည့်လိုက်၏။

တရုတ်ပြက္ခဒိန်တွင် ကျားနှင့်နွားရုပ်ပုံ ဖော်ပြထားပြီး နွားရုပ်နေရာတွင် နွားကိုကျားက ကြွပ်ကြွပ်ဝါးစားလိမ့်မည်ဟု ရေးထားသည်။

ကျင်စိန် ငိုချင်သလိုပင် ဖြစ်သွား၏။ ယနေ့အတွက် ဟောစာတမ်းက နွားနှစ်ဖွားအတွက် ကံမကောင်းဟုဆို၍ ခင်ပွန်းအတွက် စိုးရိမ်မဆုံးဖြစ်ကာ အသံထွက်အောင် ရှိုက်ငိုမိတော့သည်။

ထိုမျှသာမက. . .

နီးစပ်ရာ ဆွေမျိုးများကိုပါ ပရိဒေဝသောကမီး လောင်မြိုက်လိမ့်မည်။

ခုနစ်နှစ်တာ ဆက်ဆံခဲ့သည့် ရင်းနှီးသူများ၏ ဆက်ဆံရေး အဆုံးသတ်မည်။

မျက်မှောက်ကာလတွင် ဇနီး၊ ခင်ပွန်းတို့၏ ဘဝများကို





ခြိမ်းခြောက်ဟန့်တား နှောင့်ယှက်ခံရမည်ဆိုသော ဟောစာတမ်းလည်းပါသေး၏။

ယတြာမတွေ့ဘဲ ပိုမိုဆိုးဝါးသည့် ဟောစာတမ်းကို ဆက်ဖတ်မိ၍ ကျင်စိန် လူးလှိမ့်ကာ ငိုယိုမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၃ )

ထိုအချိန်တွင် မင်းဦးက ကြည်ပြာ့တိုက်ခန်းသို့ ရောက်နေ၏။ သော့အပိုနှင့် ဖွင့်ဝင်လာပြီး အထဲရောက်မှ ကြည်ပြာ့ကို ရှာမတွေ့ဖြစ်နေ၏။ အခန်းအနှံ့ရှာပြီး မတွေ့သည့်အဆုံး သူလာသွားသည့်အကြောင်း စာရေးပြီး ရှူးကေ့(စ်)တွင် မြင်သာအောင် ကပ်ထားလိုက်၏။

"တီတလီ. . တီတလီ. . "

တိတ်ဆိတ်ငြိမ်သက်နေခိုက် တယ်လီဖုန်းခေါ်သံ ထွက်လာ





၍ မင်းဦး အထိတ်တလန့်ပင် ဖြစ်မိသည်။ နံပါတ်ကြည့်လိုက်ရာ အောင်ဒင့်ထံမှ ဖြစ်နေသည်။

"ဟလို. . ဘယ်လိုလဲ အခြေအနေ"

"အေး. . ညတရေးနိုး ခုတင်ပေါ်ကထတာနဲ့. . မင်း ခွေးဇာတ်ခင်းရလိမ့်မယ်"

"ဗျာ!"

အောင်ဒင်က ကျင်စိန်အား ကြပ်ခဲ့သမျှ မင်းဦးကို ရှင်းပြသည်။

"အရမ်းအရေးကြီးတယ် မင်းဦး၊ တရေးနိုးနိုးချင်း ခွေးလိုဟောင်ရမယ်၊ ခွေးလိုအူရမယ်၊ ခွေးလိုပေါင်တစ်ခြမ်းမြှောက်ပြီး သေးပန်းရမယ်၊ ပြီးတော့. . ခွေးလိုနေရမယ်၊ မင်း ငါပြောတာတွေ နားလည်လား"

"ဟာဗျာ. . အဲသလိုကြီး လုပ်ရမှာလား"

"အေး. . မလုပ်ရင်တော့ မင်းထိုက်နဲ့မင်းကံပဲ၊ ငါ့မှာ မင်းအတွက်လုပ်ပေးရတာ ကံကောင်းလို့ ဇက်မပျက်တယ် သိရဲ့လား"

"ဟုတ်ပါပြီဗျာ ခွေးလိုလုပ် ခွေးဇာတ်ခင်းဆိုလည်း ခင်ဗျားပြောခဲ့တဲ့အတိုင်းပေါ့၊ ဟောင်မယ်၊ အူမယ်၊ ခွေးလိုကားပန်းမယ်၊ ခွေးလိုနေမယ် ဟုတ်ပြီလား"

"အေး. . အေး. . ဒီည အောင်မြင်ပါစေကွာ၊ နက်ဖြန်မှ တွေ့ကြတာပေါ့"

"ကျေး. . ကျေးဇူးပဲ"

မင်းဦး ဖုန်းပိတ်ပြီး ကြည်ပြာ့အခန်းထဲမှ ထွက်လာခဲ့သည်။ တော်တော်ပေါက်ကရပြောတတ်သော အောင်ဒင်ပဲဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တိုက်ထားတုန်းကတစ်မျိုး ပြောခဲ့တာကတစ်မျိုး ဖြစ်နေ၏။

ဒီကိစ္စပြီးလျှင်တော့ ကြည်ပြာ့နား ကျိန်းသေပေါက် ကပ်လို့ရပြီဟု ယုံကြည်ကာ မင်းဦး အပျော်ကြီးပျော်နေလေ၏။

"အင်း. . ဒီညတော့ အရက်သောက်လို့ မဖြစ်ဘူး၊ အာသာပြေ ဗမာဆေးနှပ်ဆေးနဲ့ ကွမ်းပဲဝါးတော့မယ်"







# အခန်း ( ၁၄ )

လက ညကောင်းကင်၏ အလယ်ဗဟိုတည့်တည့်သို့ မြင့်တက်ရောက်ရှိလို့လာခဲ့ပြီ။ အမှောင်ကိုအန်တုရှဲ အလင်းတုဆင်ကာ အပျော်ကြူးတတ်သူတွေပင် တိုးတိုးတိတ် အိမ်ပြန်အိပ်ကုန်ကြပြီဖြစ်သည်။

လမ်းပေါ်တွင် လမ်းလျှောက်ညဥ့်ငှက်နှင့် ကောင်းကင်ပျံညဥ့်ငှက်တို့သာ လမ်းသလားလိုက် ပျံသန်းလိုက် လုပ်နေချိန်ဖြစ်၏။ ပတ္တာရောင်ရဲတို့လည်း ကျဆိမ့်သောက်ပြီး စက်ဘီးစီးပြီး ဟန်ရေးပြင်

www.burmeseclassic.com



နေကြလေပြီ။

ထိုသို့သောကာလတွင် အိပ်မပျော်နိုင်သေးသူနှစ်ယောက် ရှိနေလေ၏။ ထိုနှစ်ယောက်မှာ မင်းဦးနှင့်ကျင်စိန်တို့ပင် ဖြစ်သည်။ မင်းဦးက လ,မွန်းတည့်ချိန်၌ ခွေးဇာတ်ခင်းရန် စောင့်နေခြင်း ဖြစ်သလို ကျင်စိန်ကလည်း ဗေဒင်ဆရာအောင်ဒင် ဟောတာမှန်မမှန် သိရဖို့ စောင့်မျှော်နေခြင်းဖြစ်၏။

ခုနစ်နှစ်တာပေါင်းခဲ့သည့် လင်မယားနှစ်ယောက် ခုတင်ပေါ် ကျောပေးကာ ယှဉ်အိပ်ရင်း အချိန်အခါကို စောင့်နေကြသည်။ မင်းဦး ခေါင်းအုံးအောက်မှ ဖုန်းကိုထုတ်၍ နာရီကြည့်လိုက်သည်။

ကျင်စိန်ကလည်း ကျောပေးရင်း နားစွင့်နေ၏။ ဘာမှမသိလိုက်ရဘဲ အိပ်ပျော်သွားမှာစိုး၍ ကိုယ့်ပေါင်ကိုယ်ဆိတ်ရင်း အနာခံတာ အိပ်ချင်စိတ် ဖြေဖျောက်နေရရှာသည်။

ထိုစဉ်မှာပင် ခွေးဇာတ် ခင်းရန် မင်္ဂလာအချိန် ကျရောက်လာတော့သည်။

မင်းဦး တစောင်းအနေအထားမှ ပက်လက်လှန်လိုက်၏။ ခုတင်လှုပ်သွားသဖြင့် ကျင်စိန် စောင်းငဲ့ကြည့်သည်။ မင်းဦးဆတ်ခနဲ ထိုင်လိုက်ပြန်သည်။ ပြီးတော့. . ကုတင်ပေါ်မှ လေးဖက်ထောက်ကာ အောက်ဆင်းသွားလေ၏။ ကျင်စိန် အိပ်ချင်စိတ်ပျောက်ပြီး မျက်လုံးကျယ်သွား၏။

"ဝုတ်. . ဝုတ်. . ဝုတ်. . "

အိပ်ရာမှထကာ လင်တော်မောင်၏ အပြုအမူကို လှမ်းကြည့်အကဲခတ်သည်။ မင်းဦးက အိပ်ခန်းထဲမှာ ပတ်ချာလှည့်ပြီး ခွေးလိုလျှောက်သွားနေသည်။ ကြမ်းပြင်ကိုလည်း အနံ့လိုက်ခံလို့





နေ၏။ ထိုပုံစံအတိုင်း ဆက်သွားပြီး စေ့ထားသည့်တံခါးကို ခေါင်းနှင့် တိုးတိုက်ပြီးဖွင့်ကာ အပြင်သို့ ခွေးယောင်ဆောင်မင်းဦး ထွက်သွား၏။

မင်းဦး၏အဖြစ်ကိုမြင်ပြီး ကျင်စိန်အံ့ဩခြင်းကြီးစွာနှင့် ရင်ထုမနာ ဖြစ်နေရှာသည်။ လင်ကိုစိတ်မချ၍ ခုတင်ပေါ်မှဆင်းပြီး အပြင်သို့ လိုက်ကြည့်သည်။

အပြင်သို့အရောက် မြင်လိုက်ရသည့်အဖြစ်ကြောင့် ကျင်စိန် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရတော့၏။ သူ့လင် မင်းဦးက ခွေးကဲ့သို့ပင် ခြေတစ်ဖက်မြှောက်၍ တိုင်ကိုခွကာ သေးပန်းလို့နေသည်။

တံခါးဘောင်ကိုကွယ်ကာ အသံမပေးဘဲ ကျင်စိန် အသာ ဆက်ချောင်းနေ၏။

သူ့လင်က ခွေးတို့အမူအကျင့်အတိုင်း အိပ်မည့်နေရာကို သုံးလေးပတ် လှည့်ကြည့်စစ်ဆေးပြီး လှဲအိပ်လိုက်သည်။ မချိတင်ကဲ ဖြစ်စွာနှင့်ပင် ကျင်စိန် ရှိုက်ငိုမိသည်။

"အဟင့်ဟင့်. . အိ. . အစ်. . သွားပါပြီ၊ ငါ့ယောကျ်ား လူစင်စစ်က ခွေးဖြစ်ပြီ"

ငိုရှိုက်သံကို ကြားသွား၍လားမသိ၊ ဆတ်ခနဲ ခေါင်းထောင်ကာ နားစွင့်ဟန်ပြုသည်။ တကယ့် ခွေးစတိုင်နှင့်မို့ ကျင်စိန် ပါးစပ်ပိတ်ပြီး အသံမထွက်အောင်ငိုရ၏။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

ဟော. . သူ့လင်မင်းဦး ခွေးလို ဟောင်နေပြီ။

ဟိုဗေဒင်ဆရာ ပြောသမျှ တစ်ခုမကျန် မှန်နေ၍ ကျင်စိန် အံ့ဩရသလို မင်းဦးအတွက်လည်း ပူပန်ခြင်းကြီးစွာ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ဆိုးလိုက်တာ ကိုဦးရယ် ဘယ်ဘဝက ဝဋ်ကြွေးများပါလိမ့်"

"ဝူး. . အုဝူး. . အုဝူး. . အူ. . ."

မင်းဦးက ဟောင်ရုံနှင့် အားမရသေးဘဲ အူနေပြန်သည်။

လူစင်စစ်က ခွေးလိုဖြစ်နေသော ခင်ပွန်းသည်အတွက် ကျင်စိန် ဘာလုပ်လို့လုပ်ရမှန်း မသိတော့။ အောင်ဒင်ပြောသလို သူမ၏ ကံဆိုးမှုတွေက မင်းဦးအပေါ် အရိပ်ထိုးကာ လွှမ်းမိုးနေခြင်း ဖြစ်၍လည်း လင်သားအပေါ် အားနာရသလို ကိုယ့်ဘာသာလည်း အပြစ်တင်မိသည်။

မင်းဦးကတော့ ပူပင်ကြောင့်ကျခြင်းမရှိဘဲ ခွေးကတက်မှာ ခွေးလိုပင်ခွေ၍ ခွေးလိုအိပ်နေလေပြီ။







# အခန်း ( ၁၅ )

မနက်ရောင်ခြည်က တရုတ်ကပ်မှန်ပြူတင်းကြားမှ တိုးဝင်ကာ မင်းဦးမျက်နှာပေါ် ဖြာကျနေသည်။ ထို့အတွက် ကျိန်းစက်နေသောမျက်စိကို မနည်းအားယူဖွင့်လိုက်ရသည်။ သူ ကုတင်ပေါ် ပြန်ရောက်နေ၏။

ကျင်စိန် ပွေ့ချီကာ ပြန်ပို့ထားခြင်းဖြစ်သည်။ သူ့ကို ကျင်စိန် စိတ်ပျက်နေလောက်ပြီ။ တွေးရင်းပြုံးကာ မျက်နှာကြီးဖြီးလာ၏။

ထိုစဥ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဦး မထသေးဘူးလား. . ထတော့လေ၊ ဒီမှာ မနက်စာ တောင် အဆင်သင့်ဖြစ်နေပြီ"

အသံစာစာ ပြုံးရွှင်သောမျက်နှာပေးနှင့် ဝင်လာသော မယားဖြစ်သူ ကျင်စိန်ကြောင့် မင်းဦးအပြုံးတွေ ပျောက်သွားရသည်။ စိတ်ဓာတ်လည်းကျသွား၏။ မင်းဦးလည်း မထူးတော့ပြီမို့. .

"အဟွတ်. . အဟွတ်. . အဟွတ်"

ချောင်းဆိုးပြရတော့သည်။

"ဟင်!. . ကိုဦး နေမကောင်းဘူးလား၊ ဖြည်းဖြည်းထ. . ဖြည်းဖြည်းထ. ."

ကျင်စိန်က ပန်းကန်တစ်လုံး ကိုင်လာပြီး ကြင်ကြင်နာနာ လေသံလေးနှင့်. .

"ကိုဦး မြည်းကြည့်ပါဦး"

"အဟွတ်. . အဟွတ်. . အဟွတ်"

ကျင်စိန်က ဇွတ်သောက်ခိုင်းနေ၍ မင်းဦး တစ်ဇွန်းခပ်ပြီး မြည်းကြည့်လိုက်သည်။ သောက်အပြီး. . ကျင်စိန့်မျက်နှာကို လှမ်း ကြည့်လိုက်၏။ ပေဒင်ဆရာအောင်ဒင်ရဲ့ စကားကြီးသုံးခွန်း. . . အထွန့်မတက်နဲ့. . မအော်နဲ့. . မဆဲနဲ့ဆိုသောကြောင့်. . .

"အဟီး. . ကောင်းလား. . သောက်လို့"

မင်းဦး ခေါင်းညိတ်ပြပြီး တစ်ဇွန်းထပ်သောက်သည်။ ပြီးနောက် ကျင်စိန့်အခြေအနေကိုထပ်အကြည့်. .

"အဟီးဟီး. ."

သွားပေါ်အောင်ပါ ကျင်စိန်သူ့ကို ရယ်ပြနေ၏။ နောက်တစ်ဇွန်းသောက်အပြီး လှည့်အကြည့်တွင်လည်း. .





"အဟီး. . အဟီး. ."

ပြုံးပြနေသဖြင့်. .

"အော့. . အဟွတ်. . အဟွတ်. . အော့. ."

ကျင်စိန့် မျက်နှာကြည့်ပြီး မင်းဦး သီးသွားတော့သည်။

"ကိုဦး ရရဲ့လား. . နေသာရဲ့လား၊ ဖြည်းဖြည်းသောက်မှ ပေါ့"

ကျင်စိန် ပန်းကန်ကို ဆွဲယူကာ လွတ်ရာမှာ ချထားလိုက်ရင်း မင်းဦး၏ကျောကို နှိပ်၍ ပြုစုသည်။

"အဟွတ်. . အဟွတ်. . အဟွတ်"

"ကိုဦး ရေသောက်မလား"

"ရတယ်. . တော်ပြီ အလုပ်သွားတော့မယ်"

"ဟင်. . ဖြစ်ပါ့မလားကိုဦးရယ်၊ ဒီလောက်ချောင်းဆိုးနေ တာ"

"ရပါတယ်. . ကောင်းသွားမှာ"

ကျင်စိန့်မျက်နှာကို ဆတ်ခနဲလှမ်းကြည့်လိုက်၏။ ကျင်စိန် မျက်လွှာချကာ ခေါင်းငုံ့သွား၏။

"ဟင်း. . ဟင်း. . ဟုတ်တော့ဟုတ်နေပြီ"

မင်းဦး စိတ်ထဲကပြောရင်း ကြိတ်ပြုံးပြုံးလိုက်၏။

"ကိုဦး. . ဟို. . ဟိုလေ ညက ကောင်းကောင်းအိပ်ပျော်ရဲ့ လား၊ ထူးထူးဆန်းဆန်းအိပ်မက်မျိုး မမက်ဖူးလား"

ညကခွေးကိစ္စ လှည့်ပတ်မေးမြန်းနေတာဖြစ်ကြောင်း. . မင်းဦး ကောင်းကောင်းသိ၏။ ထို့ကြောင့် ခပ်တည်တည်ပဲ ဖြေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မမက်ပါဘူး၊ ကဲ. . သွားတော့မယ်"

"ကိုဦး နေကောင်းတာသေချာရဲ့လား၊ သွားရောသွားနိုင်မှာလား"

"ရတယ်. . ကောင်းတယ်. . အဟွတ်. . ဟွတ်"

"စောစောပြန်ခဲ့နော် ဒေါ်လေးတို့ အိမ်သွားရမှာ"

"ဟင်!. . ဘာကိစ္စလဲ"

"အဖေ့မွေးနေ့လေ ကိုဦးရဲ့"

မင်းဦး သတ်သေပစ်ချင်အောင် စိတ်ညစ်သွား၏။ ဟန်လုပ်ချောင်းဆိုးဖို့ပင် မေ့သွားသည်။ ဒါကို ကျင်စိန် ချက်ချင်းသတိပြုမိသွား၏။

"ဟယ်. . ယောက်ျား ချောင်းမဆိုးတော့ဘူး သက်သာသွားပြီထင်တယ်"

ထိုအခါမှ မင်းဦးသတိရသွားပြီး. . .

"အဟွတ်. . အဟွတ်. . အဟွတ်. . အဟွတ်. . ဘွတ်"

ရင်ဘတ်ထုလိုက် လည်ချောင်းကိုနှိပ်လိုက်နှင့် အိုက်တင်လုပ်ရင်း. . အဆက်မပြတ် ချောင်းဆိုးပြလိုက်ရသဖြင့် အီးပါထွက်သွားသည်။

"ဒီနေ့. . ငါ အလုပ်အရမ်းများလိမ့်မယ်၊ မင်းပဲသွားလိုက်တော့"

ကျင်စိန် ခုတင်ပေါ် ထိုင်နေရာမှ ဒေါသတကြီး ထရပ်လာသည်။

"ဟင်. . ရှင်. . ရှင်က နေစမ်းပါဦး ကျွန်မ အဖေမွေးနေ့ကို ဘာလို့မလိုက်ရတာလဲ. . "





မင်းဦးလည်း စက်သေနတ်ပစ်သလို. .

"အဟွတ်. . အဟွတ်. . အဟွတ်. . အဟွတ်. . "

နှင့်ပြန်ပစ်လေ၏။

စိတ်တိုတိုနှင့် ကျင်စိန်အော်လိုက်ပြီးမှ အောင်ဒင်၏ စကားကြီးသုံးခွန်းကို သတိရသွားကာ မာနေသောမျက်နှာကြောကို လက်ဖြင့်သပ်ချလိုက်ရင်း. .

"တောင်းပန်ပါတယ်. . ကိုဦးရယ်၊ ရှင့်ကို ဒီလိုပြန်မပြောသင့်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် စောစောပြန်လာမှဖြစ်မှာ ကျွန်မတို့လာနိုင်အောင် ပုသိမ်မှာမလုပ်ဘဲ ရန်ကုန်က ဒေါ်လေးတို့အိမ်မှာ လုပ်တာလေ၊ မသွားရင် အဖေ ဘယ်စိတ်ကောင်းပါ့မလဲ၊ နော်. . ယောက်ျားနော်၊ ကျွန်မတို့အတူတူ သွားကြမယ်. . နော်. . နော်လို့"

မခေါ်ချင်လို့လည်းမရ မတော်ချင်လို့လည်းမရသည့်. . ယောက္ခမမွေးနေ့ဆိုတော့ ဇွတ်ငြင်း၍လည်း မကောင်းတတ်သည်မို့. .

"အေးပါ. . အေးပါ. . စောစော ပြန်လာခဲ့မယ်"

"တကယ်နော်၊ အဟင်း. . ယောက်ျားက သိပ်လိမ္မာတာပဲ စောင့်နေမှာနော်၊ ကဲ. . ကိုဦးလည်းသွားတော့၊ ကျွန်မလည်း အိမ်သန့်ရှင်းရေးတွေ လုပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

ညနေ လေးနာရီလောက်တွင် ရန်ကင်းမှ ကျင်စိန့်ဒေါ် လေးအိမ်သို့ မင်းဦးတို့လင်မယား ရောက်လာကြသည်။ မွေးနေ့ လက်ဆောင်နှင့် စားစရာသောက်စရာများပါ ယူဆောင်လာသည်မို့ အားလုံး ဝမ်းသာအားရ ဆီးကြိုကြသည်။ ထိုအိမ်မှာ ကျင်စိန့်တို့ အမျိုးတွေအားလုံး စုံညီစွာ စုဝေးရောက်ရှိနေကြ၏။

"အဖေနဲ့အမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် မောင်မင်းဦး. . မင်းရော"

"အဟွတ်. . အဟွတ်. . အဟွတ်. . "





ယောက္ခမမေးကာမှ မင်းဦး သာသာကဲကဲလေး ချောင်းဆိုးပြလိုက်၏။

"အဟွတ်. . အဟွန်း မိန်းမရေ. . ကိုဦး အခြေအနေသိပ်မကောင်းဘူး၊ ဆေးခန်းသွားပြလိုက်ဦးမယ်ကွာ"

"ရှင်တစ်ယောက်ထဲ ဖြစ်ပါ့မလား၊ ကျွန်မ လိုက်ခဲ့မယ်လေ"

"ရတယ် ကိစ္စမရှိဘူး၊ ဆွေမျိုးတွေစုံတုန်း သူတို့နဲ့ပဲ နေခဲ့ပါ၊ ရတယ် သိပ်မကြာပါဘူး ကိုဦး ပြန်လာခဲ့မယ်"

မင်းဦး ဖွတ်ထွက်လာခဲ့၏။ ယောက္ခမ အသိုင်းအဝိုင်းမှာ မင်းဦးကို ဂရုဏာသက်၍ ကျန်ခဲ့သည်။ ကျင်စိန်လည်း မတွေ့တာကြာပြီဖြစ်သည့် ဝမ်းကွဲညီမ၊ အမေ၊ အဒေါ်တို့နှင့် စကားလက်ဆုံကျသွား၏။

"မောင်မင်းဦး ချောင်းဆိုးတာ ကြာပြီလား ဂရုစိုက်နော် တီဘီ ဖြစ်နေဦးမယ်"

"မကြာသေးပါဘူး အမေရယ်၊ ဂရုစိုက်ပါတယ်"

ပြောရင်းနှင့် ခုတလော ကံဆိုးနေပုံများ ရင်ဖွင့်မိသည်။

"ခုတလော သူ့အပြုအမူတွေ ဆန်းလာတာတော့ သေချာတယ် အမေရဲ့၊ သူ့ဟာသူလည်း ဘာလုပ်လို့လုပ်နေမှန်း သိပုံမရဘူး၊ သိပ်မေ့တတ်တာ"

"ဟဲ့. . ညည်းက သူ့မယားလေ၊ ပြုစုရမှာ ညည်းဝတ္တရား၊ အခု ညည်းတို့အိမ်ထောင်သက် ဘယ်လောက်ရှိပြီလဲ ခုမှ ခုနစ်နှစ်ရှိသေးတယ်မို့လား၊ နောက်တော့ အဆင်ပြေသွားမှာပါ"

ကျင်စိန် ဟင်းတွေ ပန်းကန်ထဲ ခပ်ထည့်နေသည်။

အမေက စကားအမျှင်မပြတ်. .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . တခုတော့ရှိတယ်၊ ယောကျ်ားအိမ်ပြန်ချိန်မမှန်တာ၊ အပြုအမူတွေ ထူးခြားလာတာ ကြုံရပြီဆိုရင် သတိသာထား သူများနောက်ပါသွားဦးမယ်၊ ယောကျ်ားဆိုတာ အလှကြိုက်တွေ. . ညည်းကလည်း ကိုယ့်ကိုယ်ကိုဂရုစိုက် ပုံတုံးကြီးမနေနဲ့ ဆွဲဆောင်မှု ရှိအောင် ပြင်ဆင်ပြီးနေလေ"

အမေပြောတာတွေ သဘာဝကျ၍ ကျင်စိန် ဂရုတစိုက် နားထောင်နေ၏။

"တခြားမကြည့်နဲ့ အမေ့ကိုပဲကြည့် ညည်းအဖေနဲ့ နှစ်သုံးဆယ်ကျော်နေလာခဲ့ပြီးပြီ တစ်ရက်လေးမှ မခွဲဖူးဘူး"

အမေက ယုံကြည်မှုအပြည့်နှင့် ပြောနေသည်။ ဟုတ်တော့လည်းဟုတ်၏။ သူလည်း အမေ့လို ပြင်ပြင်ဆင်ဆင်လေး နေတော့မည်ဟုပင် ဆုံးဖြတ်မိ၏။

ထိုအချိန်တွင် မင်းဦးမှာ ဆေးခန်းမရောက်ဘဲ ကြည်ပြာအခန်းရှေ့ ရောက်နေသည်။ တံခါးတွင် စာအသေးလေးတစ်စောင် ကပ်ထား၍ မင်းဦးဖြုတ်ကြည့်လိုက်သည်။

"ကိုကောင်းမြတ်နဲ့ ညစာသွားစားတယ်၊ ဘာမှမပူနဲ့"

ဟုရေးထားသော စာဖြစ်သည်။ မင်းဦး စိတ်တိုဒေါသထွက်မနာလိုဖြစ်သွား၏။

"တီတလီ. . တီတလီ"

အရေးထဲကျမှ မိန်းမထံမှ ဖုန်းလာသည်။

"အေး. . ပြော"

"ဆေးခန်းမှာလား ကိုဦး. . ၊ သောက်ဆေးပဲ ဝယ်မလာနဲ့ ဆရာဝန်နဲ့ သေချာပြနော်"





"အေးပါ. . အေး. . အေး. . ပြပြီးပါပြီ"

"ဆရာဝန်က ဘာပြောလဲ၊ စိုးရိမ်ရသတဲ့လား"

"မစိုးရိမ်ရပါဘူးဟာ သောက်ဆေးပေးလိုက်တယ် ဆေးတောင် မထိုးရဘူး"

"တော်ပါသေးရဲ့. . ဒါဆိုလည်း မြန်မြန်ပြန်ခဲ့ အားလုံးက စိတ်ပူနေတာ၊ အဖေတို့စောင့်နေတယ် ရှင်လာမှ ညစာစားမှာတဲ့"

"အေး. . အေး. . ပြန်လာနေပြီ"

ကြည်ပြာက ကောင်းမြတ်နှင့်တွဲခုတ်သွား၍ စိတ်ညစ်ရသည့်အထဲ မိန်းမက တဂျီဂျီနှင့်မို့ မင်းဦး ညစ်နေ၏။ မပြန်လို့လည်း မဖြစ်သည့်အတွက် ကြုံရာဆေးဆိုင်က ဆေးတချို့ဝင်ဝယ်ပြီး ချည်တိုင်သို့ ပြန်ခဲ့ရသည်။

မင်းဦး ပြန်ရောက်သည်နှင့် စိုးရိမ်တကြီး သတင်းဝိုင်းမေးကြ၏။ အခြေအနေကောင်းသည်ဆိုမှ အားလုံးပြုံးရွှင်သွားပြီး ညစာစားပွဲစ၏။ မိန်းမအမျိုးတွေကြားမှ မင်းဦး မနေတတ်မထိုင်တတ် ဖြစ်နေသည်။ အားလုံးက ဂရုစိုက်ဧည့်ခံကြသော်လည်း. . မင်းဦး စိတ်က ကြည်ပြာ့ထံသာ ရောက်နေလေ၏။

စားသောက်ပြီးသွားတော့ ယောက္ခမကြီးခေါ်၍ လက်ဖက်ရည်ဆိုင်သို့ လိုက်ရပြန်သည်။ သမက်နှင့်ယောက္ခမ ပြောစရာစကားက သိပ်များများမရှိ ယောက္ခမပြောတာသာ မင်းဦး ဒိုင်ခံခေါင်းညိတ်နေမိသည်။ တစ်ခွန်းနှစ်ခွန်း ပြန်ပြောတော့လည်း နားလေးသည့် ယောက္ခမက ကောင်းကောင်းမကြားသည်မို့ မင်းဦး ညစ်ပြီးရင်းညစ်နေတော့၏။

ကလေးတွေအတွက် မုန့်တချို့ဝယ်ပြီး ပြန်ခဲ့ကြသည်။ လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ယောက္ခမစီးလာသည့် ရာဘာဖိနပ် သည်းကြိုးပြုတ်သွား၏။ ယောက္ခမကြီးက ဖိနပ်ကိုကောက်ယူရင်း သည်းကြိုးပြန်တပ်သည်။

"ရာဘာဖိနပ်က ခဏခဏ သည်းကြိုးပြုတ်နေတာ စီးလာတာလည်း ကြာပြီလေ၊ ဒါပေမဲ့ လွှင့်ပစ်ရမှာ နှမြောလို့၊ အသားကျနေပြီ မဟုတ်လား၊ အသစ်ဝယ်စီးတောင် ဒီအဟောင်းအစုတ်လောက် အဆင်ပြေမှာ မဟုတ်ဘူးကွ"

"ဟုတ်တာပေါ့၊ ဒါပေမဲ့ ဘာဖြစ်လို့ နောက်အသစ်တစ်ရံဝယ်မစီးတာလဲ. . အသစ်လည်း နောက်တော့အသားကျသွားမှာပဲဟာ"

"မင်း ကြားဖူးတယ် မဟုတ်လား၊ အသစ်ဘယ်လိုကောင်းကောင်း အဟောင်းတလည်လည်တဲ့"

ယောက္ခမက သည်းကြိုးတပ်ပြီး ပြန်စီးသည်။

ဆက်လျှောက်လာကြရင်း. .

"အင်း. . ဒီနေ့ငါပျော်တယ်ကွာ၊ မင်းနဲ့ငါ့သမီး တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင်ရှိတာ မြင်ရလို့ စိတ်ချမ်းသာတယ်"

"ဗျာ!. . ဟုတ်. . ဟုတ်"

"အင်း တစ်ခုတော့ ဝမ်းနည်းတယ်ကွာ မင်းအဖေကို သတိရလို့ပါ၊ သူနဲ့ငါ အပြန်အလှန် ကတိတွေပေးခဲ့ကြတာလေ၊ ဒါကြောင့်လည်း သမီးကို မင်းနဲ့ပေးစားခဲ့တာပေါ့"

"ဟုတ်ကဲ့"

"တကယ်တော့ ငါ့သမီးက မင်းကို လက်မထပ်ချင်ခဲ့ဘူးကွ၊ ငါက အတင်းအကြပ်စီမံလို့သာ ခေါင်းညိတ်ခဲ့တာ"

"ဗျာ. ."





"ဒါပေမဲ့ အခုတော့ မင်းအပေါ် ငါ့သမီး သံယောဇဉ် ရှိနေပြီမို့လို့ ငါဝမ်းသာတယ်၊ အင်း. . . သူ့အတွက် သင့်တော်တဲ့ အိမ်ထောင်ဘက် ရွေးပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပေါ့"

ကြည့်စမ်း ကျင်စိန်က သူ့ကိုလက်ထပ်ဖို့ ဆန္ဒမရှိခဲ့ဘူး ဆိုပါလား၊ ဒါနဲ့များ ခုမှ တောက်တဲ့ကပ် ကပ်နေသေးတယ် ကွာရှင်းပေးလိုက်ပြီးရော၊ ခုတော့ သူ့မှာ ဘေးကျပ်နံကျပ်၊ ကြည်ပြာက ရာဇသံပေးထားသလို. . ကျင်စိန်ကလည်း ကွာပေးမှာ မဟုတ်သည့်အပြင် ယောက္ခမကပါ ဖိနပ်နှင့် ဥပမာပေးပြီး အဟောင်းကအကောင်းဆုံးတု ပြောနေပြန်သည်။

မင်းဦး ခေါင်းမီးတောက်မတတ် စိတ်ညစ်ညူးနေရတော့၏။



www.burmeseclassic.com



# အခန်း ( ၁၇ )

ည အိပ်ခါနီးအထိ မင်းဦး ငွဲနပဲနှင့် ကြည်ပြာ့ထံ ဖုန်းဆက်
နေသည်။ လုံးဝခေါ် ဆို၍မရ၊ မင်းဦးစိတ်နှလုံး ကြိမ်မီးအုံးသလို
နေရသည်။

ထိုအချိန်တွင် ကျင်စိန်မှာ ရေချိုးခန်းထဲ တစ်ယောက်
အလှပြင်နေသည်။ အမေမှာသည့်အတိုင်း ပြင်ပြင်ဆင်ဆင်
လုပ်နေ၏။

ကိုယ်တိုင်ပြင်ဆင်ကာ ကျေနပ်သွားတော့မှ ကျင်စိန်





ခန်းသို့ ဝင်လာခဲ့သည်။ မြင်နေကျပုံစံ မဟုတ်ဘဲ ထူးခြားစွာ ပြင်ဆင်လာသည့် ကျင်စိန့်ကိုတွေ့ပြီး မင်းဦး စိတ်ညစ်သွား၏။

အလှပြင်ပစ္စည်းတွေ သုံးနေကျမဟုတ်သည့်အတွက် ပြင်ဆင်ကာမှ ပိုပြီးပုံပျက်ပန်းပျက် ဖြစ်နေသေးသည်။

ကျင်စိန်ကတော့ သူ့ကိုယ်သူ ဟုတ်လှပြီထင်ကာ ယုံကြည်ချက်အပြည့်နှင့် ကုတင်ပေါ် တက်လာသည်။ မင်းဦး မသိမသာ နေရာရွှေ့မိ၏။ ဒါကို ကျင်စိန်သတိမပြုမိ။ ယောက်ျားအား လှမ်းဖက်လိုက်တော့ မင်းဦး ဆတ်ခနဲတုန်သွားသည်။ ဒီအချိန်မှာ ကြည်ပြာကလွဲပြီး ဘယ်သူ့ကိုမှ မင်းဦးအလိုမရှိ၊ ယောက်ျားမာယာတွေ ထုတ်သုံးရတော့သည်။

"အဟွတ်. . အဟွတ်. . အဟွတ်. ."

"ဟင်. . ကိုဦး စောစောက အကောင်းကြီးပါ၊ သက်သာနေပြီးတော့ ခုမှ ဘယ်လိုထဖြစ်ရတာလဲ ဝယ်လာတဲ့ ဆေးတွေရော"

"ဟိုစားပွဲအံဆွဲထဲမှာ. . အဟွတ်. . ဟွတ်"

ကျင်စိန် ဆေးထုတ်ကိုမြင်သည်နှင့်. .

"ဟင်. . ဆေးတွေကအများကြီးပဲ ဘယ်ဆေးသောက်မှာလဲ"

"တွေ့တာသာ အကုန်ယူခဲ့ကွာ. . အဟွတ်. . အဟွတ်"

ကျင်စိန် လက်ခုပ်နှင့်အပြည့်နီးပါး ဆေးတွေယူလာ၏။

မင်းဦး စိတ်ပေါက်ပေါက်နှင့် ဒီမိန်းမနဲ့နေရတာထက်စာလျှင် သေရတာ ပိုကောင်းသည်ဟုတွေးပြီး အရှဲ့တိုက်ကာ ဆေးတွေအကုန် သောက်ပစ်လိုက်တော့၏။

"ဂလု"



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက်ရလဒ်က မခံမရပ်နိုင်အောင် ဗိုက်အောင့်ကာ ဝမ်းတွေဒလဟောသွားသဖြင့် မင်းဦး မြှော့သွားတော့သည်။

ကျင်စိန် ဇနီးကောင်းပီသစွာ မင်းဦးအား ဆေးခန်းပို့ပေးသည်။ ဆရာဝန်က စိတ်ချရပြီဆိုမှ အိမ်သို့ ပြန်ခေါ်ခဲ့၏။ မင်းဦးလည်း အရွဲ့တိုက်မိသည့်ဒဏ်ကို အသည်းအသန် ခံစားသွားရတော့သည်။







## အခန်း ( ၁၈ )

ရုံးမှာ မင်းဦး ဂဏာမငြိမ်ဖြစ်နေသည်။ ကြည်ပြာ့ထံ ဖုန်းဖြင့် Message ပို့သည်။ အစည်းဝေးခန်းမှာ နှစ်ယောက်ထဲတွေ့ဖို့ စာတို ပို့သည်။ လုံးဝအဆက်အသွယ်မလုပ်၊ သူ့ရှေ့တည့်တည့်တွင် မြင်နေရပြီး စကားပြောခွင့်မရ၊ ဆက်သွယ်ခွင့်မရ ဖြစ်နေ၍ ပဋာ မြေလူး အရူးတစ်ပိုင်း ဖြစ်နေတော့၏။

ထိုစဉ် ကြည်ပြာ ရုတ်တရက်ထပြီး ရုံးခန်းအပြင်ထွက်သွားသည်။ အခွင့်အရေးကို လက်လွှတ်မခံဘဲ မင်းဦး အပြေးလိုက်ခဲ့၏။

www.burmeseclassic.com



ကြည်ပြာက အမျိုးသမီးရေအိမ်ထဲ ဝင်သွားသည်။ မင်းဦး ရုံးခန်းသို့ ဟန်မပျက် ပြန်လာ၏။ ကြည်ပြာ့စားပွဲမှာ လူမရှိသော်လည်း ဖုန်းရှိနေသည်။

မင်းဦး အကြံရပြီး ကြည်ပြာ့ဖုန်းကိုမသိမသာယူကာ . . ကောင်းမြတ် ဖုန်းနံပါတ်ကိုရှာပြီး ကူးယူထားလိုက်၏။ တွေ့ကြသေးတာပေါ့ ကောင်းမြတ်ရယ်ဟုလည်း စိတ်ထဲက ကြုံးဝါးနေမိတော့သည်။

ညနေ ရုံးအဆင်း ကားပေါ်ရောက်သည်နှင့် ကောင်းမြတ်ထံ ဖုန်းလှမ်းဆက်လိုက်၏။

"ဟလို . . ကိုကောင်းမြတ်ပါလား ခင်ဗျာ၊ ကျွန်တော် ကြည်ပြာ့အကြောင်းလေး ပြောပြချင်လို့ပါ"

ကောင်းမြတ်က သူတည်းနေသော ဟိုတယ်ခန်းသို့လာရန် ဖိတ်ခေါ်သည်။

တကယ်တန်း မျက်နှာချင်းဆိုင်တွေ့ရတော့ ဘာပြောရမှန်း မသိဖြစ်နေ၏။ တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်း စကားစရှာနေရသည်။

"ကျွန်တော်တို့ အချင်းချင်း မသိကြဘူးထင်တယ်၊ ကြည်ပြာနဲ့ ပတ်သက်ပြီး ဘာများပြောစရာရှိလို့လဲ"

"ကြည်ပြာ့ကို ကျွန်တော့်ပြန်ပေးပါဗျာ၊ ကျွန်တော် ကြည်ပြာရဲ့ ချစ်သူပါ"

"ဗြော်"

ကောင်းမြတ်က မေးပွတ်ပြီး မျက်လုံးမှေးစင်းကာ မကြည်သလိုကြည့်၏။





"ကြည်ပြာနဲ့ လက်ထပ်ဖို့ထိ ကြိုးစားနေတဲ့သူပါဗျာ"

ကောင်းမြတ် ဟတ်ခနဲ တစ်ချက်ရယ်သည်။

"ခင်ဗျား မယုံဘူးမှလား၊ ကျုပ်သက်သေပြမယ် ဒီမှာကြည့်"

မင်းဦးက သွားလေရာ လာဘ်ပွင့်အဆောင်လို ကိုယ်နှင့်မကွာ အမြဲဆောင်ထားသည့် ကြည်ပြာ့အတွင်းခံအနီလေးကို ထုတ်ပြလိုက်သည်။ ပြီးတော့ သူယူလာသည့်အိတ်ထဲမှ ဘရာစီယာ၊ စကတ်တိုကအစ၊ ထဘီအဆုံး ထုတ်ပြသမျှကို ကြည့်ရင်း . . ကောင်းမြတ်နှာခေါင်းရှုံ့လေသည်။

"ဒါတွေအကုန်လုံး ကြည်ပြာ့ပစ္စည်းတွေပဲ . . ၊ ဒီမှာနှစ်ယောက်တွဲဓာတ်ပုံတွေ ကြည့်ပါဦးဗျာ"

မင်းဦး အဝတ်အစားသာမက ဓာတ်ပုံများကိုပါ ထုတ်ပြကာ သက်သေထူသည်။

"ခင်ဗျားက ရုပ်ဖြောင့်ပြီး အရည်အချင်းရှိတဲ့ လူတော်တစ်ယောက်ပါ၊ ခင်ဗျားအတွက် မိန်းမတွေ မရှားပါဘူးဗျာ၊ ကြည်ပြာ့ကိုသာ ရှောင်ပေးလိုက်ပါ၊ ကြည်ပြာဟာ ကျွန်တော့်ရည်စား၊ ကျွန်တော့်မိန်းမဗျ"

ကောင်းမြတ်က မင်းဦးအား ဒေါသမပါဘဲ တည်တည်ငြိမ်ငြိမ်ပင် တုန့်ပြန်သည်။

"ဒီမယ် ကိုမင်းဦး၊ ဒီကိစ္စဆိုရင်တော့ ကျွန်တော် မကူညီနိုင်ပါဘူး"

"ဟင် . . ဘာလို့လဲ"

"ဒီ့ထက် ပိုအရေးကြီးတာ တစ်ခုပြောပြမယ်၊ ကြည်ပြာ့ကို ကျွန်တော်တို့ နှစ်ယောက်ထဲက ဘယ်သူမှ မပိုင်သေးပါဘူး၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



သူကပဲ ရွေးချယ်ပါလိမ့်မယ်"

"ဟာဗျာ. ."

"ကဲ. . ကိုမင်းဦး ကျွန်တော် သွားစရာရှိသေးတယ်"

ပါးနပ်စွာ နှင်ထုတ်နေပြီမို့ မင်းဦး တပ်ခေါက်၍ ပြန်ခဲ့ရ တော့၏။









# အခန်း ( ၁၉ )

အိမ်မှ တန်းမပြန်သေးဘဲ လမ်းထိပ်တွင်အရက်ကို မှန်းအောင်သောက်ကာ စိတ်ဖြေနေရသည်။ လူမှန်းမသိအောင် မူးလာတော့မှ မင်းဦးထပြန်သည်။ သူ့ခြံရှေ့ထိ လျှောက်လာနိုင်သည်။ အိမ်ရှေ့ထွက်စောင့်နေသော ကျင်စိန့်ကို တွေ့လိုက်သည်နှင့်. . သူ ခြေလှမ်းတို့ မြောင်းနှုတ်ခမ်းဝသို့ ရောက်သွားကာ ချော်ကျသွားလေ တော့၏။

"အား!!. ."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး!. . သေပါပြီ ကိုဦးရယ်"

ထို့နောက် ဘာတွေဆက်ဖြစ်သည်လဲ မင်းဦး မသိတော့. . မင်းဦး သတိရလာတော့ မိုးတောင်လင်းနေလေပြီ။ အနီးကပ် ပြုစုနေသော ကျင်စိန်ကို တွေ့လိုက်ရသဖြင့် ပြန်ပြီးမေ့လဲချင်စိတ်သာ တဖွားဖွား ပေါ်လာ၏။

"ကိုဦး သတိရပြီလား၊ ဘာမှမစိုးရိမ်နဲ့နော် အားလုံးကောင်းသွားမှာသိလား၊ ပွန်းတာပဲ့တာလေးပဲတဲ့ ဒါပေမဲ့ ဆီးချိုတော့ တအားတက်နေတယ် ကိုဦးရဲ့"

ကျင်စိန်က ရေပတ်ဝတ်နှင့်သုတ်ပေးရင်း တတွတ်တွတ် ပြောနေသည်။ မင်းဦးအတွေးထဲမှာတော့ ကြည်ပြာ့မျက်နှာလေးသာ မြင်ယောင်နေသည်။

"တင်းတောင်. . တင်းတောင်. ."

ထိုစဉ် ဘဲလ်သံကြား၍ ကျင်စိန် အပြေးသွားဖွင့်ပေး၏။ တံခါး ပွင့်သွားသည်တွင် မြင်လိုက်ရသည့် ဧည့်သည်ကြောင့် ကျင်စိန် မင်သက်မိသွားသည်။

ဟင်. . ဘယ်သူလဲ လှလိုက်တဲ့ကောင်မ၊ အင်း. . ကြည့်စမ်းပါဦး အသားကလည်း ဖြူဝင်းလို့၊ ခြောတာကလည်း မင်းသမီးရှုံးလို့၊ ဟင်. . အမလေး သူ့ရင်သားတွေကလည်း မိန်းမချင်းတောင် မနာလိုစရာပါပဲလား၊ အဲ. . အောက်ပိုင်းကလည်း တောင့်မှတောင့် ငါနဲ့တော့ တခြားစီပဲ. . .။

ရောက်လာသည့် ဧည့်သည်အမျိုးသမီးကို လှေလာသုံးသပ် မှတ်ချက်ချနေခိုက်မှာပင်. .

"ဆရာ. . သက်သာသွားပြီလား အစ်မ"





"ဘယ်သူ့ကို ပြောတာလဲ. .၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ကိုမင်းဦးနဲ့ပါ၊ ကိုမင်းဦး နေမကောင်းဘူး ခွင့်တိုင်ထားလို့ ရုံးက ကျွန်မကိုလွှတ်လိုက်တာပါ၊ ကျွန်မက ကိုမင်းဦးရဲ့ လက်ထောက်ပါ"

"သြော်. . ဟုတ်ကဲ့. . ဝင်. . ဝင်ပါ"

သူ့ကိုယ်သူ မိတ်ဆက်ပြီး ဟထားသည့်တံခါးကြားမှ တိုးဝင်လာ၏။ နောက်ပါးမှလည်း အဖော်မိန်းမလျှာတစ်ယောက် ပါသေးသည်။ လက်ဆောင်ခြင်းအပြင် ပန်းစည်းကြီးတစ်ခုလည်း ယူလာသေးသည်။

"ကိုဦး. . ဒီမှာ ရုံးကတဲ့"

ကြွကြွရွရွလျှောက်လှမ်းသွားပုံကလည်း မော်ဒယ်မတွေ အရှုံးပေးရ၏။ ကျင်စိန် ထိုမိန်းမကိုကြည့်ရင်း. . မနာလိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေသည်။ ယောကျ်ားကို လှမ်းကြည့်တော့လည်း ပါးစပ်က နားရွက်ချိတ်လုမတတ်. .။

"ကိုမင်းဦး သက်သာသွားပြီလား. . မျက်နှာကတော့ လန်းသားပဲ"

"လာ. . ကြည်ပြာ. . လာ၊ အတော်တော့ သက်သာသွားပါပြီ၊ လာကြည့်တာ ကျေးဇူးပါ ကြည်ပြာရယ်"

ကြည်ပြာက မင်းဦး ခုတင်ပေါ် တင်ပလွဲထိုင်လိုက်ရင်း. . .

"ရပါတယ် ကိုမင်းဦးရယ်၊ ဝတ္တရားရှိတယ်မဟုတ်လား၊ အားပြည့်မယ့်ဟာလေးတွေ ဝယ်လာသေးတယ်"

"ဒုက္ခရှာလို့ ကြည်ပြာရယ်၊ ကိုယ်အလုပ်ပင်ပန်းပြီး အားပြတ်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျင်စိန်လည်း သူမလင်နှင့်ထိုကောင်မ ဆက်ဆံရေးကို အနီးကပ် အကဲခတ်နေသည်။

“ပန်းစည်းက သူဒွေးပေးခိုင်းလိုက်တာလေ ကိုမင်းဦးရဲ့”

အခြောက်မလက်ထဲမှ ပန်းစည်းကို ကြည်ပြာလှမ်းယူ၍ မင်းဦးကိုပေးသည်။ ကျင်စိန် အပြေးရောက်လာကာ ပန်းစည်းကို လုယူလိုက်၏။

“ပေး. . ပေး. . ကျွန်မ ပန်းအိုးထဲ ထည့်လိုက်မယ်”

မင်းဦး အားနာသွား၏။ ကြည်ပြာက အပြုံးမပျက် လတ်ဆောင်ခြင်းကို ထပ်ပေးပြန်သည်။

“ဒါ Brand ကြက်ပေါင်းရည်နဲ့ ငှက်သိုက်ရည်လေ မြန်မြန်အားပြည့်အောင်လို့ပေါ့၊ ရုံးက လုပ်ဖော်ကိုင်ဖက်တွေနဲ့ စုပြီးဝယ်ခဲ့တာ၊ တစ်လုံးလောက်သောက်လိုက်နော် ကြည်ပြာ ဖွင့်ပေးမယ်”

မင်းဦး သဘောကျသွားကာ ပါးစပ်ပြဲသွား၏။ ကြည်ပြာဖွင့်ပေးတာကို ခံချင်နေသည့် မင်းဦးအတွက် ရေဝတ်တုန်း ရေတွင်းထဲကျသလိုဖြစ်သွားသည်။ ကြည်ပြာက ငှက်သိုက်ရည်တစ်လုံးထုတ်၍ ဖွင့်ဖို့ ဟန်ပြင်စဉ်မှာပင် ကျင်စိန် ပြန်ရောက်လာပြီးကာ ထိုပုလင်းကို ထပ်မံ လုယူလိုက်ပြန်သည်။

“အို. . မတိုက်နဲ့ မတိုက်နဲ့၊ အဲဒါတွေက ချိုလွန်းတယ်လေ ကိုဦးနဲ့မတည့်ဘူး ကိုဦးမှာ ဆီးချိုရှိတယ်”

ကြည်ပြာက လွှတ်မပေးဘဲ ပုလင်းကိုပြန်ဆွဲထားရင်း. .

“ဟင်. . နည်းနည်းတောင် တိုက်လို့မရဘူးလား၊ ဒါမှမြန်မြန် အားပြည့်မှာပေါ့ အစ်မရဲ့”

နှစ်ယောက်သား ငှက်သိုက်ရည်ပုလင်းကို မလွှတ်တမ်းဆုပ်





ကိုင်ရင်း အပြန်အလှန်ပြောဆိုနေကြ၏။ ကြားထဲက မင်းဦး ဟိုလူ့မပြောရဲ ဒီလူ့မပြောရဲနှင့် ဗျာများကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

“ကျွန်မကသူ့ဇနီးပါ သူဘာနဲ့တည့်တယ် မတည့်ဘူးဆိုတာ ကျွန်မအသိဆုံး၊ ခုနစ်နှစ်လုံးလုံး ချက်ပြုတ်ကျွေးပြီး ပြုစုလာခဲ့တာ”

“ဆီးချို ရှိတယ်ဆိုပေမယ့် အားပြတ်နေတဲ့လူအတွက် အချိုဓာတ်လေး လိုအပ်တယ်လေ”

“မဖြစ်ဘူး. . ဆီးချိုတက်တော့ သူပဲခံရမှာ မတိုက်ရဘူး”

ကြည်ပြာနှင့် ကျင်စိန် ထိပ်တိုက်တွေ့နေကြပြီ။

“နည်းနည်းပါ”

“မရဘူး မတည့်ဘူး”

မင်းဦး ထိုအဖြစ်ကြောင့် စိတ်မသက်မသာဖြစ်ရသည်။ ဘယ်သူ့ဘက်မှလည်း မလိုက်ရဲ. . ၊ လူမသိအောင် ဖုံးထားတာတွေ ပေါ်သွားမှာစိုး၍ မလှုပ်ရဲဖြစ်နေ၏။ ထိုအချိန်တွင် အဘွားက ဆန်ပြုတ်ပန်းကန်နှင့် ဝင်လာ၏။ ကြည်ပြာတို့ ဆင်နွှဲနေသည့် ပုလင်းလုပွဲ ခဏရပ်သွားသည်။

“ဒီမှာ လူပမာအတွက် ဆန်ပြုတ်ရပြီဟေ့”

အဘွားက ကြည်ပြာကိုတွေ့သည်နှင့်. .

“ဟယ်. . ကောင်မလေးလှလိုက်တာ၊ ငါ့မြေးဆီ သတင်းလာမေးတာနဲ့တူတယ်”

အဘွား၏စကားကြောင့် အခြောက်မက ခေါင်းတခါခါ ဃည်တခါခါနှင့်. .

“ကဲ. . ကြည်ပြာရေ ပြန်ကြစို့”



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာပြန်ဖို့ထရပ်လိုက်၏။ မင်းဦး မျက်စိမျက်နှာပျက်စွာနှင့်. .

"ကြည်ပြာ သူ့ဒွေးကို ပြောလိုက်ပါဦးနော်၊ ဆရာ့အခြေအနေလေး တစ်ရက်နှစ်ရက်ဆို ကောင်းသွားမှာပါလို့. . နောက်ပြီး ကိုယ်. . အဲ. . ဆရာအဲဒီအလုပ်ကို မဖြစ်မနေ ဖြစ်အောင်လုပ်မှာပါလို့"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ် ဆရာ၊ သွားမယ်နော် တာ့တာ"

ညို့သည်အမျိုးသမီးနှင့်အဖော်က ကြွကြွရွရွပင် ပြန်လည်ထွက်ခွာသွား၏။ ကျင်စိန်နှင့်အဘွားက သမင်လည်ပြန် လှည့်ကြည့်ကြသည်။ ကိုယ်လုံးကိုယ်ပေါက်အလှကလည်း ယောကျ်ားအားလုံးကို ဖမ်းစားနိုင်စွမ်းရှိလွန်းလှ၏။ မနာလိုစိတ်များနှင့် သူ့လင်ကို ကျင်စိန်လှည့်ကြည့်လိုက်၏။

မင်းဦး မျက်ဝန်းအကြည့်တွေက ထိုကောင်မ၏ နိမ့်တုံမြင့်တုံ တင်ပဆုံတွေပေါ် ကျက်စားနေတာ ပက်ပင်းမိသွား၏။ ကျင်စိန် ဒေါပွသွားကာ. . .

"ယောကျ်ား"

"ဟမ်!"

သူ့အကြည့်ကို မိန်းမမိသွားသဖြင့် မင်းဦးမလုံမလဲ ဖြစ်နေ၏။

"အဲဒီကောင်မက ဘယ်သူလဲ"

"လုပ်ဖော်ကိုင်ဖက်ပါ၊ သူက ကိုယ့်အောက်က၊ ကိုယ်ထက်အပေါ်ကလေ. . ဟဲ. . ဟဲ. . "

အဘွားက ဆန်ပြုတ်လာပေး၍ မင်းဦး ငုံ့သောက်နေလိုက်





သည်။

"ပါလာတဲ့ နောက်တစ်ယောက်ကရော"

"သူ့ယောကျ်ားများလား မသိဘူး"

"တစ်ခုခုတော့တစ်ခုခုပဲ သူ ကျွန်မကို ကောင်းကောင်းသိနေသလိုပဲ၊ ပြီးတော့လည်း ပိုင်စိုးပိုင်နင်းနဲ့ ငှက်သိုက်ရည်ချိုလွန်းတာ သူမသိဘူးလား၊ ရှင် အဲဒါတွေ လုံးဝမသောက်ရဘူးနော်"

ကျင်စိန်က အဘွားဘက်လှည့်ကာ. .

"အဘွား ဈေးသွားရင် ကျွန်မတို့ ဒီငှက်သိုက်ခြင်း ယူသွားပြီး ပြန်ရောင်းစားရမယ်၊ ပန်းစည်းကိုတော့ အမှိုက်ပုံးထဲ ထည့်ပစ်ရမယ်"

ကျင်စိန့်စကားဆုံးသည်နှင့် မင်းဦး ခုတင်ပေါ် မူးလဲကျသွားတော့သည်။

"ဟင်!. . ကိုဦး. . ကိုဦး ဘာဖြစ်တာလဲ"

"ခေါင်းနည်းနည်း မူးသွားလို့ပါ"

"ရှုဆေးရှုအုံးမလား ကိုဦး"

"မလိုဘူး. . ရတယ်"

"သိပြီ. . . ကျွန်မ ကိုဦးကို အော်ပြောနေလို့ပဲဖြစ်ရမယ်၊ ကျွန်မ အော်မပြောသင့်ဘူး၊ ကျွန်မအသံ နည်းနည်းကျယ်သွားလို့ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၀ )

ကျင်စိန် စိတ်ပျက်လက်ပျက်နှင့် ရောင်းမကောင်းသည့် ဈေးသည်လို မှိုင်တွေကာ ငိုင်နေလေ၏။ သူ ဒေါသတကြီး ပြောဆိုတိုင်း ယောကျာ်းဖြစ်သူ ရောဂါတစ်ခုမဟုတ်တစ်ခု ပေါ်လာတာ သတိပြုမိသည်။ ထိုအခါတိုင်း ပေဒင်ဘိုးအောင်ဒင် ပြောတာတွေ ပြန်သတိရ၏။

ဒီအတိုင်းနေလို့တော့ မဖြစ်၊ ထိုဆရာကြီးနှင့် ထပ်တွေ့ကာ အကူအညီတောင်းမှ ဖြစ်တော့မည်ဟု တွေးမိသည်။ တစ်ခါက ထို





ဆရာကြီးပေးခဲ့သည့် လိပ်စာကတ်ကို လိုက်ရှာရသည်။

အိပ်ခန်းဗီရိုအံဆွဲထဲမှာ လိပ်စာကတ်တွေ့သဖြင့် ဝမ်းသာသွားပြီး အချိန်မဆိုင်းဘဲ ထွက်လာခဲ့တော့၏။ ဟိုမေးဒီမေးနှင့် ဖြည်းဖြည်းလျှောက်ခဲ့ရင်းနှင့်ပင် လိပ်စာကဒ်ထဲကနာမည်နှင့် ဆိုင်းဘုတ်ကို တွေ့လိုက်ရ၏။

ဆရာကြီး ရှိနေပါစေဟု ဆုတောင်းရင်း TV ပြင်သည့် ဆိုင်လေးထဲ ဝင်လာခဲ့သည်။ ဆိုင်က အိမ်နှင့်တွဲဖွင့်ထားခြင်းဖြစ်သည်။ TV ပြင်နေသော ကောင်လေးတစ်ယောက်ကို တွေ့၍. .

"ဒီအိမ်က ပေဒင်ဆရာ ဦးအောင်ဒင်ရဲ့ အိမ်ပါလား"

"မဟုတ်ပါဘူး. ."

"ဘာလို့မဟုတ်ရမှာလဲ ဒီကဒ်ထဲကလိပ်စာက ဒီအိမ်ပဲလေ"

လှမ်းပေးလာသော လိပ်စာကဒ်ကို မျက်မှန်အထူကြီးနှင့် ဇင်အောင်ကကြည့်ရင်း. .

"ဒါ. . ဒီဆိုင်ကဒ်ပါ. .၊ သြော်. . ဦးအောင်ဒင်ဆိုတော့ အဖေ့ကိုပြောတာနဲ့တူတယ်. . အဖေရေ. . ဒီမှာ အဖေ့ကိုတွေ့ချင်လို့တဲ့"

"ဘယ်သူလဲကွ"

အိမ်ပေါ်မှ လှမ်းအော်သံ ပြန်ကြားရ၏။

"မသိဘူးအဖေ. . မိန်းမတစ်ယောက်ပဲ"

ဇင်အောင် မော့အကြည့်. .

"ဟင်. . အစ်မကို ရင်းရင်းနှီးနှီးမြင်ဖူးသလိုပဲ"

ကျင်စိန်လည်း ဇင်အောင့်ကို သေချာစွာစိုက်ကြည့်ရင်းက. .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . နင့်ကိုလည်း ငါ ရင်းရင်းနှီးနှီးမြင်ဖူးနေတယ်"

ထိုစဉ် အိမ်ပေါ်မှ အောင်ဒင် ဆင်းလာ၏။

"ဘယ်သူများလဲ"

အသံကြား၍ ကျင်စိန် လှည့်ကြည့်သည်။ အောင်ဒင် မှတ်မိသွား၏။

"ဩော် ဘာများလည်းကွဲ့၊ ဟော့ကောင်. . သွား. . သွား. . မင်းအလုပ်မင်းလုပ်. ."

ဇင်အောင့်ကို မှတ်မိသွားမှာစိုး၍ အောင်ဒင် မောင်းထုတ်လိုက်သည်။

"ဒီလိုပါ ဆရာကြီးရယ်၊ ကျွန်မယောကျ်ားလေ ဆန်းကြယ်တဲ့ဖြစ်ရပ်တွေ တောက်လျှောက်ဖြစ်နေလို့၊ အဲဒါ ဆရာဟောခဲ့တဲ့အတိုင်း အကုန်ဖြစ်နေပြီဆရာ၊ နေမကောင်းလည်း ခဏခဏဖြစ်နေတော့ ကျွန်မ တအားစိတ်ပူနေလို့ပါ၊ အားလုံး ကျွန်မအမှားပါ။ ဆရာဟောတာကိုလည်း မယုံခဲ့ဘူးလေ၊ ကျွန်မယောကျ်ား အန္တရာယ်အပေါင်းက လွတ်မြောက်အောင် ကူညီပေးပါဦး ဆရာရယ်"

"အိမ်း. . ဒါကတော့ သိပ်မခက်ပါဘူး၊ မင်း သူနဲ့လမ်းခွဲပေးလိုက်လေ၊ ဒါဆို အားလုံးကောင်းသွားလိမ့်မယ်"

ကျင်စိန့်မျက်နှာလေး ချက်ချင်းပင် ညှိုးငယ်သွားသည်။

"ကျွန်. . ကျွန်မ သူ့ကို မခွဲနိုင်ဘူးဆရာ"

"ဒါဆိုရင်တော့ မင်းယောကျ်ား သေမှာပဲ၊ ကျုပ်ပြောတာဒီလောက်ရှင်းနေတာပဲ မင်းနားမလည်သေးဘူးလား"

"ကျွန်မ. . ကျွန်မဘဝမှာ သူမရှိလို့မဖြစ်ဘူး၊ သူနဲ့လည်းခွဲပြီးမနေနိုင်ဘူး၊ ခုနစ်နှစ်လုံးလုံး ကျွန်မတို့ အတူနေလာခဲ့ကြတာ





ကျွန်မ သူ့မျက်နှာကို နေ့တိုင်းမြင်နေချင်တယ် ဆရာရယ်"

ငိုသံပါကြီးနှင့် ကျင်စိန်ပြောနေလေပြီ။

"သူစားဖို့သောက်ဖို့ နေ့တိုင်းချက် ပြုတ်ပေးချင်တယ်၊ နေ့တိုင်း သူနဲ့စကားပြောနေချင်တယ်၊ ဒါပေမဲ့ သူက အလုပ်များပြီးအမြဲအိမ်ပြန်နောက်ကျခဲ့တယ်လေ၊ ကျွန်မကောင်းကောင်းနေရဖို့ သူဒီလိုအပင် ပန်းခံနေတယ်ဆိုတာလည်း ကျွန်မသိပါတယ်၊ သူပင်ပန်းနေတာကို ကျွန်မမကြည့်ရက်ဘူး၊ ကျွန်မသူနဲ့ သက်ဆုံးတိုင် အတူနေချင်တယ် ဆရာရယ်. . အဟင့်ဟင့်"

ကျင်စိန်၏ လင်သားအပေါ်ထားရှိသည့် သဘောထားကို သိလိုက်ရသဖြင့် အောင်ဒင်တို့သားအဖ မျက်ရည်ပင်လည်သွား၏။

"ဆရာက သိပ်တော်တဲ့ဆရာပါ၊ ကျွန်မယောကျ်ားကို မဆုံးရှုံးရဖို့အတွက် နောက်ထပ်နည်းလမ်းတွေ ရှိနေမှာပါ၊ ဟုတ်တယ်မို့လားဆရာ. . ပြောပါ ဆရာ၊ ဆရာပြောတဲ့အတိုင်း ကျွန်မ ဘာမဆိုလုပ်မှာပါ ဆရာ"

အောင်ဒင် အတော်စိတ်လေသွား၏။ ဒီလိုမယားကောင်းကို သစ္စာဖောက်မည့်သူကိုမှ အားပေးကူညီမိလေခြင်းဟုလည်း ယူကြုံးမရ ခံစားရသည်။ သူကလည်း ဗေဒင်ကို ဟုတ်တိပတ်တိ တတ်သူမဟုတ်၊ ကြံဖန်ပြီး ပြဿနာမီးမွှေးဖို့လောက်သာ တတ်သူဖြစ်သည်။

"သူ့အန္တရာယ်ကင်းဖို့. . သူနဲ့မခွဲရဖို့ ကူညီပါဆရာ၊ ကျွန်မအသက်နဲ့ရင်းဆို ရင်းရဲပါတယ်"

အောင်ဒင် ဘာပြောရမှန်းမသိ၊ ခေါင်းကုတ်ဖင်ကုတ်နှင့် အကြံထုတ်နေစဉ် သူ့အကြည့်က ပြင်ပြီးစမ်းထားသော အိုးဗွီ(၂)လုံး



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ရောက်သွားသည်။ တစ်လုံးက မာရသွန်ပြေးပွဲ ပြက္ခက်နှင့် နောက်တစ်လုံးမှာ ကောက်ရိုးစားနေသော နွားပုံတို့ကို မြင်လိုက်၏။ ပြီးတော့ အောင်ဒင် ကယောင်ကတန်းနှင့် လျှောက်ပြောတော့၏။

"ပြေး. . ပြေး. . ရမယ်"

"ရှင်!"

"ဟုတ်တယ်. . မင်း ပြေးရမယ်၊ ပြီးတော့ ကျုပ်အာရုံထဲမှာ မြင်နေတယ်၊ မင်းယောက်ျားက နွားနှစ်ဖွား. . နွားက ကောက်ရိုးစားတယ်၊ ဒီတော့ မင်းက ကောက်ရိုးနဲ့ လူရုပ်လုပ်ရမယ် မင်းယောက်ျားရဲ့အဝတ်အစားတွေ ဝတ်ပေးရမယ်၊ စာခြောက်ရုပ်လိုပေါ့. . အဲဒီအရုပ်ကို ကျောမှာလွယ်ပြီး မင်း အိမ်ကစပြေးရမယ်၊

မပြီးသေးဘူး. . ၊ အဲဒီလိုပြေးရင်းနဲ့ မင်း အော်ရမယ်၊ ငါ့ယောက်ျားကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ခုထွက်သွားဆိုပြီး တစ်လမ်းလုံး အော်သွားရမယ်၊ ပဲခူးအထိရောက်အောင်ပြေး၊ ပဲခူးမြစ်ကမ်းပါးရောက်ရင် ကောက်ရိုးရုပ်ကို ဓါးနဲ့ထက်ခြမ်းပိုင်းပြီး မီးရှို့ပစ်ရမယ်၊ အဲ. . ဓားနဲ့ပိုင်းမယ်ဆိုတော့ ဓားလိုသေးတယ်၊ အဲဒါဆို စပြေးကတည်းက ဓားယူသွားပေါ့၊ ဓားကို ဒီအတိုင်း မကိုင်သွားနဲ့နော် ဖုက်ယူသွား"

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာ"

"ဒါတွေအားလုံး မနက်ဖြန်ညနေ နေမဝင်ခင် အပြီးလုပ်ရမှာ. ."

"ကျွန်မ မဖြစ်ဖြစ်အောင် လုပ်ပါ့မယ် ဆရာ"

"အေး. . တစ်ခုခုမှားရင်တော့ ကျုပ်လည်း မတတ်နိုင်ဘူးနော်"





ကျင်စိန် အိမ်မပြန်တော့ဘဲ သံလျှင်သို့ ကားငှား၍ ချက်ချင်းထွက်ခဲ့သည်။ ရန်ကုန်မှာ ကောက်ရိုးရှာနေလို့ကတော့ ရမှာမဟုတ်မှန်းသိ၍ ရနိုင်သည့်နေရာကို တစ်ခါတည်း လာခဲ့၏။ သံလျှင်ရောက်တော့ လယ်လုပ်သည့် အနီးဆုံးရွာသို့ မေးမြန်းစုံစမ်းပြီး အရောက်သွားသည်။

တောင်းပန်ပြောဆိုကာ ကားနောက်ဖုံးနှင့်အပြည့် ကောက်ရိုးကို တစ်သောင်းပေးဝယ်ခဲ့၏။ ပြီးတော့ ရန်ကုန်ကို အသည်းအသန် ပြန်လာရသည်။

အိမ်ပြန်ရောက်တော့ ညနေသုံးနာရီ ဝန်းကျင်လောက် ရှိနေပြီ၊ ကျင်စိန် အမောပင်မဖြေအား၊ ကောက်ရိုးများကို စုစည်းကာ လူရုပ်လုပ်သည်။ အဘွားက ကူညီလုပ်ကိုင်ပေးရင်း မေးသဖြင့် အဘွားမြေးအတွက် ယတြာဟုသာ တိုတိုတုတ်တုတ် ဖြေလိုက်၏။

အရုပ်လုပ်ရင်း ဒီယတြာကို သူဆုံးခန်းတိုင်အောင် လုပ်နိုင်ပါ့မလားဟု သံသယဖြစ်မိသည်။ သူမ ပဲခူးအရောက်ပြေးလျှင် (၁၀) နာရီဝန်းကျင် ပြေးရလိမ့်မည်။

မော၍နားသည့်အချိန် ဆာ၍စားသည့်အချိန်တွေပါ ထည့်ပေါင်းလျှင် (၁၂)နာရီဝန်းကျင်လောက် အချိန်လိုသည်။ မနက်ဖြန်နေမဝင်ခင်အထိဆိုတော့ အချိန်လုံလောက်၏။ သူပြေးနိုင်မပြေးနိုင်ဆိုတာပဲ မှတ်ကျောက်တင်ရတော့မည့် ပွဲဖြစ်နေခဲ့ပြီ။

အရုပ်လုပ်ပြီးသွားသည့်အခါ မင်းဦး၏ တီရှပ်အဟောင်းတစ်ထည်နှင့် ရေချိုးရင်းဝတ်သည့်ဘောင်းဘီတိုကို ဆင်မြန်းပေးလိုက်၏။ အခြားလိုအပ်သော ပစ္စည်းများဖြစ်သည့် ကြိုး၊ မီးခြစ်၊ ဓား၊ လွယ်အိတ်၊ ရေဘူးနှင့် အဆာပြေစားစရာမုန့်များ စုစည်းထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျင်စိန် ခဏအမောဖြေပြီးသည်နှင့် ကျောပေါ်အရုပ်တင်၍ အဘွားအား ကြိုးနှင့်ခိုင်ခိုင်ချည်နှောင်ခိုင်းရ၏။

လိုအပ်တာတွေ အကုန်စုစည်းပြီးသည့်အခါ စာတစ်စောင် ရေးပြန်သည်။ ထိုစာကို အိတ်နှင့်ထည့်၊ ကော်ကပ်ပြီး အဘွားလက်သို့ အပ်၏။

"အဘွားမြေး ပြန်လာရင် ဒီစာပေးလိုက်ပါ၊ ကျွန်မ သွားမယ် မနက်ဖြန် မမှောင်ခင်တော့ ပြန်ရောက်မယ်ထင်ပါရဲ့"

အဘွား စာကိုယူပြီး မျက်ရည်စမ်းစမ်းနှင့် ခေါင်းညိတ်၏။ မြေးချွေးမက မြေးလေးအသက်အန္တရာယ်ကင်းဖို့ ဘယ်မိန်းမမှ မလုပ်ရဲသည့် ယတြာကို လုပ်မည်ဆိုတော့ မျက်ရည်မဝဲဘဲ နေနိုင်ပါတော့မလား။

ကျင်စိန် လွယ်အိတ်လွယ်ကာ ဓားကိုကိုင်ပြီး အသင့်ပြင်၏။ အသက်ဝဝရှူပြီး လင်ယောကျ်ား၏ အသက်ကိုကယ်ဖို့ ထွက်မည့်ခရီး လမ်း သာယာပါစေကြောင်း ဆုမွန်တောင်းပြီး ခြံထဲမှ ထွက်လာခဲ့တော့၏။

လမ်းပေါ်ရောက်သည်နှင့် လမ်းသွားလမ်းလာများ ရပ်ကွက်ထဲက မျက်နှာသိများ၏ စပ်စုမျက်ဝန်းတွေကို ရင်ဆိုင်ရသည်။ အစတော့ ရှက်သလိုလိုရှိသော်လည်း လင်သားအတွက်ဆိုသည့် မေတ္တာစိတ်ကို သွင်းလိုက်တော့ အားလုံးကို ဥပေက္ခာပြုနိုင်သွားသည်။

သူ့ခရီးစဉ်က ပြေးရုံနှင့် ပြီးသွားမည်မဟုတ် အော်ရအုံးမည် ဖြစ်သည်။

"ငါ့ယောကျ်ားကိုပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ခုထွက်သွား. . ."





အသံဝါကြီးနှင့် အော်ဟစ်တာကို ကြားရသူအပေါင်း. . ကြောက်လန့်ကာ လမ်းရှဲပေးကြသည်။ တချို့ကလက်ညှိုးထိုးကာ. . ဟားတိုက်ရယ်မောကြလေ၏။ တချို့ မျက်နှာသိများကတော့ ကျင်စိန်ရူးသွားပြီဟု မှတ်ချက်ပေးကြသည်။

ကျင်စိန် တည်တည်ငြိမ်ငြိမ်နှင့်ပင် ခြေလှမ်းမပျက် ဆက်ပြေးနေ၏။ ခရီးကဝေးသည်မို့ အားကိုချွေတာသည့်အနေနှင့် မာရသွန်ပြေးသလိုမျိုး မှန်မှန်သာ ပြေးလာခဲ့သည်။

ကျောက်ရေတွင်း ကုန်းတံတားအောက်မှ ဖြတ်ပြေးလာခဲ့ပြီးနောက် ကားလမ်းမကြီးသို့ ရောက်လာ၏။ လမ်းအလယ်တည့်တည့် မျဉ်းဖြူကြောင်းပေါ်မှ အချစ်ယတြာချေမည့် အာဂမိန်းမသားတစ်ယောက် ယတြာခရီးက အံ့သြဖွယ်ကောင်းလို့နေ၏။

သူ့ကိုသိသူတွေ မရှိတော့သည့် နယ်မြေကို ရောက်လာပြီဖြစ်၍ ကျင်စိန် ရဲရဲဝံ့ဝံ့ဖြစ်လာသည်။ သူ့ကိုတွေ့သူတွေအားလုံး တအံ့တသြ ဖြစ်ကျန်ရစ်၏။ အမြင်ဆန်းနေ၍ စူးစမ်းသူတွေရှိသလို အရူးမကြီးဟု ဝိုင်းဝန်းလှောင်ပြောင်သူတွေလည်း ရှိသည်။

"ငါ့ယောကျ်ားကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ခုထွက်သွား"

အလုပ်လက်မဲ့ ဗေဒင်ဆရာတစ်ယောက် ပေါက်ကရပြောဆိုခဲ့သည့်စကားအား ယုံကြည်စွာ ရွတ်ဆိုနေသော ကျင်စိန်၏ဘဝက ရင်နာစရာလည်း ကောင်းလွန်းနေ၏။

ထိုအချိန်တွင် မင်းဦး ရုံးမှပြန်လာ၏။ အိမ်ထဲဝင်လာပြီးဟိုဒီကြည့်ကာ ရှာဖွေမိသော်လည်း ဘယ်သူ့ကိုမှမတွေ့. .

"ကျင်စိန်. . ကျင်စိန်. ."



www.burmeseclassic.com

www.burmeseclassic.com



မင်းဦး စိတ်တိုတိုနှင့် အော်ဟစ်ခေါ်လိုက်၏။ ထမင်းစားခန်းထဲမှ အဘွားဖြစ်သူ တုန်တုန်ချိချိနှင့် ထွက်လာသည်။

"အဘွား ကျင်စိန်ရော. ."

"ကျင်စိန် မရှိတော့ဘူး"

"ဟင်"

မင်းဦးဝမ်းသာသွားသည့်ပုံကိုကြည့်ပြီး အဘွားက မင်းဦးအား ဘုကြည့်ကြည့်ကာ. .

"ရော့. . မင်းမိန်းမပေးခဲ့တဲ့. . စာ"

"စာ. . ဟုတ်လား"

သိချင်စိတ်နှင့် စာကို ထုတ်ယူဖတ်လိုက်၏။

ကိုဦး

ယောကျ်ားဆီမှာ ပူးဝင်ခိုကပ်နေတဲ့ မကောင်းဆိုးဝါးတွေကို မောင်းထုတ်ဖို့ ယတြာအစီအရင် သွားလုပ်နေတယ်၊

အဲဒါ အောင်မြင်သွားရင် ကိုဦး အားလုံးကောင်းသွားမှာ ကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်"

ကျင်စိန်

"ဟင်!. . မကောင်းဆိုးဝါးနှင်ဖို့ ဟုတ်လား၊ ဘာမကောင်းဆိုးဝါးလဲ၊ ဒါ. . ဒါဆို ငါ့ကို ကွာမပေးတော့ဘူးဆိုတဲ့သဘောလား"

မခံစားနိုင်စွာပြောရင်း အဘွားကို လှည့်အကြည့်တွင်. . အဘွားက မာန်ပါပါနှင့် စူးစူးဝါးဝါး ကြည့်နေတာတွေ့သဖြင့် မင်းဦးနှုတ်ဆိတ်သွား၏။ သို့သော်လည်း သိချင်စိတ်ကို မမျိုသိပ်နိုင်သည့်အတွက် လေသံပျော့ပျော့နှင့် ချော့မေးရသည်။





"အခု ကျင်စိန်က ယတြာကိစ္စနဲ့ ဘယ်ကိုသွားတာလဲ၊ ကြာပြီလား. ."

"အတိအကျတော့ မသိဘူးလေ၊ တော်တော်ဝေးတဲ့ တစ်နေရာဖြစ်မှာပေါ့၊ သွားတာတော့ နှစ်နာရီလောက်ရှိပြီ"

မင်းဦး မကျေမနပ် ဖြစ်ရမှုတွေ ပိုပြီးတိုးလာသည်။ အဘွားနှင့် စကားဆက်ပြောချင်စိတ် မရှိတော့၍ သူတို့အိပ်ခန်းသို့ တက်လာခဲ့၏။ ဒီကိစ္စတရားခံက အောင်ဒင်ပဲဖြစ်မည်ဟုတွက်ပြီး အောင်ဒင့်ထံ ဖုန်းဆက်လိုက်သည်။

"ဟလို. . ကိုအောင်ဒင်၊ ခင်ဗျား ကျွန်တော့်မိန်းမကို ဘာတွေလျှောက်လုပ်ခိုင်းလိုက်တာလဲ"

"သိပ်အများကြီး မဟုတ်ပါဘူးကွာ၊ ပဲခူးထိ ပြေးခိုင်းရုံလောက်ပါ"

"အဲလို လုပ်စရာလားဗျ၊ ခင်ဗျားမိန်းမကို ပြေးခိုင်းပါလား"

"ကြော်. . မင်းက ဒီစကားပြောပြီလား၊ ကောင်းပြီလေ မင်းနဲ့ငါ ကင်းကင်းပဲနေတော့မယ်. . ၊ ငါ့ကိုလာပြီးမပတ်သက်နဲ့တော့"

အောင်ဒင်လည်း မင်းဦးစကားကြောင့် ဒေါပွပြီး ဖုန်းအဆက်အသွယ် ဖြတ်လိုက်၏။ ကျင်စိန် ပဲခူးထိပြေးနေကြောင်း သိရ၍ သနားမိသော်လည်း ကြည်ပြာမျက်နှာမညိုဖို့က ပိုအရေးကြီးသည်။ သူဘာလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားကြည့်၏။

လောလောဆယ်တော့ အဖြေကမထွက်. .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၁ )

"ငါ့ယောက်ျားကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ထွက်သွား. . "

ကျင်စိန်တစ်ယောက် မရပ်မနားအော်ကာ အပြေးအလွှား ခရီးဆက်နေဆဲ. . ။ သူမစိတ်ထဲ လင်သားဖြစ်သူ အန္တရာယ်ကင်းရေးမှလွဲပြီး ဘာမှမရှိ. . ။

"အင်း. . လမ်းပေါ်မှာ ကားတွေကလည်း ပိတ်ကျပ်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် လွတ်အောင်ရှောင်ပြီး ဆက်ပြေးရမယ်"

နှစ်ဆယ်ဝန်းကျင် ကောင်မလေးတစ်ယောက်က ကျင်စိန်





နှင့်ယှဉ်ပြေးကာ ဖုန်းဖြင့် ဗီဒီယိုမှတ်တမ်းတင်နေသည်။

သုံးမိနစ်စာလောက်ရတော့ ရပ်ကျန်နေခဲ့ပြီး ထို ဗီဒီယိုဖိုင်ကို အင်တာနက်ပေါ် တင်လိုက်၏။ ချစ်တတ်လွန်းသူလား ရူးသွပ်နေသူလားဆိုသည့် ခေါင်းစဉ်ပါတင်ပြီး ပြေးလမ်းကြောင်းကိုလည်း မျှဝေပေးလိုက်၏။

ထိုရုပ်သံဖိုင်က အင်တာနက်သုံးသူများအကြား ချက်ချင်းပင် ပျံ့နှံ့သွားတော့သည်။ ခွေးက လူကိုကိုက်တာ သတင်းမဟုတ်သော်လည်း လူကခွေးကိုကိုက်လျှင် သတင်းဖြစ်သည်ဟု သင်ကြားခံထားရသည့် ဂျာနယ်လစ်များ သတင်းပစ်မှတ်နောက်သို့ လိုက်ကြတော့သည်။

မြေလျှောက်ပြေးနေသူနောက် ကားနှင့်လိုက်ကြသဖြင့်. . နာရီဝက်ကျော်ကျော်လောက်တွင် မှီလာသည်။ ဂျာနယ်လစ်တွေ အလုပ်ရှုပ်ကြကုန်၏။ ဓာတ်ပုံကောင်းရဖို့ ဘေးမှ၊ နောက်မှ၊ ရှေ့မှ ဝိုင်းအုံလိုက်ကာ မှတ်တမ်းတင်ကြသည်။ ပြေးနေရတာ ကြာပြီမို့ အမောဖေါက်လာသည့် ကျင်စိန် လမ်းဘေးအုတ်ခုံတွင်ထိုင်ကာ. . ပါလာသော ရေကိုထုတ်သောက်သည်။

နာမည်ကြီးဘိုးတော်အား နှစ်လုံးသုံးလုံး ဂဏန်းဝိုင်းတောင်းသလို ကျင်စိန့်အနားတွင် လူစည်သွား၏။ ခပ်သွက်သွက် သတင်းထောက်မလေးတစ်ယောက်က အသံဖမ်းစက်ဖွင့်ရင်း. .

"အစ်မ ခုလိုပြေးနေရတဲ့အကြောင်းရင်းကို သိခွင့်ရှိမလားရှင့်"

"ယတြာချေတာပါ"

"ဘယ်သူ့အတွက်လဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com

"ယောက်ျားအတွက်ပါ"

"ဪ ဟုတ်ကဲ့. . ခင်ပွန်းသည်အတွက် အပင်ပန်းခံနေတာပေါ့နော်၊ ဒါဆို အစ်မယောက်ျားကို တအားချစ်တယ်ထင်တယ်"

"သိပ်ချစ်တာပေါ့. . သူမရှိလို့ မဖြစ်ဘူးလေ၊ သူ့အသက်အန္တရာယ်စိုးရိမ်ရလို့ ဒီလိုလုပ်နေတာပါ"

အမောပြေသွားတော့ ကျင်စိန် ဆက်ပြေးပြန်သည်။

သတင်းထူးပြတ်လပ်နေသည့် ဂျာနယ်လောကအတွက် ကျင်စိန်က ပေါ်ပြူလာသတင်းဖြစ်သွားသည်။

ဂျာနယ်လစ်တွေ ဗျူးလို့မပြီးခင် ကျင်စိန် ဆက်ထွက်သွားသဖြင့် နောက်ကပြေးလိုက်သူလိုက် ကားနှင့်ယှဉ်လိုက်ပြီး မှတ်တမ်းတင်သူတင်နှင့် ယောက်ယက်ခတ်သွားကြသည်။

ကျင်စိန်ကတော့ ပြေးမြဲပြေးနေဆဲ နေမင်းကြီးကလည်း ဝင်လုဝင်ဆဲ ဂျာနယ်လစ်များကလည်း လိုက်မြဲလိုက်ဆဲပေါ့. . .။







# အခန်း ( ၂၂ )

ကျင်စိန် မရှိသောအိမ်က တိတ်ဆိတ်ခြောက်ကပ်နေ၏။ မင်းဦး ဗိုက်ဆာလာ၍ မီးဖိုချောင်နှင့် ထမင်းစားခန်းဝင်ကာ စားစရာရှာသည်။ ဘာမှချက်ထားတာ မတွေ့၍ စိတ်လေသွား၏။ အဘွားကလည်း ဘယ်ထွက်သွားမှန်းမသိ၊ မွတ်သိပ်သည့်ဒဏ်ကို မခံနိုင်တော့၍ အသင့်တွေ့သည့် ကြက်ဥများထုတ်ကာ ကြော်သည်။

တစ်သက်လုံး မီးဖိုချောင်မဝင်ခဲ့သူမို့ မလုပ်တတ် မကိုင်တတ်နှင့် ကြက်ဥတွေ တူးကုန်သည်။ နှမြော၍ သွန်မပစ်ဘဲ မင်းဦး

www.burmeseclassic.com



ကြိတ်မှိတ်၍ စားနေရ၏။ ဆိုးဝါးသည့်အရသာ လျှာပေါ်ရောက်လာမှ ကျင်စိန်၏လက်ရာများကို သတိတရ ဖြစ်မိသည်။

"တီတလီ . . တီတလီ . ."

ထိုစဉ် ဖုန်းဝင်လာ၏။ ကြည်ပြာထံမှဖြစ်၍ ပျော်သွားပြီး ဆက်သွယ်လိုက်တော့ ဆင့်ခေါ်သည့်အမိန့်သံကို ကြားရသည်။ နာခံဖို့ အမြဲတစေ အသင့်ဖြစ်နေသော မင်းဦး ချိန်းဆိုထားရာ မြိုင်ဟေဝန်ပန်းခြံအတွင်းမှ ရွှေဘဲစားသောက်ဆိုင်သို့ ထွက်လာခဲ့၏။ ကြည်ပြာ ဘဲကင်စားရင်းစောင့်နေတာ တွေ့ရသည်။

"ညကြီးမိုးချုပ် ကြည်ပြာရယ် အခန်းမှာချိန်းလည်း ရရဲ့သားနဲ့"

"နှစ်ယောက်ထဲ မတွေ့ချင်လို့ပေါ့"

လေသံနှင့် မျက်နှာအမူအရာအရ အခြေအနေ မကောင်းကြောင်း မင်းဦး ရိပ်မိပြီး စကားလွှဲသည်။

"ကြည်ပြာ ဘာပြောချင်လို့ ခေါ်လိုက်တာလဲ"

"မနက်ဖြန်ဆို ခုနစ်ရက်ပြည့်ပြီ"

ထို သတိပေးစကားကြောင့် မင်းဦး မနေတတ်မထိုင်တတ် ဖြစ်သွား၏။

"အင်း ကိုယ့်အတွက် အချိန်နည်းနည်းလောက် ထပ်တိုးပေးနိုင်ဘူးလား ကြည်ပြာ"

"ကြည်ပြာတို့တွေ ဘာလို့ဒီလောက်တောင် အလှမ်းဝေးနေရတာလဲ နှစ်ယောက်အတူ ဘဝသစ်စဖို့ ဘာဖြစ်လို့ ခက်ခဲနေရတာလဲဟင်"

ကြည်ပြာက သူ့ကိုမကြည့်ဘဲ အဝေးသို့ငေးကာ ဆွေးဆွေး





မြွေမြွေလေသံနှင့် ပြောသည်။ ထိုအပြောကြောင့် မင်းဦးရင်ထဲ ပြောမပြတတ်အောင် နာကျင်သွား၏။ ကြည်ပြာ စိတ်ချမ်းသာအောင် သူ အစွမ်းကုန် ဖြည့်ဆည်းလိုက်လျှောပေးချင်သည်။

သို့သော် . . ဘာကြောင့်နောက်ဆံတင်းပြီး အလွယ်တကူ မဆုံးဖြတ်နိုင်ဖြစ်နေမှန်း မသိ . .

"ကြည်ပြာ့ကို ကိုဦးတကယ်ချစ်တယ် မြတ်နိုးတယ်ဆိုရင် မနက်ဖြန်မနက် ရှစ်နာရီ ရန်ကုန်ဘူတာကြီးကိုလာခဲ့ပါ၊ ဒီမှာ ရထားလက်မှတ် . . ဒါ ကိုဦးအတွက် နောက်ဆုံးအခွင့်အရေးပဲ"

"ကြည်ပြာရယ်"

ကြည်ပြာပေးသည့် ရထားလက်မှတ်ကို ကောက်ယူပြီး မင်းဦးရင်ထဲ ဗလောင်ဆူလာသည်။ မျက်နှာချင်း မဆိုင်ရဲ၍ လက်မှတ်အား ငုံ့ကြည့်နေစဉ်မှာပင် ခုံရွှေ့သံနှင့် ခြေသံကိုကြား၏။ မော့ကြည့်မိတော့ ပြန်ဖို့ဟန်ပြင်နေပြီဖြစ်သော ကြည်ပြာ့အားတွေ့ရသည်။

"ဟင် . . ကြည်ပြာ ပြန်တော့မလို့လား"

ကြည်ပြာ ဘာစကားမှမပြော၊ ခေါင်းညိတ်ပြကာ ထွက်သွားတော့၏။

ထိုအချိန်တွင် ညအမှောင်အောက်၌ ဇွဲနပဲနှင့်ကျင်စိန် ပြေးနေဆဲပင်ဖြစ်သည်။ အတွေးနှင့်လျှောက်ကြည့်စဉ်က ဖြစ်နိုင်မည်ဟု ထင်သော်လည်း လက်တွေ့မှာ နဖူးကချွေး ခြေမကျရုံမျှမက . . အဆုတ်တွေပါ ပွင့်ထွက်လုနီးပါး ပင်ပန်းမှုကို ခံစားနေရသည်။

ဆယ်ငါးမိနစ်လောက်ပြေး၊ ငါးမိနစ်နားပုံစံဖြင့် ခရီးဆက်နေရ၏။ လုံးဝခရီးမတွင်တော့၊ တစ်ညနေလုံး ပြေးခဲ့ပြီးပြီမို့ ပင်ပန်းနွမ်းနယ်နေတာကတစ်ကြောင်း၊ အလေ့အကျင့် မရှိသည်ကတစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အသက်သုံးဆယ်ဆိုသည့် အရွယ်ကြောင့်တစ်ကြောင်း. . ကျင်စိန် လက်လျှော့ချင်သလို ဖြစ်လာသည်။ ပြေးချိန်ထက် နားချိန်က ပိုများလာ၏။ ညကာလဖြစ်၍ အိပ်ချင်လာတာလည်းပါမည်။

ခရီးကလည်း လှည်းကူးသို့ပင် မရောက်သေး၊ ဒူးတွေတစ်စစ်ကိုက်ပြီး ခြေသလုံး ကြွက်သားတွေပါ နာလာသည်မို့ ခဏနားပြီး ကိုယ့်ဘာသာ နှိပ်နယ်ပြုစုနေရ၏။

အနည်းငယ် သက်သာလာတော့မှ ထရပ်လိုက်ရာ ဒူးညွှတ်ခွေကာ ပြန်လဲကျသွားသည်။ ကျင်စိန် ထပ်မံနှိပ်နယ်၍ သွေးပူလာအောင် ပြုစုရပြန်၏။ အမှန်အတိုင်းပြောရလျှင် ကျင်စိန် ဇွဲလျှော့ပြီး လှည့်ပြန်ချင်စိတ် ပေါက်နေခဲ့ပြီ။

"ငါ့ ယောက်ျားကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ ထွက်သွား"

အသံသိပ်မထွက်တော့သော်လည်း အဆက်မပြတ်အော်ရင်း ကျင်စိန် ဆက်ပြေးနေသည်။ ညဘက်ထွက်သည့် Express ကားများ လမ်းလယ်မှာပြေးနေသည့် ကျင်စိန်ကိုမြင်တော့ ဟွန်းတီးပြီး သတိပေးကြ၏။

မြင်သူတိုင်းကလည်း တအံ့တဩဖြစ်သွားကြမဲဖြစ်သည်။ တချို့ဆို ကားရပ်ပြီး ရပ်ကြည့်ကြသည်အထိ ဖြစ်၏။ ကျင်စိန်ကသာ မသိသော်လည်း သူ့သတင်းကို Like လုပ်သူ၊ Share လုပ်သူတွေ ထောင်သောင်းမက ရှိနေပြီဖြစ်၏။

သူမ ပြေးလိုက်နားလိုက် ရေသောက်လိုက် နှိပ်နယ်လိုက်နှင့် အိပ်ချင်စိတ်ကိုဖြေဖျောက်ပြီး ပြေးနေရှာသည်။

ဒါတွေကို မင်းဦး လုံးဝမသိ၊ နှစ်ယောက်အိပ်ကုတင်ပေါ်





တစ်ယောက်ထဲလှဲရင်း ဘယ်လူးညာလှိမ့်နှင့် အိပ်မပျော်နိုင်ဖြစ်နေ၏။ ကြားနေကျဟောက်သံကို မကြားရသလို သူ့ရင်ဘတ်ပေါ် လက်တွေခြေထောက်တွေ ရောက်ရောက်မလာသဖြင့် တစ်ခုခုလိုနေသလို ခံစားနေရသည်။ အတွေးထဲမှာ ကြည်ပြာနှင့်ကျင်စိန်တို့ လွန်ဆွဲပွဲကျင်းပနေ၏။

သူ ဘယ်သူ့ဘက်ကို ပါရမှန်းမသိ၊ ဦးနှောက်တွေ မီးကျွမ်းလုမတတ် ဖြစ်လာတာကို မခံစားနိုင်တော့သည့်အတွက်. . အရက်သုံးပက်လောက်သောက်ပြီး အိပ်လိုက်တော့မှပဲ မူးပြီး အားလုံးကိုမေ့သွားလေတော့၏။

ထိုအချိန်တွင် အင်တာနက်ဖွင့်ကာ ကလိနေသော အောင်ဒင်၏သား မှန်ကြောင်ဇင်အောင်မှာလည်း အွန်လိုင်းပေါ်ရောက်နေသည့် ကျင်စိန်ကို တွေ့သွားလေသည်။

သုံးမိနစ်စာရုပ်သံဖိုင်ကိုကြည့်ပြီး မျက်ရည်ဝဲမတတ် ဟက်ထိသွား၏။

သူ့အဖေ သက်သက်ကြပ်လွှတ်လိုက်တာကို သိထားသည့်အတွက် ဂန္ဓဝင်ဖေဖေ၊ ဂရုဏာဖေဖေ၊ ကောင်းကင်ဖေဖေ၊ မြင့်မိုရ်ဖေဖေ၊ ဖေချင်ရာဖေအပေါ် ဒေါသတွေနှင့်ပစ်ပေါက်ပြီး ကျေးဇူးဆပ်ချင်စိတ်ပေါက်သွားသည်။

"အဖေ. . အဖေ. . လာပါဦးဗျာ အရေးကြီးလို့"

"ဟေ. . ဘာတုန်းကွာ ဒီမှာအားတာ မဟုတ်ဘူး"

"လူအထင်ကြီးအောင် လျှောက်ပြောမနေနဲ့၊ အမေ့ကိုနှင်းပေးနေတာ မသိဘူးမှတ်နေလား. . အရေးကြီးလို့ပါဆို"

နှာနုဖြတ်အရိုက်ခံရသလိုမှန်သည့် သားဖြစ်သူ၏ စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နောက်မှဆက်လုပ်ပေးမယ်မိန်းမရာ ဟုပြောပြီး ဇနီး၏ပေါင်ကို အပူထုတ်ပေးနေရာမှ ဆင်းလာခဲ့သည်။

မှန်ကြောင်ဇင်အောင်က စောစောက ဖိုင်ကိုပြန်ဖွင့်ကာ. . ဖခင်အားပြလိုက်၏။ အောင်ဒင် မျက်မှန်ကောက်စွပ်၍ အသေအချာကြည့်သည်။ အဝေးပြေးလမ်းမပေါ် ကောက်ရိုးရုပ်ထမ်းကာ ပြေးနေသူမှာ မင်းဦးမိန်းမ ကျင်စိန်မှန်း သိလိုက်ရသဖြင့်. . အောင်ဒင် လွန်စွာစိတ်မကောင်းဖြစ်သွား၏။ မယုံနိုင်သလိုကြည့်ရင်း သူ့လင်အပေါ် ထားသည့် ထိုမိန်းမ၏ မေတ္တာတရားကိုလည်း အကြီးအကျယ်လေးစားသွား၏။







# အခန်း ( ၂၃ )

"ပေါကျား ထတော့လေ. . ဘယ်အချိန်ရှိနေပြီလဲ အလုပ်သွားရဦးမှာ မဟုတ်လား၊ ထ. . ထ. . ထပါဆိုနေ"

"အင်း. . ဟင်း. . အင်း"

အသံကြားရသော်လည်း မင်းဦး မထနိုင်ဖြစ်နေ၏။ မထလို့ကလည်း မဖြစ်၊ ဆက်မေးနေလျှင်လည်း ဒီ့ထက်ကျယ်လောင်သည့် အော်သံကြီး ထပ်မံကြားရဦးမည်မို့ မင်းဦး လူးလဲထလိုက်ရသည်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



မင်းဦး ထထိုင်လိုက်ပြီး မျက်လုံးဖွင့်အကြည့်မှာ ဇနီးဖြစ်သူ ကျင်စိန်ကို မတွေ့ရသဖြင့် တအံ့တသြ ဖြစ်သွား၏။ တဖြည်းဖြည်း ပြန်စဉ်းစားကြည့်မှ ကျင်စိန် အိမ်မှာမရှိတာကို သတိရလာသည်။

ရင်ထဲ ဟာတာတာနှင့်ပင် ထခဲ့ရပြီး နံနက်ခင်း ပြုဖွယ်ကိစ္စတွေကို ဆောင်ရွက်ရသည်။ မျက်နှာသစ်ရေချိုးနေရင်းနှင့်ပင် မနက်စာအဆင်သင့်ပဲ ယောကျ်ားရေဆိုသည့် အသံကိုပါ ကြားမိသလို ထင်ယောင်ထင်မှားတွေဖြစ်နေသည်။

မင်းဦး တစ်ယောက်ထဲ ယောင်နန ဖြစ်နေသည်။ အိမ်ကြီးထဲလျှောက်သွားပြီး မိန်းမပြန်ရောက်နေလေမလား အတွေးနှင့် ရှာကြည့်မိသည်။

နောက်ဆုံးတော့ သူအိမ်ပေါ်ထပ် ပြန်တက်ခဲ့ပြီး ကြည်ပြာနဲ့ လိုက်သွားဖို့ အဝတ်အစားတွေ ပြင်ဆင်သည်။ ကျင်စိန်နှင့်အတူ ခုနစ်နှစ်တိတိနေခဲ့သော အိပ်ခန်းက မြင်မြင်သမျှ လွမ်းစရာကောင်းနေပြန်၏။ လင်မယားနှစ်ယောက် ပျော်မြူးခဲ့တာတွေ ရန်ဖြစ်ခဲ့တာတွေ ပြန်မြင်နေမိ၏။

မှန်တင်ခုံပေါ်မှာ ညကတင်ထားခဲ့သည့် ကြည်ပြာပေးလိုက်သော ရထားလက်မှတ်ကိုယူကာ မိန်းမအတွက် စာတစ်စောင်ရေးခဲ့မည်ဟု စိတ်ကူးရပြီး ဘောပင်နှင့်စာရွက်ရှာစဉ်. . နံရံမှ အဖေနှင့် ယောက္ခမကြီးတို့ဓာတ်ပုံကို အမှတ်မထင်ကြည့်မိ၏။ အဖေ့ပုံက ဒေါသထွက်နေသလို ထင်ရသောကြောင့် ချက်ချင်းပင် အကြည့်လွှဲလိုက်ရသည်။

ကျင်စိန်အိမ်ပြန်ရောက်လျှင် သူရေးထားခဲ့သည့်စာကို ဖတ်မိလိမ့်မည်။ ဖတ်ပြီး ကျင်စိန် ဘယ်လိုခံစားသွားရမလဲဆိုတာ တွေး





တောမြင်ယောင်ကြည့်မိ၏။

ကျင်စိန်

အရင်ဆုံး တောင်းပန်ပါတယ်လို့ပဲ ပြောပါရစေ။ ကိုယ်ပိုင်ဆိုင်သမျှ အရာအားလုံး မိန်းမအတွက် လွှဲပေးခဲ့ပါတယ်။ ကားကိုလည်း ရန်ကုန်သူတာကြီးရှေ့ ကားပါကင်မှာထားခဲ့တယ်။ ပြီးတော့ အဘွားကိုလည်း ဂရုစိုက်လိုက်ပါဦး။ ဒီဘဝ ဒီမျှပါပဲ၊ နှုတ်ဆက်ခဲ့ပါတယ် မိန်းမရယ်...

မင်းရဲ့တစ်ခါက မင်းဦး

*P.S*

မင်း နောက်အိမ်ထောင်ပြုမယ်ဆိုလည်း

ကိုယ် ခွင့်ပြုပါတယ်...

မပြတ်မသားစိတ်နှင့် မင်းဦး ကားမောင်းလာခဲ့သည်။ ထိုစဉ် ဖုန်းမြည်လာ၏။ ထုတ်ကြည့်တော့. . အောင်ဒင့်ထံမှဖြစ်နေ၍ နားထောင်ကြည့်လိုက်သည်။

"ဟေ့ကောင်. . မင်းမိန်းမကျင်စိန် တစ်ညလုံး မအိပ်ဘဲ ယိုင်နဲ့နဲ့နဲ့ ပဲခူးအရောက် ပြေးနေတုန်းပဲ"

"ဗျာ!"

"မင်းကွာ ကိုယ့်အပေါ် ဒီလောက်မေတ္တာကြီးမားပြီး ချစ်တတ်လွန်းတဲ့ မိန်းမကိုမှ ကွာရှင်းချင်ရတယ်လို့ကွာ၊ ဒီလိုမှန်း မသိလို့ ငါဝင်ရှုပ်ပြီး ကူညီခဲ့တာ. . အခု ငါမှားမှန်းသိတယ်"

"ခင်ဗျားကလည်းဗျာ ပို့မယ်ပို့ ကုတို့ရောက်အောင်ပို့တော့ အခု ကျွန်တော် ကြည်ပြာနဲ့ ဘဝသစ်စတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မလုပ်နဲ့. . မလုပ်နဲ့နော် မင်းမှားမယ်၊ နေဦး မင်းဖုန်းနဲ့အင်တာနက် ဖွင့်ကြည့်လိုက်. . ၊ (www............com) အဲ့ဒီအထဲဝင်ကြည့် မင်းမိန်းမ ပြေးနေတယ်"

အောင်ဒင် ဖုန်းချသွားသည်။ မင်းဦးလည်း ယောင်နနဖြစ်နေ၏။ မတင်မကျစိတ်များနှင့် ဖွင့်ကြည့်လိုက်သည်။

"ဟင်. . မိန်းမ. . မိန်းမ. . ကျင်စိန် ဒါဘယ်လိုဖြစ်တာလဲ"

"ငါ့ယောက်ျားကို ပူးကပ်နေတဲ့ မကောင်းဆိုးဝါးတွေ. . ခုထွက်သွား"

"ကျင်စိန်. . မိန်းမ. . မိန်းမရယ် ဖြစ်မှဖြစ်ရလေကွာ"

သူ့မိန်းမ ပြေးရင်းလွှားရင်း အော်ဟစ်နေပုံ ရုပ်သံဖိုင်ကို ကြည့်ပြီး မင်းဦး မချိတင်ကဲဖြစ်စွာနှင့် တစ်ယောက်တည်း ရေရွတ်နေမိသည်။ သူဘာဆက်လုပ်ရမလဲဆိုတာ ဝေခွဲဆုံးဖြတ်၍ မရတော့. .

ထိုအချိန်မှာ ကျင်စိန်၏သတင်းကို အော်ဟစ်ပြောဆိုကာ လိုက်ရောင်းနေသည့် ဂျာနယ်လက်ပွေ့အရောင်းသမားတစ်ယောက် ကားနားမှ ဖြတ်သွား၏။ မင်းဦး သူ့မိန်းမသတင်းပါသည့် ဂျာနယ် နှစ်စောင်ရွေး၍ ဝယ်လိုက်သည်။ ဂျာနယ်ပါ အကြောင်းအရာများကို အလောတကြီး ဖတ်ကြည့်ပြီးနောက် မင်းဦး ဆုံးဖြတ်ချက် ချလိုက်နိုင်၏။ သူ ဖုံးနံပါတ်တစ်ခုကို လှမ်း၍ဆက်သွယ်လိုက်လေတော့သည်။

ရန်ကုန်ဘူတာကြီး၌. . ကြည်ပြာတစ်ယောက် တစ်စုံတစ်ယောက်အား စောင့်မျှော်နေလေသည်။ နာရီကိုတကြည့်ကြည့်နှင့် လည်ပင်းရှည်ထွက်မတတ် စောင့်မျှော်နေ၏။ ထိုအချိန်မှာပင်. . သူမထံသို့ လူတစ်ယောက် အပြေးအလွှား ရောက်ရှိလာသည်။





"ဟင်. . ကိုကောင်းမြတ်"

"ကြည်ပြာ"

"ဘယ်ကဘယ်လို ရောက်လာတာလဲဟင်"

"လူတစ်ယောက် ကိုယ့်ဆီ Message ပို့လိုက်လို့ ဘူတာကြီးမှာ ကြည်ပြာစောင့်နေတယ်ဆိုလို့ ကိုယ်လိုက်လာတာ"

"သြော်. ."

ကြည်ပြာ ဖုံးနံပါတ်ကြည့်တော့ မင်းဦးဖုန်းဖြစ်နေသည်။ ကြည်ပြာနားလည်လိုက်ပြီဖြစ်သည်။ မင်းဦး သူ့မိန်းမအား မကွာနိုင်သဖြင့် ဆုံဆည်းခွင့် နောက်ဆုံးအခွင့်အရေးကို ပြုံ်ဘက်ထံ လွှဲပေးလိုက်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်ပြီဖြစ်သည်။

အနာဂတ်ခရီးအတွက် လက်တွဲဖော်ကို ကံကြမ္မာက ရွေးချယ်ပေးလိုက်ပြီဖြစ်သည်။

ထို့အတွက် ကြည်ပြာ ဝမ်းနည်းမနေတော့၊ ကံကြမ္မာကပေးသည့်လက်ဆောင်ကို သူ မငြင်းဆန်ဘဲ လက်ခံလိုက်တော့သည်။

ကောင်းမြတ်၏လက်ကိုဆွဲကာ ဘူတာအပြင်သို့ ပြန်ထွက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၄ )

ပဲခူးမြစ်ကမ်းပါးအရောက် ကျောပေါ်ကအရုပ်ကို ချပြီး ဓားနှင့်ရွယ်မိုးကာ. .

"ဟဲ့. . မကောင်းဆိုးဝါးတွေ ငါ့ယောက်ျားကို တွယ်ကပ်ပူး ဝင်မနေနဲ့တော့. . . ယား!. ."

"ရွမ်း!!"

ကျင်စိန် ကောက်ရိုးရုပ်အား ဓားနှင့်လွှဲခုတ်ပစ်လိုက်၏။ ကောက်ရိုးရုပ် ဦးခေါင်းထက်ခြမ်းကွဲသွားသည်။





"ဝေး. . ဟေး. . ဟေး. . ဟေး"

စောင့်ကြည့်ပရိသတ်က ဝက်ဝက်ကွဲ အားပေးကြသည်။ နောက်ဆုံးအဆင့်အနေနှင့် အရုပ်ကို မီးရှို့ပစ်အပြီး. .

"အောင်ပြီဟေ့. . အောင်ပြီ. ."

ကျင်စိန်က ပဲခူးမှ သတင်းသမားတွေကားနှင့် ပြန်လိုက်လာခဲ့သည်။ မိန်းမထက်အရင် အိမ်ပြန်ရောက်အောင် မင်းဦး ပြန်မှဖြစ်မည်။ အမြန်မောင်းပြန်လာကာ ခြံရှေ့ရောက်တော့ မင်းဦး မောသွားရသည်။ ခြံတံခါးသော့ခတ်ထားတာတွေ့ရပြီး မရှုနိုင်မကယ်နိုင် ဖြစ်ရပြန်သည်။

အဘွား ဘယ်သွားနေလည်းမသိ၊ စားပွဲပေါ်တင်ထားသည့် ကျင်စိန့်အတွက်စာကို ဖျောက်ပစ်ဖို့က အရေးကြီးနေ၏။ ကျင်စိန် ထိုစာကို တွေ့သွားပါက မိန်းမနှင့်ပြန်လည် လက်တွဲမည့် လှလှပပ သူ့စိတ်ကူးတွေပါ ဖရိုဖရဲဖြစ်သွားနိုင်၏။

အချိန်မရတော့သည်မို့ အုတ်တံတိုင်းကျော်ဝင်ကာ အိမ်တံခါး ဖျက်ဝင်ဖို့အကြံနှင့် တံတိုင်းကို ကုတ်ကတ်တွယ်တက်သည်။ တံတိုင်းဘောင်ပေါ် ခွထိုင်မိသည့်အချိန်မှာ အဘွားပြန်လာတာ တွေ့ရ၏။

လက်ထဲမှာ ထမင်းထုပ်ဟင်းထုပ်နှင့်ဆိုတော့ နေ့လည်စာသွားဝယ်တာမှန်းသိပြီး မိန်းမမရှိလျှင် ဘာမှအဆင်မပြေပါလားဟု တွေးမိသွားသည်။

"ဟဲ့ကောင်လေး ဆင်းခဲ့လေ၊ ဒီမှာ တံခါးဖွင့်ပြီးပြီ"

အဘွားလှမ်းခေါ်မှ မင်းဦး သတိဝင်လာပြီး အုတ်တံတိုင်းပေါ်မှ ခုန်ဆင်းရပြန်သည်။ သူခြံဝရောက်တော့ အဘွားက အိမ်



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်နေပြီမို့ အနည်းငယ်စိတ်အေးသွား၏။ မိန်းမက အချိန်မရွေး ပြန်ရောက်လာတော့မည် ဖြစ်သည်။

တံခါးပွင့်သွားသည်နှင့် တွန်းဖွင့်ပြီး အဘွားရှေ့မှ ဖြတ်ဝင်ကာ အိမ်ပေါ်သို့ အပြေးအလွှားတက်လာခဲ့၏။ အိပ်ခန်းထဲ ဒရောသောပါးဝင်ခဲ့ပြီး စားပွဲပေါ် တင်ထားခဲ့သည့် စာအိတ်ကို လှမ်းကြည့်လိုက်သည့်အခါမှာတော့. .

"ဟင်!. . စာ. . စာအိတ် ဘယ်ရောက်သွားတာလဲ"

လေတိုက်ပြီး လွင့်ကျသွားသလားအတွေးနှင့်. . စားပွဲအောက်ကြမ်းပြင်ပေါ် လိုက်ရှာသည်။ ဘယ်မှာမှမတွေ့. . ၊ မင်းဦးခေါင်းမီးတောက်ရပြန်ပြီ။ လေတိုက်ပြီး လွင့်ကျတာ မဟုတ်လျှင် အိမ်မှာကျန်ခဲ့သည့် အဘွားယူထားတာပဲ ဖြစ်ရမည်။

မင်းဦး အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့ရပြန်သည်။ အဘွားကို ဧည့်ခန်းမှာမတွေ့၍ ထမင်းစားခန်းထဲ ဝင်ခဲ့၏။ အဘွားက ထမင်းစားဖို့ ပြင်ဆင်နေသည်။

"အဘွား ကျွန်တော့်အခန်းစားပွဲပေါ်ကစာ ယူထားလား"

အဘွားက စကားနှင့်မပြောဘဲ မျက်စောင်းထိုး၏။

"အဘွား စာယူထားလားလို့ မေးနေတယ်လေ"

"ဟဲ့. . စာက နင့်မယားအတွက်လေ၊ ကျင်စိန်လို့ နာမည်ထိုးထားတာပဲ"

"ဟာ. . အဘွားကလည်းဗျာ ကျွန်တော်သိပါတယ် စာပြန်ပေးပါဗျာ"

အဘွားက ဘော်လီချွေးခံအိတ်ထဲ ထည့်ထားသည့် စာခေါက်ကို ထုတ်ယူလိုက်သည်။ မင်းဦး အတင်းလုယူ၏။





အဘွားက သူ့ထက်လျင်နေသည်။ လက်နောက်ပစ်၍ ဖွက်ထား၏။ မင်းဦးအဘွားအား ချုပ်နှောင်ကာ စာကို လုယူလိုက်သည်။

စာကိုထုတ်ယူ၍ စာအိတ်ကို လုံးချေကာ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်၏။

အရေးအကြီးဆုံး စာကိုတော့ မီးရှို့အစဖျောက်ပစ်မည်ဟု စိတ်ကူးလိုက်စဉ်မှာပင်. . .

"ယောက်ျား. . ယောက်ျားရေ. . ကျွန်မ အိမ်ပြန်ရောက်နေပြီ ယောက်ျားရေ. . ကိုဦးရေ"

"ဟာ. . ကျင်စိန်လာပြီ"

တစ်ရက်နီးပါး မကြားခဲ့ရသည့် အသံဗြဲကြီးကို ကြားလိုက်ရသဖြင့် မင်းဦးတစ်ကိုယ်လုံး တုန်သွားသည်။ အဓိကကျသည့် စာကို ဖျောက်ဖျက်ခြင်း မပြုရမီ မိန်းမပြန်ရောက်လာသဖြင့် မင်းဦး ထူပူသွားကာ စာကိုလုံးချေ၍ ပါးစပ်ထဲထည့်ကာ ဝါးစားလိုက်ရတော့၏။

မင်းဦး ထမင်းစားခန်းထဲမှ ပြေးထွက်ပြီး ဧည့်ခန်းအလယ်တွင်ရပ်ကာ ချစ်ဇနီးကို လှမ်းကြည့်လိုက်၏။ ကျင်စိန်က သူ့ထုံးစံအတိုင်း ချွေးသံတရွှဲရွှဲနှင့်. .

"ဟယ်. . ယောက်ျား. . ယောက်ျားရေ"

ကျင်စိန်က မင်းဦးကို ပြေးဖက်လေ၏။

"ယောက်ျား နေကောင်းသွားပြီနော်"

"အင်း. . ကောင်းသွားပါပြီ မိန်းမရဲ့"

"ဝမ်း. . ဝမ်းသာလိုက်တာ ယောက်ျားရယ်. . ၊ ဆရာကြီးအောင်ဒင်ရဲ့ကျေးဇူးတွေလဲပါတယ်၊ ယောက်ျားလခထုတ်၍ သွားကန်တော့တာပေါ့"

www.burmeseclassic.com



"အင်. ."

"ဟင်. . ယောက်ျား ဘာတွေစားနေတာလဲ"

"စက္ကူ. . အဲ. . မဟုတ်ဘူး ထမင်း"







# ( နိဂုံး )

ကာလယန္တရားက ရပ်တန့်နေရိုးထုံးစံမရှိ၊ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ဆိုသည့်အတိုင်း ကျင်စိန်နှင့် ပြန်ပေါင်းထုပ်ပြီး. . နောက်ပြက္ခဒိန် အသစ်တစ်ခုပင် လဲထားခဲ့ရပြီဖြစ်သည်။

မင်္ဂလာသက် ရှစ်နှစ်ပြည့်သည့်နေ့တွင် အိပ်ရာထက်တွင် မင်းဦးတစ်ယောက်တည်း အိပ်မောကျနေသည်။ ထိုအချိန်တွင် ဖုန်းမြည်သံ ထွက်လာ၏။ အိပ်ချင်မူးတူးနှင့် မျက်စိမဖွင့်ဘဲ နားထောင်လိုက်သည်။

"ယောက်ျား. . ရှင် ဘယ်တော့ ဆေးရုံလာမှာလဲ ကျွန်မဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မွေးတောင်မွေးပြီးနေပြီ”

“ဟာ. . ဟုတ်လား. . ”

“သမီးလေးက ချစ်စရာလေးတော့”

“ဝမ်းသာလိုက်တာ မိန်းမရာ. . ကိုယ်အခုလာခဲ့မယ်”

သိပ်မဝေးလှသည့် OSC ဆေးရုံသို့ အမြန်ဆုံးပင် ရောက်လာသည်။ ဆေးရုံထဲအဝင်မှာပင် လွန်စွာ့လွန်စွာ ချောမောလှပလွန်းသည့် သူနာပြုဆရာမလေးတစ်ယောက်ကို တွေ့ရလေသည်။

မင်းဦး ထိုရုပါရုံတွင် ငြိတွယ်ပြီး အသိလွတ်သွားကာ မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။ လှလိုက်တာ မိန်းကလေးရယ် မင်းလို မိန်းမလှလေးမျိုးသာ ပိုင်ဆိုင်ခွင့်ရမယ်ဆို ကိုယ်သေပျော်ပါပြီဟု ရေရွတ်ကာ ဆရာမလေးနောက်သို့ တကောက်ကောက် လိုက်ခဲ့၏။ ဒီဆေးရုံကို ဘာကြောင့်ရောက်လာရသလဲဆိုတာပါ မေ့သွားသည်။ ကျဉ်သောခါးနှင့် ကားစွင့်သည့်တင်က လိုက်လျောညီထွေရှိလွန်းသည်။

“တီတလီ. . တီတလီ. . ”

ထိုစဉ် ဖုန်းလာပြန်သည်။ မင်းဦးက ဆရာမလေးထံမှအကြည့်ကိုမလွှဲဘဲ ဖုန်းဖွင့်နားထောင်လိုက်သည်။

“ယောက်ျား. . . ”

နားကွဲလုမတတ် အသံကြီးကြောင့် မင်းဦး အသိပြန်ဝင်လာ၏။ ဒီတော့မှ သမီးလေးမွေးတာ သတိရပြီး မိန်းမရှိရာ စပယ်ရှယ်ခန်းသို့ အပြေးအလွှား တက်လာခဲ့ရ၏။ သမီးငယ်နှင့် မိန်းမမျက်နှာမြင်ရတာတောင် စောစောက ဆရာမလေးကို မေ့မရဖြစ်နေသည်။

နောက်နေ့တွင်လည်း မင်းဦး ထမင်းချိုင့်ဆွဲကာ ဆေးရုံထဲသို့ တက်ကြွစွာ ဝင်လာခဲ့သည်။ သူနာပြုဆရာမလေးကို တွေ့အုံးမလား မျှော်လင့်ချက်ဖြင့် ရှာကြည့်နေသည်။ အဖြူအနီဝတ်လေးတွေ များနေ၍ ရှတ်တရက်ရှာမတွေ့. . ။

သို့သော် သာမန်ထက်ပိုသော အလှပိုင်ရှင် ဆရာမလေးက အများထဲမှာ ထူးခြားထင်ရှားစွာ ပေါ်ထွက်နေ၍ မင်းဦး လိုဘပြည့်သွားသည်။ ထုံးစံအတိုင်း ဆရာမလေးနောက်သို့ မင်းဦး တကောက်ကောက် လိုက်ခဲ့၏။

ဆရာမလေးကလည်း သုံးလွှာအထိ မနားတမ်း လှေကားမှတက်သွား၍ မင်းဦးလည်း တောက်လျှောက်လိုက်ခဲ့သည်။

ဆရာမလေးက စတိုဟု ဆိုင်းဘုတ်တပ်ထားသည့် အခန်းရှေ့တွင်ရပ်ပြီး မင်းဦးအားလှည့်ကြည့်ကာ မျက်စိမှိတ်ပြပြီး အခန်းထဲဝင်သွားသည်။ အခြေအနေ ကောင်းနေပြီဟု သိလိုက်၍ မင်းဦးရင်ထဲ အပျော်တွေ ပေါက်ကွဲသွားသည်။

တတိယထပ်တွင် လူသူကင်းရှင်းနေသည်မို့လည်း မင်းဦးသတ္တိအထူးတလည် မွေးနေစရာမလိုဘဲ အခန်းထဲလိုက်ဝင်လာခဲ့သည်။ အခန်းထဲမှာ ဆရာမလေးက မမှိမကမ်းဆေးပုလင်းတစ်လုံးကို လှမ်းယူကာ ကိုယ်လုံးအလှပြနေ၏။

မင်းဦးအတွေးတွေ ဂလုဂလုမြည်အောင် မျိုချနေရပြီ။

“အဟမ်း. . ”

ချောင်းဟန့်သံပေးပြီး ခေါ်ကြည့်လိုက်ရာ ဆရာမလေး သူ့ကို လှည့်ကြည့်သည်။ သို့သော်. . ဆရာမလေးမဟုတ်တော့. . ။

“ဟင်!. . အမေ”

တမလွန်မှသူ့အဖေကို ပက်ပင်းတွေ့လိုက်ရသဖြင့် မင်းဦး







www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

အဖေက မျက်ထောက်နီကြီးနှင့်ကြည့်ရင်း . .

"မင်းဦး မင်းသောက်ကျင့်တွေ မဖျောက်သေးဘူးလား"

"ဗျာ! . . မ . . မ . . မဟုတ်"

"ဘာမဟုတ်ရမှာလဲ၊ မင်း ဘယ်သူ့နောက်လိုက်နေတာလဲ"

"အဲ . . အဲဒါက . . ဟို . . ဟို"

"ဟိုတွေဒီတွေ လုပ်မနေနဲ့၊ ကျင်စိန်ကို သက်ဆုံးတိုင် ပေါင်းရမယ်လို့ ငါပြောခဲ့ပြီးသား၊ ဒါကို မင်းက အကြိမ်ကြိမ် ဖေါက်ဖျက်ဖို့ကြိုးစားနေတယ်"

"မဟုတ် . . မဟုတ်ရပါဘူး၊ ဆရာမလေးက အဖေနဲ့တူလို့"

"ဟိတ်ကောင် . . တော်၊ ငါ စောင့်ကြည့်နေမှာနော် . . . မဟုတ်ကဟုတ်ကလုပ်လို့က သေဖို့သာပြင် . ."


အဖေ့ အသံနက်ကြီးကြောင့် မင်းဦး ကြက်သီးဖြန်းဖြန်းထသွားသည်။

"ဟုတ် . . ဟုတ်ကဲ့ပါအဖေ၊ သား ကျင်စိန့်ကိုပဲ သေတဲ့အထိ ပေါင်းသွားပါ့မယ်၊ နောက်ဆို ဘယ်မိန်းမမှ မပြစ်မှားတော့ပါဘူးအဖေရဲ့ . . ကြောက်ပါပြီဗျ . ."

မင်းဦးအော်သံက ဆေးရုံထဲပျံ့နှံ့သွားသဖြင့် လူနာတွေ အထိတ်တလန့် ဖြစ်သွားကြလေတော့သတည်း။ ။

ဇေဝတာ





www.burmeseclassic.com